# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


**သနား၊ စာနာ၊ မေတ္တာထား**

မိမိချမ်းသာမှုအတွက် သတ္တဝါတို့အား တုတ်လုံခဲတို့ဖြင့် ရိုက်ပုတ်ညှဉ်းဆဲခြင်းက ချမ်းသာမှုကို မရနိုင်။ ထိုသတ္တဝါတို့ကို မရိုက်ပုတ်၊ မညှဉ်းဆဲခြင်းဖြင့်သာလျှင် တမလွန်ဘဝ၌ ချမ်းသာခြင်းကို ရနိုင်၏။ (သတ္တဝါများအပေါ် သနားခြင်း၊ စာနာခြင်း၊ မေတ္တာထားခြင်းတို့ဖြင့် ဆက်ဆံရာ၏။)

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၃၁)


၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက် | ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၅၉)


# နယ်စပ်ဒေသတစ်လျှောက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ကောင်းမွန်သော ပတ်ဝန်းကျင်ဖန်တီးရေး ဆွေးနွေး

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၇**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကောင်းရှန်ခွင်နှင့်အဖွဲ့အား ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နယ်စပ်ဒေသတစ်လျှောက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ကောင်းမွန်သောပတ်ဝန်းကျင်ဖန်တီးရေး၊ မြန်မာနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြပြီး ဧည့်သည်တော်ဝန်ကြီးက နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးလာရောက်လည်ပတ်နိုင်ပါရန် တရုတ်နိုင်ငံသမ္မတမစ္စတာရှီကျင့်ဖျင်က ဖိတ်ကြားလိုက်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကောင်းရှန်ခွင်နှင့် တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)




**ဆေးပြားထုတ်လုပ်သည့်စက်ရုံ(အင်းစိန်)ကို တွေ့ရစဉ်**

## ဆေးဝါးအတု ထုတ်လုပ်ခြင်းသည် ကျန်းမာရေးနှင့် လူမှုရေး မညီသည့် ရှုထောင့်မှကြည့်ကြည့် သားစဉ်မြေးဆက်ဒုက္ခရောက်နိုင်သည့် လုပ်ငန်းဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၇**

ဆေးဝါးအတုများ၊ သက်တမ်းလွန်ဆေးများ၊ BPI တံဆိပ်အတုမျိုးစုံ စာရွက်များ၊ ဆေးဝါးအတုဖော်စပ်ရာတွင် အသုံးပြုသည့် ဓာတုဗေဒဆေးရည်များ၊ ဆေးဝါးထုပ်ပိုးရာတွင် အသုံးပြုသည့် အိတ်ပိတ်စက်နှင့် ဆေးရေတွက်ရာတွင် အသုံးပြုသည့် ပစ္စည်းများ၊ တံဆိပ်အတု ရိုက်နှိပ်သည့် ပုံနှိပ်စက်၊ စက္ကူဖြတ်စက်နှင့် နဂ္ဂတစ်ဖလင်ပြားများ စုစုပေါင်း ကာလတန်ဖိုးငွေကျပ်သိန်း ၂၈၀၀၀ ကျော်ဖိုးကို သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

သိမ်းဆည်းရမိသည့် ဆေးဝါးများကို BPIဆေးဝါးစက်ရုံနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)သို့ ပေးပို့စိစစ်ခဲ့ရာ သိမ်းဆည်းရမိသည့်ဆေးဝါးများမှာ ဆေးဝါးအတုများနှင့် သက်တမ်းကုန်ပျက်စီးဆေးဝါးများဖြစ်သည်ဟု ဖော်ထုတ်သိရှိရကြောင်း၊ ဆေးဝါးအတုပြုလုပ်သူများက BPI ဆေးဝါးအတုပြုလုပ်၍ BPI ဘူးခွံအတုအတွင်း ထည့်သွင်းပြီး တံဆိပ်အတုများကပ်၍ ပြန်လည်ရောင်းချခြင်း၊ BPI ထုတ်ဆေးဝါးများနှင့်ဆင်တူသော တရုတ်နိုင်ငံထုတ်ဆေးဝါးများကို BPI ဘူးခွံအတုတွင် ထည့်သွင်းပြီး တံဆိပ်အတုများကပ်၍ ပြန်လည်ရောင်းချခြင်း၊ BPI ထုတ် သက်တမ်းလွန်ဆေးများကို သက်တမ်းကုန်ဆုံးရက်ပါသော တံဆိပ်များခွာ၍ သက်တမ်းရှိ BPI တံဆိပ်အတုများကပ်ပြီး ပြန်လည်ရောင်းချခြင်း၊

*စာမျက်နှာ ၄ ကော်လံ ၁ ✻*




မြန်မာ့အလင်း

# တာဝန်သိမှု၊ တာဝန်ခံမှုနှင့် တက်ညီလက်ညီလူ့အဖွဲ့အစည်း

လူ့အခွင့်အရေးချိုးဖောက်မှုကို အကာအကွယ်မပေးသည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့အား ထိရောက်စွာ အရေးယူပေးပါရန် အစိုးရအားတိုက်တွန်းကြောင်း အရေးကြီးအဆိုကို တပ်မတော်သားကိုယ်စားလှယ်များအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံ၍ စက်တင်ဘာ ၂၆ ရက်က ပြည်သူ့လွှတ်တော်တွင် အတည်ပြုခဲ့သည်။

ဤသည်မှာ လူ့အခွင့်အရေးနှင့်ပတ်သက်၍ အစိုးရသစ်လက်ထက်တွင် လွှတ်တော်ကပါ ပါဝင်ပတ်သက်လာရသော ထူးခြားဖြစ်စဉ်တစ်ခုပင်ဖြစ်ပါသည်။ ဤဖြစ်စဉ်မှာ မြန်မာနိုင်ငံအစိုးရ၊ နိုင်ငံရေးအသိုင်းအဝိုင်း၊ လူ့အခွင့်အရေးဆိုင်ရာ လှုပ်ရှားတက်ကြွသူများ အသိုင်းအဝိုင်းသာမက သာမန်ပြည်သူများအထိပါ မကျေနပ်ချက်များ ကျယ်ကျယ်ပြန့်ပြန့် ရိုက်ခတ်သွားခဲ့သော ကိစ္စလည်းဖြစ်ပေသည်။ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ အင်းဝအပ်ချုပ်ဆိုင်တွင် အိမ်အကူမိန်းကလေးနှစ်ဦးအား လူမဆန်စွာ နှိပ်စက်ညှဉ်းပန်းမှုကို တာဝန်သိသတင်းထောက်တစ်ဦးက ဖော်ထုတ်တင်ပြရာမှ ဤဇာတ်လမ်းစတင်လာခြင်းဖြစ်သည်။ နှိပ်စက်ခံရပုံမှာ လွန်လွန်ကျူးကျူးဖြစ်သည့်အပြင် နှစ်နှင့်ချီ၍ကြာမြင့်ခြင်း၊ လုပ်ခလစာမပေးခြင်းအပြင်၊ မိဘများနှင့်ပါ တွေ့ဆုံခွင့်မရအောင် ပိတ်လှောင်ထားခြင်းစသော ရာဇဝတ်မှုမြောက်သည့် ကျူးလွန်မှုများကို တရားမဲ့ လက်ရဲဇက်ရဲ ကျူးလွန်ခဲ့ခြင်းဖြစ်သည်။

လူ့အခွင့်အရေးကော်မရှင်မှ ဤပြဿနာကို ဖြေရှင်းညှိနှိုင်းပေးရာတွင် ဆိုးဆိုးရွားရွားညံ့ဖျင်းလှသည်ဟု လူအများယူဆစရာဖြစ်ခဲ့သည်။ စွပ်စွဲခံရသူများဟာလည်း လူသားတွေဖြစ်တဲ့အတွက် လူသားချင်းစာနာမှုနဲ့ ပြေလည်အောင်ဖြေရှင်းနိုင်ဖို့ လုပ်ဆောင်ပေးခဲ့ရသည်ဟု ဆိုခဲ့သည်။ လူသားချင်းစာနာမှုဆိုသည်မှာ အပြစ်ကျူးလွန်သူကို အပြစ်လျော့အောင် လုပ်ဆောင်ပေးခြင်း မဟုတ်ပေ။ ဤကိစ္စမှာ ကြီးလေးသော ရာဇဝတ်မှုမြောက်နေသည်။ ထို့အတွက် တရားစွဲဆိုရမည်ဖြစ်ပြီး စွဲဆိုစစ်ဆေးချိန်မှာသာ တရားလိုရော တရားစွဲခံရသူကိုပါ လူသားကဲ့သို့ ဆက်ဆံရမှာဖြစ်သည်။ ကျူးလွန်သောပြစ်မှုကို ပြစ်ဒဏ်လျော့သွားအောင် လုပ်ပေးခြင်းသည် လူသားချင်းစာနာမှုမဟုတ်ပေ။ တရားစီရင်မှုကို လွဲချော်အောင်ကြိုးပမ်းမှုသာဖြစ်သည်။

ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် လူ့အခွင့်အရေးကို နားလည်သဘောပေါက်ဖို့လိုသလို၊ လူ့အခွင့်အရေးအတွက် အားကြိုးမာန်တက်လုပ်ဆောင်လိုသော စိတ်ထားပိုင်ရှင်များဖြစ်သင့်ပေသည်။ ကော်မရှင်တွင် တရားစီရင်ပိုင်ခွင့်မရှိဟု ဆိုသော်လည်း အမှုတစ်ခု၏ အတိမ်အနက်ကိုကြည့်ပြီး ကျေအေးသင့်သော အမှုလား၊ ဥပဒေအရမဖြစ်မနေအရေးယူသင့်တဲ့ အမှုလားဆိုတာကို ကော်မရှင်ဝင်များမသုံးသပ်နိုင်ခြင်းအပေါ် ပြည်သူများက ခံစားရခြင်းဖြစ်သည်။

ယခုကိစ္စမှာ တရားမမှုမဟုတ်၊ ကြီးလေးသော ရာဇသတ်ကြီးပုဒ်မများကို ကျူးလွန်သောအမှုဖြစ်သည်။ ဤသည်ကို ကြားရသူတိုင်းက သဘောပေါက်ကြသည်။ ဤဖြစ်ရပ်မှာ မြန်မာနိုင်ငံကလေးသူငယ်ဆိုင်ရာ စာချုပ်ကို ချိုးဖောက်ခြင်းဖြစ်သလို နိုင်ငံတကာကလေးသူငယ်ဆိုင်ရာ စာချုပ်ကို ချိုးဖောက်ခြင်းလည်း ဖြစ်သည်။ ကော်မရှင်ဥပဒေအပိုဒ် (၂၉) တွင် 'ကော်မရှင်သည် သဘာဝတရားမျှတမှု မူသဘောတရားနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ ထို့ပြင် တရားမကျင့်ထုံးများ၊ ရာဇဝတ်ကျင့်ထုံးနှင့် သက်သေခံဥပဒေတို့ပါ သက်ဆိုင်သည့်ပြဋ္ဌာန်းချက်များကို ဆီလျော်သလို ကျင့်သုံးဆောင်ရွက်နိုင်သည်' ဟု ဆိုထားသည်။

ထို့ကြောင့်ပင် ဒေါပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းအောင် (ခ) ဦးပြုံးချို တင်သွင်းသော အရေးကြီးအဆိုကို တပ်မတော်သားကိုယ်စားလှယ်တစ်ဦး အပါအဝင် လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦးက ထောက်ခံဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။ ထို့ပြင် အိမ်အကူမိန်းကလေးနှစ်ဦးအား ညှဉ်းပန်းနှိပ်စက်မှုကို မိမိ၏လုံခြုံရေးနှင့် ကိုယ်ကျိုးကိုမငဲ့ကွက်ဘဲ စုံစမ်းဖော်ထုတ်သတင်းရယူခဲ့မှုအပေါ် နိုင်ငံတော်သမ္မတကြီးက ချီးမြှင့်သောဂုဏ်ပြုလွှာကို Myanmar Now သတင်းဌာနမှ သတင်းထောက်ချုပ် ကိုဆွေဝင်းသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စက်တင်ဘာလ ၂၃ ရက်နေ့က ပေးအပ်ခဲ့သည်။ ဤသည်မှာ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်သောအစိုးရ၏ ဂုဏ်ယူဖွယ်ရာ ဆောင်ရွက်ချက်တစ်ရပ်အဖြစ် ရှုမြင်ရခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အလားတူဖြစ်ရပ်မျိုးများစွာရှိခဲ့သည်။ ယခု လူ့အခွင့်အရေးထိန်းသိမ်းကာကွယ်မှုခြေလှမ်းများမှာ ပြည်သူတစ်ဦးချင်း၏ စုပေါင်းပါဝင်မှုများနှင့်အတူ အလေးထားခံရသော အခြေအနေသို့ ရောက်လာသည်။ တာဝန်သိမှု၊ တာဝန်ခံမှုနှင့် တာဝန်ယူမှုရှိသော လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရာတွင် ကိုဆွေဝင်းကဲ့သို့ ပုဂ္ဂိုလ်များ လိုအပ်သလို နိုင်ငံတော်အစိုးရနှင့် လွှတ်တော်တို့ကလည်း ပြည်သူကို ကိုယ်စားပြုသော ဆောင်ရွက်ချက်များကို လက်မနှေးဘဲဆောင်ရွက်ခြင်းဖြင့် တက်ညီလက်ညီရှိသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း တင်ပြရပါသည်။ ။



## လူငယ်မူဝါဒ ပူးပေါင်းရေးဆွဲလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံလူငယ်မူဝါဒ ပေါ်ပေါက်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူငယ်များနှင့်ပူးပေါင်း ရေးဆွဲလျက်ရှိသည်။ မြန်မာနိုင်ငံ လူငယ်မူဝါဒတွင် လူငယ်များကိုယ်တိုင်ပါဝင်နိုင်ရေးအတွက် လူငယ်ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရန်နှင့် လူငယ်များ၏အသံများပါဝင်စေရန်အတွက် လူငယ်မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ၊ စစ်တမ်းကောက်ယူမှုများ၊ လူငယ်ဖိုရမ်များကို လူငယ်များက တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ လူငယ်မူဝါဒပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များအားလုံးက ပူးပေါင်းပါဝင်ပေးပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**(သတင်းစဉ်)**

## အထပ်မြင့်တိုက်ဆောက်လုပ်ရေးလုပ်ငန်းခွင်အချို့တွင် လုံခြုံမှုအစီအမံရှိရန်လိုအပ်နေ

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်မြို့တွင် အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းခွင်အချို့တွင် လုပ်ငန်းခွင်အတွင်း လုပ်ကိုင်သူများအတွက် လုံခြုံမှုအစီအမံများ အားနည်းနေသည်ကို မြင်တွေ့နေရဆဲဖြစ်သည်။

အဆိုပါလုပ်ငန်းခွင်တိုင်းတွင် သတိပေးဗီနိုင်းစာတန်းအနီများ ချိတ်ဆွဲထားလေ့ရှိပြီး လုပ်ငန်းခွင်အတွင်းတွင်မှ လုပ်ငန်းလုပ်ကိုင်သည့် အလုပ်သမားများအပေါ် လုပ်ငန်းခွင်အတွင်းထားရှိကျင့်သုံးရမည့် စီမံထားမှုများမှာ အားနည်းနေတတ်သဖြင့် လုပ်ငန်းခွင်အချို့တွင် လုပ်သားအချို့ ထိခိုက်မှု အန္တရာယ်ကြုံတွေ့နေရာ အချို့သောဖြစ်စဉ်များတွင် အသက်သေဆုံးသည်အထိ ဖြစ်ပေါ်တတ်ကြောင်း သိရသည်။



ပြည်ပရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်များနှင့် နှိုင်းယှဉ်၍ လုပ်ငန်းခွင်အတွင်း ဝင်ရောက်လုပ်ကိုင်သူများအနေဖြင့် လုပ်ငန်းခွင်အကာအကွယ် အပြည့်အစုံဖြင့် လုပ်ကိုင်သင့်ပြီး အထူးသဖြင့် အထပ်မြင့်များတွင် လုပ်ငန်းခွင်ရှိလုပ်သားများ လုပ်ငန်းခွင်အတွင်း မတော်တဆလိမ့်ကျမှု အန္တရာယ်ကာကွယ်ရန် အစီအမံများထားရှိသင့်သည်ဟု အဆိုပါလမ်းဆုံအနီးရှိ ဒေသခံတစ်ဦးက ပြောသည်။

ယင်းသို့သော လုပ်ငန်းခွင်မျိုးတွင် မြေပြင်အနေအထားအရ ရေရှည်အချိန်ကာလကျမှ ကျန်းမာရေးထိခိုက်မှုကြုံတွေ့ရမည်ဖြစ်၍ လတ်တလော လုပ်ငန်းခွင်သုံးအကာအကွယ်များ အပြည့်အစုံသုံးစွဲမှုမရှိခြင်းဖြစ်သည်။ သို့သော် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် လုပ်ငန်းခွင်သုံး အကာအကွယ်နှင့် စီမံထားရှိမှုအားနည်းပါက လက်တွေ့လုပ်ငန်းခွင်ဝင်အလုပ်သမားများ အချိန်မရွေးထိခိုက်ခံစားရနိုင်သည်ဖြစ်ရာ ဆောက်လုပ်ရေးလုပ်ငန်းခွင်တိုင်းတွင် သတိပေးဗီနိုင်းစာတန်းနီပါ စာသားများအတိုင်း လုံလောက်သော လုပ်ငန်းခွင်လုံခြုံရေးအတွက် စီမံထားရှိမှု အပြည့်အဝရှိသင့်ကြောင်း ဆောက်လုပ်ရေးလုပ်သားတစ်ဦးက ပြောသည်။

**ခင်ဆိုင်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၇-၉-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၄၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၇၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၆၀/၅၈၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၄၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၉၄.၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၁.၄၆ |
| ထိုင်း | တစ်ဘတ် | ၃၅.၈၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၅၉ |
| တရုတ် | တစ်ယွမ် | ၁၈၅.၉၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၄၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဘက်စုံရေအရင်းအမြစ် စီမံခန့်ခွဲရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၇**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် နယ်သာလန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ရေ အရင်းအမြစ်ရေးရာ အထူးသံတမန် Mr. Henk Ovink နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဘက်စုံရေအရင်းအမြစ် စီမံခန့်ခွဲရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်း၊ ဦးကျော်မျိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နယ်သာလန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ရေ အရင်းအမြစ်ရေးရာ အထူးသံတမန် Mr. Henk Ovink နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်**
(သတင်းစဉ်)

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တည်ထောင်ခြင်း (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၇**

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်တည်ထောင်ခြင်း (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက သူရဦးတင်ဦးက ခက်ခဲကြမ်းတမ်းသည့် ၂၈ နှစ်တာကာလအတွင်း မိမိတို့ ပါတီဝင်များနှင့် ပြည်သူလူထုသည် အခြေအနေကို တည်တည်ငြိမ်ငြိမ် ကြံ့ကြံ့ခံ ရပ်တည်ရင်း အကဲဖြတ်ခဲ့ကြပြီး အခြေခံအပြောင်းအလဲများနှင့် အသွင်ကူးပြောင်းမှုများ မလွဲမသွေ ပြုလုပ်ရန် အင်အားနှင့် သတ္တိကို ရှာဖွေတွေ့ရှိခဲ့ကြပြီး ဖြစ်ပါကြောင်း။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံတော်၏ လက်တွေ့ပကတိတရားဖြစ်သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနှင့် ငြိမ်းချမ်းရေးကို အဓိကဦးတည်ချက်ထားပြီး ဆောင်ရွက်နေပါကြောင်း၊ အာဏာနှင့်အကျိုးစီးပွားခုံမင်တပ်မက်မှုအပေါ် မေတ္တာတရားက ကျော်လွှားနိုင်သည့်အချိန်တွင် မြန်မာနိုင်ငံ၏ နာတာရှည်လက်နက်ကိုင်ပဋိပက္ခနှင့် ငြိမ်းချမ်းရေးကို သိနားလည်ကြမည်ဆိုသည့် မှန်မြတ်သောရည်ရွယ်ချက်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံကို ကျင်းပနေခြင်း ဖြစ်ပါကြောင်း၊ ဂုဏ်သိက္ခာနှင့် တရားမျှတမှု၊ လွတ်လပ်မှုနှင့် တန်းတူညီမျှမှု၊ အပြန်အလှန် အသိအမှတ်ပြုလေးစားမှုနှင့် သွေးစည်းညီညွတ်မှုများသည် (၂၁) ရာစုပင်လုံညီလာခံ၏ ပုံရိပ်များဖြစ်ပါကြောင်း။

မိမိတို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည်လည်း အဖွဲ့ချုပ်၏ ပဓာနမူဝါဒဖြစ်သည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အခြေခံသော ညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ပေါ်ထွန်းရေးအတွက် ဦးလည်မသုန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြပါဟု အဓိဋ္ဌာန်ပြုတိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တည်ထောင်ခြင်း (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ ကြေညာချက်ကို ဒေါက်တာမျိုးညွန့်က ဖတ်ကြားသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တည်ထောင်ခြင်း (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များကလည်း ဂုဏ်ပြုသဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် ပါတီဝင်များ၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ယနေ့ ပြုလုပ်သည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်တည်ထောင်ခြင်း (၂၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ကြေညာချက်ကို ထုတ်ပြန်ခဲ့ရာ ငြိမ်းချမ်းရေးသည် ယဉ်ကျေးသော လူ့အဖွဲ့အစည်း၏ အမြင့်ဆုံး နှုန်းစံတန်ဖိုး၊ ချစ်ခြင်းမေတ္တာနှင့် ဉာဏ်ပညာသည် လူ့ယဉ်ကျေးမှု၊ လူ့အခွင့်အရေးသည် လူ့ယဉ်ကျေးမှုအဖြစ် လေးနက်စွာခံယူရင်း လွတ်လပ်မှု၊ ချမ်းသာကြွယ်ဝမှု၊ ဂုဏ်သိက္ခာရှိမှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုရှိသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်သစ်ကို လက်တွဲညီညီ တည်ဆောက်ကြပါ” ဟု ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**




**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တည်ထောင်ခြင်း (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်**

# အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၇**

အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ယနေ့စတင်ကျင်းပသည်။ **(ဝဲပုံ)**

မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်က ဖိုရမ်၏အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး နှစ်ပတ်လည်အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့မှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဖိုရမ်၏ အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေး၊ ၂၀၁၇-၂၀၂၁ အတွက် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်၏ မဟာဗျူဟာကို ချမှတ်အကောင်အထည်ဖော်ရေး၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ၊ သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြပြီး အစည်းအဝေးအပြီးတွင် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာကိစ္စနှင့် စပ်လျဉ်းသည့် ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်မည်ဖြစ်သည်။

(၁၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး အပြီးတွင် ဖိုရမ်၏ လက်ရှိဥက္ကဋ္ဌ တာဝန်ယူထားသည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဖိလစ်ပိုင်နိုင်ငံ အမျိုးသားလူ့အခွင့် အရေးကော်မရှင်ထံသို့ ဖိုရမ်ဥက္ကဋ္ဌ တာဝန်လွှဲပြောင်းပေးမည်ဖြစ်သည်။

အစည်းအဝေးကို စက်တင်ဘာ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

*✻ ရှေ့စာမျက်နှာမှ*

MPF (ပြင်ဦးလွင်) နှင့် YPF (မှော်ဘီ) တို့မှ ထုတ်လုပ်သော ဆေးဝါးများကို BPI ဘူးခွံအတုများတွင် ထည့်သွင်းပြီး တံဆိပ်အတုများကပ်၍ ပြန်လည်ရောင်းချခြင်းနှင့် ဆေးဝါးအတု လက်ဝယ်ထားရှိခြင်း၊ ပြုလုပ်ခြင်း၊ ဖြန့်ဖြူးခြင်းများ ဆောင်ရွက်သည့် ပြစ်မှုများနှင့် ပတ်သက်ဆက်စပ်သူ ၁၄ ဦးကို သက်ဆိုင်ရာ နယ်မြေရဲတပ်ဖွဲ့စခန်းများတွင် ၁၉၉၂ ခုနှစ် အမျိုးသားဆေးဝါး ဥပဒေပုဒ်မ ၁၈၊ ရာဇသတ်ကြီးပုဒ်မ ၁၀၉ အရ အမှုဖွင့်လှစ် ဖမ်းဆီးအရေးယူထားပြီးဖြစ်ကြောင်း ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် စက်မှုဝန်ကြီးဌာနဝန်ကြီးရုံး၌ ပြုလုပ်သည့် စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ဆေးဝါးစက်ရုံ (အင်းစိန်) BPI မှ ထုတ်လုပ်သည့် ဆေးဝါးများကို အတုပြုလုပ်၍ ရောင်းချဖြန့်ဖြူးနေသဖြင့် စက်မှုဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ ဖော်ထုတ်အရေးယူမှုနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားချက်များအရ သိရှိရသည်။

ဖြစ်စဉ်မှာ စက်မှုဝန်ကြီးဌာနက BPI ဆေးဝါးအတုများ ဈေးကွက်တွင် ပေါ်ထွက်လာသည့်သတင်းကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ကြောင်း၊ အဆိုပါကိစ္စကို စုံစမ်းစစ်ဆေးဖော်ထုတ်ရန် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနအား ဆက်လက် တာဝန်ပေးအပ်ခဲ့ကြောင်း၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနက သတင်းနှင့်ပတ်သက်၍ ဆေးဆိုင်များ၊ ဆေးသိုလှောင်ရုံများကို လေ့လာစောင့်ကြည့်ခြင်း၊ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းခြင်းများ ပြုလုပ်ပြီး ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁၂ ရက်အထိ နေရာ ၁၁ နေရာရှိ ဆေးဆိုင်နှင့် သိုလှောင်ရုံ ၂၂ နေရာကို စီးနင်းရှာဖွေခြင်း ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ပြည်သူလူထုနှင့် လူသားထုတစ်ရပ်လုံးကို သားစဉ်မြေးဆက် ဒုက္ခပေးနိုင်မည့် အလွန်အန္တရာယ်များသော ဆေးဝါးအတုလုပ်ငန်းသည် ဒုက္ခရောက်သူကို ပိုပြီးဒုက္ခရောက်စေပါကြောင်း၊ မည်သည့်ရှုထောင့်မှကြည့်ကြည့် လုံးဝခွင့်မလွှတ်နိုင်သော လုပ်ငန်းမျိုးကို ရပ်တန့်မှုရပ်ပြီး စစ်မှန်သော ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းကို မိမိတို့နှင့်အတူ လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်ကို အသိပေးတင်ပြချင်ပါကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဆေးဝါးအတုအပ လုပ်ငန်းကို ဖော်ထုတ်အရေးယူပြီး ရှေ့ဆက်မှန်ကန်သည့် လုပ်ငန်းဖြစ်ရန် ယခုကဲ့သို့ ရှင်းလင်းတင်ပြခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံ့အကြီးအကဲများကလည်း သေသေချာချာ တိတိကျကျ ပြည်သူလူထုဘက်မှ ရပ်တည်ရန် မှာကြားသည့်အတွက် မိမိတို့အနေဖြင့် လွန်ခဲ့သော နှစ်လက စတင်ပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးနှင့် လူသားများအတွက် အစဉ်အမြဲ နှောင့်ယှက်ပေးနေသည့် ဆေးဝါးအတုအပ လုပ်ငန်းများကို ရပ်တန့်ကရပ်၍ တရားနည်းလမ်းတကျ ဆေးဝါးထုတ်မှုများကို အားပေးအားမြှောက်ပြုနိုင်ရန် ယခုကဲ့သို့ စီစဉ်ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည်ကို ယနေ့မှစ၍ အပြီးသတ်ချေမှုန်းပြီး ထိုက်သင့်သော အရေးယူမှုများကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယခုဖြစ်စဉ်နှင့် စပ်လျဉ်း၍ ဆက်စပ်ဝန်ကြီးဌာနများနှင့် သတင်းမီဒီယာများမှ ပူးပေါင်းဆောင်ရွက်ပါက ပြည်သူများအနေဖြင့် ဆေးဝါးအတု ပြဿနာကို သိရှိသွားမည်ဖြစ်ပါကြောင်း၊ ဆေးဝါးအတု ထုတ်လုပ်ခြင်းသည် ကျန်းမာရေးနှင့် လူမှုရေး မည်သည့်ရှုထောင့်မှ ကြည့်ကြည့် သားစဉ်မြေးဆက် ဒုက္ခရောက်နိုင်သည့်လုပ်ငန်းနှင့် အသက်အန္တရာယ် ထိပါးနိုင်သည့် လုပ်ငန်းဖြစ်သောကြောင့် အစိုးရသစ်အနေဖြင့် လုံးဝခွင့်လွှတ်သွားမည် မဟုတ်ပါကြောင်း၊ အရေးယူမှုများကိုလည်း ယခုစတင်၍ ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ ဆေးဝါးတုပမှုကြောင့် ပြည်သူများ မည်မျှ ဒုက္ခရောက်သည်ကို ထဲထဲဝင်ဝင် သိရှိသည့်အတွက် ယခုကဲ့သို့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ ကောင်းရန်အတွက် ဘာမဆို ရပ်တည်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားသည်။



ထုတ်လုပ်သည့်ဆေးဝါးများ အရည်အသွေးပြည့်မီရန် ဓာတ်ခွဲစမ်းသပ်နေမှုကို တွေ့ရစဉ်

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဆေးဝါးအတုများ၊ သက်တမ်းလွန်ဆေးဝါးများကို မသမာသူများက ပြုလုပ်ဖြန့်ဖြူးရောင်းချနေမှုအပေါ် ပြည်သူများအနေဖြင့် ဆေးဝါးအတုမှန်းမသိဘဲ ဝယ်ယူသုံးစွဲမိပါက အန္တရာယ်ဖြစ်စေနိုင်သည့်အတွက် မှုခင်းတွင် ပါဝင်ပတ်သက်ဆက်နွှယ်သူများ၊ အမှုနှင့်ပတ်သက်သည့် ကွင်းဆက်တရားခံများကို ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူသွားမည် ဖြစ်ပါကြောင်း၊ ထို့အပြင် ဆေးဝါးအတုများ တစ်ဆင့်ဝယ်ယူ ရောင်းချသူများကို စစ်ဆေးဖော်ထုတ် အရေးယူနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စက်မှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က ဆေးဝါးအမယ်သစ်များ တိုးချဲ့ထုတ်လုပ်သွားရန်အတွက် ဈေးကွက်သုတေသန ပြုလုပ်စဉ် ဈေးကွက်အတွင်း မသင်္ကာဖွယ် ဆေးဝါးအတုများကို သတိပြုမိခဲ့ကြောင်း၊ ဆက်လက်စုံစမ်းလေ့လာခဲ့ရာမှ BPI စက်ရုံထုတ် ဆေးဝါးများကို အတုအပပြုလုပ်ပြီး ဖြန့်ဖြူးရောင်းချနေသည်ကို အထင်အရှားသိရှိရသည့်အတွက် ဩဂုတ်၃၁ ရက်မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဗိုလ်ချုပ်ဈေးနှင့် ရွှေပြည့်စုံဈေးတို့တွင် မသင်္ကာဖွယ်ဆေးဝါးအတုများကို ဖမ်းဆီးခဲ့ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

BPI စက်ရုံမှ ထုတ်လုပ်သော ဆေးဝါးများကို တုပခြင်းမှ ကာကွယ်နိုင်ရန်အတွက် အောက်တိုဘာ ၁ ရက်မှစ၍ BPI အသားတံဆိပ်ပါ ဆေးဝါးအဖုံး၊ ဘူးခွံနှင့် Top Seal များဖြင့် ထုတ်လုပ်ခြင်း၊ BPI စက်ရုံမှ ထုတ်လုပ်သော ဆေးပြားများတွင် BPI အသားတံဆိပ် ရိုက်နှိပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အရွယ်အစားအရ သို့မဟုတ် ဆေးမျက်နှာပြင် အခြေအနေအရ BPI အသားတံဆိပ်ရိုက်နှိပ်ရန် ခက်ခဲသည့် ဆေးပြားများကို Film Coating ဖြင့် ထုတ်လုပ်၍ Bilster ထုတ်လုပ်မှု ပုံစံဖြင့် စီမံဆောင်ရွက်လျက်ရှိခြင်း၊ BPI စက်ရုံမှ ထုတ်လုပ်သည့် ထိုးဆေးများကို ထုပ်ပိုးမှုပုံစံအသစ် Printed Box with Plastic Tray များဖြင့် ပြောင်းလဲထုတ်လုပ်နေခြင်း၊ BPI စက်ရုံမှ ထုတ်လုပ်လျက်ရှိသည့် ဆေးပြား ၃၁ မျိုးကို Blister ထုပ်ပိုးမှုပုံစံဖြင့် ထုတ်လုပ်ခြင်း၊ Cal-D Glucose ကို အတုအပကင်းဝေးစေရန် ထုပ်ပိုးမှုပုံစံအသစ်ဖြင့် ထုတ်လုပ်ခြင်း၊ Market Surveillance Team ကို ဖွဲ့စည်းပြီး ဈေးကွက်အတွင်း ဆေးဝါးအတုအပများ ရှိ၊ မရှိ စဉ်ဆက်မပြတ် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စက်ရုံမှူး ဦးကိုကိုအောင်က ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်နှင့် တာဝန်ရှိသူများက တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားသည်။

ဆေးဝါးထုတ်လုပ် ဖြန့်ဖြူးနေမှုများနှင့်ပတ်သက်၍ ဆေးဝါးစက်ရုံမှ ထုတ်လုပ်သည့် ဆေးဝါးများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့ကို အဓိကဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း၊ ပိုလျှံသည့် ဆေးဝါးများကို ၂၀၁၄ ခုနှစ်အထိ တစ်ဦးတည်း အရောင်းကိုယ်စားလှယ်ဖြင့် ရောင်းချခဲ့ပါကြောင်း၊ ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် အရောင်းကိုယ်စားလှယ် သုံးဦးဖြင့် တိုးမြှင့်ရောင်းချခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ပြည်သူများထံ သက်သာသောနှုန်းဖြင့် ပျံ့ပျံ့နှံ့နှံ့ရောက်ရှိအောင် အရောင်းကိုယ်စားလှယ်များကို တင်ဒါခေါ်ယူခဲ့ပါကြောင်း၊ တင်ဒါလျှောက်ထားသူ ၁၀ ဦးကို စနစ်တကျစိစစ်ရွေးချယ်၍ အရောင်းကိုယ်စားလှယ် ငါးဦးကို ရွေးချယ်ခဲ့ပါကြောင်း၊ ယခု ရွေးချယ်ခဲ့သည့် အရောင်းကိုယ်စားလှယ်များကို ဝန်ကြီးဌာနက အမြဲမပြတ်စောင့်ကြည့်နေမည် ဖြစ်ပါကြောင်း၊ သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများ မကိုက်ညီပါက အရောင်းကိုယ်စားလှယ် အဖြစ်မှ ပြန်လည်ရုပ်သိမ်းသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆေးဝါးများ ဖမ်းဆီးရရှိမှုနှင့် ပတ်သက်သည့် မေးခွန်းကို ဖြေကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးရှိ ဗိုလ်ချုပ်ဈေးနှင့် ရွှေပြည့်စုံဈေးတို့မှ မသင်္ကာဖွယ် ဆေးဝါးအတုများကို ဖမ်းဆီးခဲ့ရာတွင် ဆေးပြား ၂၉ မျိုး၊ ဆေးဆီ／ဆေးရည်／ဆေးမှုန့် ခြောက်မျိုး၊ လိမ်းဆေးရည် လေးမျိုး၊ ဆေးမှုန့် တစ်မျိုးနှင့် ထိုးဆေး လေးမျိုး စုစုပေါင်း ဆေးဝါးအတု ၄၄ မျိုး၊ ဆေးပြားတံဆိပ်အတု ရှစ်မျိုး၊ လိမ်းဆေးတံဆိပ်အတု နှစ်မျိုးနှင့် ထိုးဆေးတံဆိပ်အတု ရှစ်မျိုး စုစုပေါင်းတံဆိပ်အတု ၁၈ မျိုး၊ သက်တမ်းလွန်ဆေးဝါး ၉၈ မျိုးနှင့် သံသယဖြစ်ဖွယ် ဆေးဝါး ၂၁ မျိုးတို့ သိုလှောင်ထားခြင်း၊ ဆေးဝါးတံဆိပ်အတုများ ပြုလုပ်ရာတွင် အသုံးပြုသော ဖလင်ပြားများနှင့် ဆေးဝါးအတု ပြုလုပ်ရာတွင် အသုံးပြုသော ကုန်ကြမ်းများဖြစ်သည့် Gripe Mixture သောက်ဆေးရည်အတု၊ Glucose ဆေးမှုန့်အတုနှင့် အရက်ပြင်းများ အပါအဝင် စုစုပေါင်း တန်ဖိုး ငွေကျပ် ၂ ဒသမ ၈၀၇ ဘီလီယံ သိမ်းဆည်းရမိပါကြောင်း၊ ဆေးဝါးအတု ပြုလုပ်ရောင်းချသူ ခုနစ်ဦး၊ ဆေးဝါးအတုပြုလုပ်သူ လေးဦး၊ တံဆိပ်အတု ပြုလုပ်သူ နှစ်ဦးနှင့် သက်တမ်းလွန် ဆေးဝါးသိုလှောင်ထားရှိသူ တစ်ဦး စုစုပေါင်း ၁၄ ဦးကို ဖမ်းဆီးရမိခဲ့ပါကြောင်း ဖြေကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၁ သို့*

**ဆေးဝါးအတု ဖော်ထုတ်ဖမ်းဆီး ရရှိခဲ့မှု အခြေအနေ**

| စဉ် | ဆေးဆိုင်အမည် | စမ်းသပ်ဆေးဝါး/ တံဆိပ် | ဆေးဝါး/ တံဆိပ်အတု | သက်တမ်းလွန် ဆေးဝါး | မှတ်ချက် |
|---|---|---|---|---|---|
| (က) | လောကချမ်းသာ | (၇၄) မျိုး | (၆၅) မျိုး | (၆) မျိုး | ဆေးအတု ရောင်း/ဝယ်သည့် ဆေးဆိုင်များ (၇) ဦး |
| (ခ) | ကျော်ဦး/ ဇော်ဦး ဆေးဆိုင် (၄၀၄/ ၄၀၅) | (၉) မျိုး | (၈) မျိုး | (၁) မျိုး | |
| (ဂ) | ဂင်္ဂနိုင် ဆေးဆိုင် | (၂၂) မျိုး | (၁၁) မျိုး | (၁၁) မျိုး | |
| (ဃ) | ချမ်းမြေ့ပြည့်စုံ | (၉) မျိုး | (၈) မျိုး | (၁) မျိုး | |
| (င) | ကိုမျိုးဝင်း ဆေးဆိုင် | (၃) မျိုး | (၃) မျိုး | | |
| (စ) | ဦးကျော်ကျော်ဝင်း | (၄) မျိုး | (၄) မျိုး | | |
| (ဆ) | ဦးမျိုးသန့် ဆေးဆိုင် | (၃၀) မျိုး | (၂၀) မျိုး | (၁) မျိုး | |
| (ဇ) | ဦးအောင်သန်းထွန်း | (၃၃) မျိုး | (၂၉) မျိုး | | ဆေးအတု ပြုလုပ်/ ရောင်းချ ဖြန့်ဖြူးသူများ (၄) ဦး |
| (ဈ) | ဦးစန်းညွှန့်ဦး | (၁၀) မျိုး | (၆) မျိုး | | |
| (ည) | ဒေါ်စိုးစိုးဝေ | (၃၉) မျိုး | (၃၀) မျိုး | | |
| (ဋ) | ဦးဝင်းမင်းအောင် (ခ) ဘဲဥ | (၁) မျိုး | (၁) မျိုး | | |
| (ဌ) | ဘိုးတော်စိုးဝင်း (ခ) ကျော်ဝင်း | (၃၄) မျိုး | (၃၄) မျိုး | | ဆေးဝါးတံဆိပ် အတုပြုလုပ် ရောင်းချသူများ (၂) ဦး |
| (ဍ) | ဦးထွန်းထွန်းဝင်း | | | ဆေးတံဆိပ်အတု ပြုလုပ်သည့် ဖလင်ပြား (၅၄) မျိုး | |
| (ဎ) | ရွှေစကား | | | (၉၈) မျိုး | သက်တမ်းလွန် ဆေးဝါးများကို ခွင့်ပြုချက်မဲ့ သိုလှောင်ထားသူ |

စုစုပေါင်း ဆေးဝါးအတု အမျိုးအစား ( ၄၄ ) မျိုး၊ အရေအတွက် ( ၄၆၀ ) ခန့်
စုစုပေါင်း ခန့်မှန်းတန်ဖိုး ( ၂ ဒသမ ၈၀၇ ) ဘီလီယံကျပ်

**ဖမ်းဆီးရမိသော ဆေးဝါးအတုများ နှင့် တံဆိပ်အတုများ**

**ဆေးဝါးအတု(၄၄)မျိုး**

ဆေးပြား (၂၉) မျိုး
1. Allopurinol Tablet
2. Aminophylline Tablet
3. Amoxicillin Capsule
4. Ampicillin Capsule
5. Antichol Tablet
6. Behexavit Tablet
7. Bevit Tablet
8. Burmeton Tablet
9. Buspro Tablet
10. Burplex Tablet
11. Cevit Tablet
12. Co-trimoxazole Tablet
13. Cough Tablet
14. Cream of Magnesia Tablet
15. Dexamethasone Tablet
16. Digoxin Tablet
17. Diruton Tablet
18. Ergometrine Tablet
19. Folic Tablet
20. Frusemide Tablet
21. Furamin BC Tablet
22. Paracetamol Tablet
23. Penicillin V Tablet
24. Prednisolone Tablet
25. Ribovit Tablet
26. Rifampicin Capsule
27. Sodamint Tablet
28. Tiovit Tablet
29. Vitazone Tablet

ဆေးဆီ/ဆေးရည် (၆) မျိုး
1. Burplex Elixir
2. Gripe Mixture
3. Vitazone Elixir
4. Aseptol
5. Lycresol
6. Methylated Spirit

လိမ်းဆေးရည် (၄) မျိုး
1. Burscabe Lotion
2. Mezincal Lotion
3. Repito Lotion
4. Taw Shauk Lotion

ဆေးမှုန့် (၁) မျိုး
1. Cal-D Glucose

ထိုးဆေး (၄) မျိုး
1. Burplex Fort Injection
2. Burplex I.V Injection
3. Calcium Gluconate Injection
4. Quinine Dihydrochloride Inj:

**တံဆိပ်အတု(၁၈)မျိုး**

ဆေးပြားတံဆိပ်(၈)မျိုး
1. Metronidazole Tablet
2. Gelmag Tablet
3. K-Vit Tablet
4. Ferrous Sulfate Tablet
5. Isoniazid Tablet
6. Cold Tablet
7. Chloramphenicol Capsule
8. Tetracyeline Capsule

လိမ်းဆေးတံဆိပ်(၂)မျိုး
1. Burodine
2. Cardamide Drop

ထိုးဆေးတံဆိပ်(၈)မျိုး
1. Adrenaline Injection
2. Burmeton Injection
3. Dextrose 50% Injection
4. Benzyl Penicillin Injection
5. Procaine Penicillin Injection
6. Magnesiun Sulphate Injection
7. Potassium Chloride Injection
8. Testoron Injection

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

## အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်အားတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၇**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO) ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Greg Vines နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) ဒုတိယညွှန်ကြားရေးမှူးချုပ်အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

---

*✻ ကျော့ဖုံးမှ*

ယနေ့ နိုင်ငံအချို့တွင်အသုံးပြုနေသော Open Dumping ဖြစ်သည့် ကျင်းတူး စုပုံ စွန့်ပစ်ထားခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေပြီး အနံ့အသက်ကြောင့် လေထုအတွင်း ရောဂါပျံ့ပွားစေသည့်အပြင် သောက်သုံးရေနှင့် မြေပြင်ပေါ်ရှိ ရေအရည်အသွေးကိုလည်း ခြိမ်းခြောက်လျက်ရှိနေသည်။

ရန်ကုန်မြို့ရှိ စွန့်ပစ်အမှိုက်မှ စွမ်းအင်ထုတ်လုပ်မည့်စက်ရုံသည် စွန့်ပစ်အမှိုက်ပမာဏ၏ ၉၀ ရာခိုင်နှုန်းခန့်ကို လျှော့ချပေးနိုင်ပြီး ကျင်းတူး စွန့်ပစ်နေသည့် အနီးဝန်းကျင်နှင့် ကျန်းမာရေးပိုင်းဆိုင်ရာကိုလည်း ပို၍ကောင်းမွန်လာစေရန် အကျိုးပြုစေမည်ဖြစ်သည်။ ထို့အပြင် လောင်ကျွမ်း ရှင်းလင်းသည့်စနစ်သည် အမှိုက်ကို လောင်စာအဖြစ်အသုံးပြုပြီး တည်ငြိမ်သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ရရှိသည့်အတွက် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျော့ကျစေမည်ဖြစ်သည်။

အမှိုက်စွမ်းအင် စက်ရုံတည်ဆောက်နေသော စက်ရုံဝင်းအတွင်း ဂျပန်နိုင်ငံမှပညာရှင်များက ကြီးကြပ်လျက်ရှိကာ မြင့်မားသည့် အဆောက်အအုံကြီးကို ကရိန်းယာဉ်ဖြင့် တည်ဆောက်တပ်ဆင်လျက်ရှိသည်။ JFE Engineering Corporation မှ Project Manager Mr.Tsutomu Oyama က တည်ဆောက်နေသောစက်ရုံနှင့် ပတ်သက်၍ မြန်မာလူမျိုးများအားလုံးမဆုတ်မနစ်ဖြင့် တစ်ပြိုင်တည်း တစိုက်မတ်မတ်ကြိုးစားမယ်ဆိုလျှင် ဂျပန်နိုင်ငံကဲ့သို့ အောင်မြင်လာမည် ဖြစ်ကြောင်း၊ မိမိအမြင်ဖြင့်ပြောရလျှင် စွမ်းအင်တစ်ခု တည်းမဟုတ်ဘဲ သယ်ယူပို့ဆောင်ရေး၊ လမ်းတံတားတည်ဆောက်မှုနှင့် ဆောက်လုပ်ရေးကဏ္ဍတို့တွင် တစ်ပြိုင်တည်း တိုးတက်ရန်လိုကြောင်း၊ လျှပ်စစ်စွမ်းအင်လိုအပ်ချက်မှာ တစ်ခုတည်းသော အဖြေမဟုတ်ဘဲ ဘက်ပေါင်းစုံမှ အရှိန်အဟုန်ဖြင့် တိုးတက်လာရန် လိုအပ်ကြောင်း၊ ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်အပြီး ပထမ ၁၀ နှစ်က ကြိုးစားရုန်းကန်မှုကြောင့် အနည်းငယ်တိုးတက်ခဲ့ပြီး နောင် ၁၀ နှစ်၌ အရှိန်ရလာကာ နောက်ထပ် ၁၀ နှစ်တွင် နိုင်ငံတည်ငြိမ်မှုကို ရရှိခဲ့ကြောင်း၊ ရေနီးသောနေရာတွင် ရေအားလျှပ်စစ်စက်ရုံ လိုအပ်သကဲ့သို့ လူစည်ကားသောမြို့ပြတို့တွင် အမှိုက်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်သောစက်ရုံလည်း လိုအပ်ကြောင်း၊ ယခု စက်ရုံမှ တန်ဖိုးမဖြတ်နိုင်သော နည်းပညာနှင့် အတွေ့အကြုံများကို ရရှိလာမည်ဖြစ်ကြောင်း၊ နည်းပညာသည် တစ်ဆင့်ချင်း လုပ်ကိုင်ဆောင်ရွက်ရသကဲ့သို့ အခြေအနေအရ နည်းပညာကို ခုန်ပျံကျော်လွှားလုပ်ဆောင်ရပါက အစပိုင်းတွင် အခက်အခဲရှိနိုင်သော်လည်း စဉ်ဆက်မပြတ် လုပ်ဆောင်သွားမည်ဆိုပါက တန်ဖိုးရှိသော အတွေ့အကြုံကောင်းများကို ရရှိစေမည်ဖြစ်ကြောင်း မှဒိတာစကား ပြောကြားသည်။



Mr.Tsutomu Oyama

ဂျပန်နိုင်ငံတွင် JFE မှ ဆောက်လုပ်သော စွန့်ပစ်အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့် စက်ရုံပေါင်း ၁၇၀ ကျော်ရှိပြီး မြို့တစ်မြို့တွင် စက်ရုံတစ်ရုံတည်ဆောက်သော စနစ်ထားရှိသည့်အတွက် တစ်နိုင်ငံလုံးတွင် စက်ရုံပေါင်း ထောင်ကျော်ရှိကြောင်း၊ မြို့တစ်မြို့မှ စွန့်ပစ်သောအမှိုက်အား ထိုမြို့တွင်ရှိသော စက်ရုံသို့ပို့ဆောင်ကာ လျှပ်စစ်စွမ်းအင် ပြန်လည်ထုတ်ယူသည့်အတွက် မြို့နေပြည်သူတို့၏ လူနေမှုဘဝများ တိုးတက်လာသည့်အပြင် စွန့်ပစ်ပစ္စည်းများ၏ ဘေးထွက်ဆိုးကျိုးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုတို့ကို တားဆီးကာကွယ်သော အကျိုးကျေးဇူးကို ရရှိစေကြောင်း၊ ပြည်သူတို့က ဝင်ငွေခွန်ပေးဆောင်ရာတွင် အစိုးရက ထိုဝင်ငွေခွန်မှ ကဏ္ဍအလိုက်ခွဲ၍ စွန့်ပစ်အမှိုက်၊ ပညာရေး၊ ကျန်းမာရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် နိုင်ငံအတွက် အခြားအသုံးစရိတ် ကဏ္ဍတို့တွင် ခွဲခြမ်းလုပ်ဆောင်ကြောင်း၊ အစိုးရက အမှိုက်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုတွင် ပုဂ္ဂလိက လေလံစနစ်ဖြင့်ကြီးကြပ်ထားပြီး လေလံရရှိသောကုမ္ပဏီများက အမှိုက်စုဆောင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ စက်ရုံတည်ဆောက်ခြင်းနှင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်ခြင်းဖြင့် သက်ဆိုင်ရာအပိုင်းလိုက် အစိုးရ၏ စည်းမျဉ်း၊ စည်းကမ်းများအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် လူနေမှုအဆင့်အတန်း မြင့်မားလာမှုကြောင့် လျှပ်စစ်သုံးစွဲမှုများလာသည့်အတွက် လျှပ်စစ်စွမ်းအင် လိုအပ်ချက်လည်း ရှိနေမည်ဖြစ်ကြောင်း၊ ဤစက်ရုံသည် တစ်ရက်လျှင် စွန့်ပစ်အမှိုက် တန် ၆၀ အား မီးရှို့၍ လျှပ်စစ်စွမ်းအင် ကီလိုဝပ် ၇၀၀ ထုတ်လုပ်နိုင်မည်ဖြစ်သည့်အတွက် မြန်မာပြည်၏ အမှိုက်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုအတွက် ပထမဆုံးခြေလှမ်းသစ်ကို စတင်လိုက်ခြင်းပင်ဖြစ်ကြောင်း Mr.Tsutomu Oyama က ပြောသည်။

အမှိုက်များကိုခွဲခြား၍ စွန့်ပစ်သောစနစ်ကို YCDC က မင်္ဂလာဒုံမြို့နယ်တွင် စမ်းသပ်လုပ်ဆောင်နေရာ ယခု စက်ရုံလည်ပတ်ရာတွင် လွယ်ကူစေမည်ဖြစ်ပြီး အနာဂတ်တွင် ယခုထက် ကြီးမားသောစက်ရုံကြီးများ တည်ဆောက်မည်ဆိုပါက ယခုစမ်းသပ်လုပ်ဆောင်ခဲ့သော အကျိုးကျေးဇူး၏ အသီးအပွင့်ကို ရရှိခံစားစေမည်ဖြစ်သည်။ အမှိုက်များကို အစို၊ အခြောက် ခွဲခြမ်းခြင်းမဟုတ်ဘဲ လောင်ကျွမ်းနိုင်သော ပစ္စည်းနှင့် မလောင်ကျွမ်းနိုင်သော ပစ္စည်းအဖြစ်သာ ခွဲခြမ်းခြင်းဖြစ်သည်။ မီးရှို့၍ မရသော ဘက်ထရီပစ္စည်း အပါအဝင် ပေါက်ကွဲနိုင်သော ပစ္စည်းများကို ရှင်းလင်းဖယ်ရှားသွားခြင်းဖြစ်သည်။ စွန့်ပစ်အမှိုက် တစ်ရက်လျှင် တန် ၆၀ နှုန်းဖြင့် သုံးရက်စာ တန် ၁၈၀ အသင့်စုပုံနိုင်သော သိုလှောင်ရုံကို တည်ဆောက်ထားပြီးလည်း ဖြစ်သည်။

စွန့်ပစ်အမှိုက်များကို လူအားဖြင့် အမျိုးအစားအလိုက် ရွေးချယ်ခွဲထုတ်ပြီး လောင်ကျွမ်းနိုင်သည့် အရာများကိုသာ မီးဖိုထဲသို့ထည့်သွင်းကာ ဘက်ထရီ၊ တာယာ၊ ဖန်၊ သံထည်ပစ္စည်း စသည့် မီးရှို့ရန်မသင့်လျော်သော မလောင်ကျွမ်းနိုင်သည့် ပစ္စည်းများကို နောက်ဆုံးစွန့်ပစ် ရှင်းလင်းသည့်နေရာသို့ သယ်ဆောင်သွားမည်ဖြစ်သည်။ မီးဖိုမှ ထုတ်လွှတ်လိုက်သော စွန့်ထုတ်ဓာတ်ငွေ့များကို စစ်ထုတ်ဆန်ခါအိတ် (bag filter) များဖြင့် ဖုန်မှုန့်များကို စုဆောင်း စုပ်ယူမည်ဖြစ်ပြီး မီးခိုးခေါင်းတိုင်အပိုင်းတွင် တပ်ဆင်ထားသော စဉ်ဆက်မပြတ် စောင့်ကြည့်နေသည့် ကိရိယာမှတစ်ဆင့် စွန့်ထုတ်လိုက်သောဓာတ်ငွေ့၏ စွန့်ထုတ်စံနှုန်းကို ထိန်းချုပ်နိုင်မည်ဖြစ်သည်။ အလိုအလျောက် မီးလောင်ကျွမ်းမှုကို ထိန်းညှိသည့်ကိရိယာနှင့် ချိတ်ဆက်ထားမှုကြောင့် စွန့်ထုတ်ဓာတ်ငွေ့သတ်မှတ်စံနှုန်းအတိုင်း လည်ပတ်နေမည်ဖြစ်သည်။ စစ်ထုတ်ဆန်ခါအိတ်များ (bag filter) ဖြင့် စုပ်ယူထားသော နေ့စဉ် ၀ ဒသမ ၅ တန်ပမာဏခန့်ရှိသည့် ပြာများ (fly ash) ကို နောက်ဆုံး စွန့်ပစ်အမှိုက်စုဆောင်းရာ နေရာသို့ သယ်ဆောင်သွားမည် ဖြစ်သည်။ လောင်ကျွမ်းမီးဖိုမှ စွန့်ပစ်ပြာ တစ်ရက်လျှင် ငါးတန်ခန့်ထွက်ရှိမည်ဟု ခန့်မှန်းထားပြီး ထိုစွန့်ပစ်ပြာများမှ ကတ္တရာနှင့် ဘလောက်တုံးများအဖြစ် ပြန်လည်အသုံးချနိုင်မည် ဖြစ်သည်။ အမှိုက်များ ထားရှိရာနေရာတွင် အမှိုက်မှ စိမ့်ရေများထွက်ရှိသည့်အတွက် သန့်စင်ကန်သို့ ပို့ဆောင်ပေးပြီး သဘာဝအခြောက်ခံခြင်းနှင့် မီးဖိုတွင် လောင်ကျွမ်းစေခြင်းဖြင့် စွန့်ပစ်ရေများကြောင့် မြေပေါ်မြေအောက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ကာကွယ်ထိန်းသိမ်းထားသည်။

စက်ရုံမှ တစ်နေ့လျှင် ဓာတ်အားကီလိုဝပ် ၇၀၀ ကျော် ထုတ်လုပ်၍ National Line အတွင်းသို့ လျှပ်စစ်ဓာတ်အား ထည့်သွင်းပေးကာ ရန်ကုန်မြို့၏ သတ်မှတ်ထားသော မြို့နယ်များအတွက် လျှပ်စစ်စွမ်းအင်ရရှိစေမည်ဖြစ်သည်။ ယခုအခါ ၇၀ ရာခိုင်နှုန်း တည်ဆောက်မှု ပြီးစီးနေပြီဖြစ်၍ ၂၀၁၇ ခုနှစ် မတ်လတွင် ဖွင့်လှစ်နိုင်တော့မည် ဖြစ်သည်။

စက်ရုံကို သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရန် ကြိုးပမ်းတည်ဆောက်လျက်ရှိပြီး အခက်အခဲအချို့မှာ စက်ရုံအတွက် ပစ္စည်းများ၊ ဆိပ်ကမ်းတွင် ကုန်ပစ္စည်းအတင်အချ ကျပ်၍ အမြန်ဆောင်ရွက်ပေးနိုင်မှု အားနည်းခြင်း၊ သွင်းကုန်လုပ်ထုံးလုပ်နည်းများ နှောင့်နှေးမှုကြောင့် ယခုလို တည်ဆောက်ရေးအပိုင်းတွင် အခက်အခဲအချို့ ရှိနေသည်ဟု ဆိုသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် အမှိုက်အများဆုံး နေ့စဉ်ထွက်ရှိသော မြို့နယ်မှာ လှိုင်သာယာဖြစ်ပြီး ဒုတိယ အများဆုံးထွက်ရှိသော မြို့နယ်မှာ အင်းစိန်မြို့နယ်ဖြစ်သောကြောင့် လှိုင်သာယာတွင် အမှိုက်မှ စွမ်းအင်ထုတ်နိုင်သော စက်ရုံအားတည်ဆောက်နိုင်မည် ဆိုပါက အနီးဝန်းကျင်ရှိ မြို့နယ်များအတွက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

**သတင်း- မြင့်မြတ်သစ္စာ၊ ဓာတ်ပုံ - ဇွဲမာန်**

---

*စာမျက်နှာ ၄ မှ*

သိမ်းဆည်းရမိဆေးဝါးများ ဖျက်သိမ်းခြင်းနှင့် ပတ်သက်သည့်မေးခွန်းကို ဖြေကြားရာတွင် ဖမ်းဆီးရမိသည့် ဆေးဝါးအတုများနှင့် သက်တမ်းကုန်ဆေးဝါးများကို ဆေးဝါးဥပဒေအရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်း၍ ဓာတုဆေးရည်ဖြင့် ဖျက်ဆီးနိုင်မည့် ဆေးဝါးများကို ဖျက်ဆီးသွားမည့်အပြင် ဖျက်ဆီး၍မရသည့်ဆေးဝါးများကို ဓာတုဗေဒပညာရှင်များနှင့်ညှိနှိုင်းပြီး သတင်းမီဒီယာများရှေ့မှောက်တွင် ဖျက်ဆီးသွားမည်ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

ဆေးဝါးစက်ရုံ (အင်းစိန်) ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ ဝန်ကြီးများ (၂၃၄)ကြိမ်မြောက် အစည်းအဝေး၊ ပထမအကြိမ် ပြည်တော်သာ ညီလာခံ၏ ခွင့်ပြုချက်အရ ၁၉၅၃ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် အင်္ဂလန်နိုင်ငံ လီဗာပူးမြို့မှ အီးဗန့် မယ်ဒီကယ် ဆပ်ပလိုင်းကုမ္ပဏီ (Evans Medical Supplies Ltd;) နှင့် စာချုပ်ချုပ်ဆို ငွေကျပ်သန်း ၆၀ ဖြင့်တည်ဆောက်ခဲ့ပြီး ၁၉၅၈ ခုနှစ် ဧပြီ ၂၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရသည်။

ဆေးဝါးစက်ရုံ(အင်းစိန်) ယခင် BPI စက်ရုံသည် ၁၉၅၈ ခုနှစ်မှစ၍ ပြည်သူလူထုအတွက် ထိုးဆေး၊ သောက်ဆေးအမျိုးမျိုးနှင့် ပဋိဇီဝပိုးသတ်ဆေးများကို ထုတ်လုပ်လျက်ရှိပြီး ယခုအချိန်တွင် ဆေးပြား၊ ဆေးတောင့်အမျိုး ၇၀၊ ဆေးရည် ၂၂ မျိုး၊ လိမ်းဆေး ၁၀ မျိုး၊ ဆေးမှုန့် သုံးမျိုး၊ ထိုးဆေးအမျိုး ၅၀၊ သွေးကြောသွင်းဆေးအမျိုး ၅၀၊ ပဋိဇီဝဆေး ၁၁ မျိုး စုစုပေါင်း ၁၈၁ မျိုးတို့ကို ထုတ်လုပ်လျက်ရှိသည်။ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်ရေးအတွက် ဆေးဝါးအမယ်သစ်များ တိုးချဲ့ထုတ်လုပ်ရန် New BPI Project ကို ၂၀၁၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ ၉၉ ရာခိုင်နှုန်းပြီးစီး၍ မကြာမီ ဆေးအမယ်သစ်များ တိုးချဲ့ထုတ်လုပ်သွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

---



# မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**စစ်တွေ စက်တင်ဘာ ၂၇**

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ်(၄) လုံခြုံရေးကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် လုံခြုံရေးတပ်ဖွဲ့ခွဲများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာလ စတုတ္ထပတ်က စစ်တွေမြို့ ပြည်နယ်အထွေထွေရောဂါကု ဆေးရုံကြီး၌ ကျင်းပခဲ့သည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းတို့က အမှာစကားပြောကြားသည်။ တပ်ဖွဲ့ဝင် ၇၉ ဦးတို့၏ သွေးလှူဒါန်းမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးပြီး အာဟာရအဖြစ် အစားအစာများကိုပေးအပ်ခဲ့ကြောင်း သိရသည်။

**စစ်တွေ(ကိုယ်ပွား)**

---

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၂၇**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လှိုင်းဘွဲ့မြို့၌ ၂ ဒသမ ၇၉ လက်မ၊ ကော့သောင်းမြို့၌ ၂ ဒသမ ၇၅ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၂ ဒသမ ၆၈ လက်မ၊ ကျောက်ဖြူမြို့၌ ၂ ဒသမ ၂၀ လက်မ၊ ကျောက်ပန်းတောင်းမြို့တွင် ၁ ဒသမ ၉၂ လက်မ၊ မာန်အောင်မြို့၌ ၁ ဒသမ ၈၉ လက်မ၊ လပွတ္တာမြို့၌ ၁ ဒသမ ၈၅ လက်မနှင့် စစ်တွေမြို့၌ ၁ ဒသမ ၆၂ လက်မတို့ ဖြစ်ကြသည်။

(မိုး/ဇလ)

---

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ**

# မြန်မာနိုင်ငံပြည်ထောင်စုလွှတ်တော်ကအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံ

(ပြည်ထောင်စုလွှတ်တော်ကော်မရှင်အဖွဲ့ဝင်တစ်ဦး)

(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံကို ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့မှ အောက်တိုဘာလ ၃ ရက်နေ့အထိ မြန်မာနိုင်ငံ ပြည်ထောင်စုလွှတ်တော်က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည် ဖြစ်ပါသည်။ ညီလာခံတက်ရောက်ရန် အာဆီယံနိုင်ငံအားလုံးမှ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ မကြာမီ နေပြည်တော်သို့ ရောက်ရှိလာကြတော့မည် ဖြစ်ပါသည်။

**အာဆီယံပါလီမန်များညီလာခံ**

၁၉၇၇ ခုနှစ်တွင် စတင်တည်ထောင်စဉ်က အာဆီယံပါလီမန်များအဖွဲ့ (ASEAN Inter-Parliamentary Organization – AIPO) ဟု ခေါ်ဝေါ်ခဲ့ပြီး ၂၀၀၆ခုနှစ်တွင် အာဆီယံပါလီမန်များညီလာခံ (ASEAN Inter-Parliamentary Assembly – AIPA)အဖြစ် အမည်ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

အာဆီယံပါလီမန်များအစည်းအဝေး (ASEAN Parliament Meeting-APM)ကို ရှေးဦးစွာ ၁၉၇၅ ခုနှစ် ဇန်နဝါရီလက အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့ပြီး သြဂုတ်လတွင် မလေးရှားနိုင်ငံကအိမ်ရှင်နိုင်ငံအဖြစ်ကျင်းပခဲ့ခြင်းဖြင့် အာဆီယံပါလီမန်များအဖွဲ့ သန္ဓေတည်ခဲ့ခြင်း ဖြစ်ပါသည်။ ၁၉၇၇ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသည့် တတိယအကြိမ် အစည်းအဝေးတွင် အာဆီယံပါလီမန်များအဖွဲ့၏ ဖွဲ့စည်းပုံဥပဒေ (Statutes) မူကြမ်းကိုသဘောတူညီခဲ့ကြပြီး ပထမအကြိမ် အာဆီယံပါလီမန်များအဖွဲ့ အထွေထွေညီလာခံ (AIPO General Assembly)ကို စင်ကာပူနိုင်ငံတွင် ၁၉၇၈ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပခဲ့ပါသည်။

ညီလာခံကို နှစ်စဉ်အဖွဲ့ဝင်နိုင်ငံများတွင် အလှည့်ကျကျင်းပခဲ့ရာ ၁၉၈၀ ပြည့်နှစ် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပခဲ့သည့် အထွေထွေညီလာခံမှစတင်၍ တစ်ခုတည်းသော အာဆီယံပါလီမန် (ASEAN Parliament) တစ်ရပ် ထူထောင်မည့် ကိစ္စကို ဆွေးနွေးခဲ့ကြပြီး အဖွဲ့ဝင်နိုင်ငံများ၏ မတူညီသောသမိုင်းကြောင်းနှင့် ပါလီမန်ဖွဲ့စည်းပုံများကိုလေ့လာရန် သဘောတူညီခဲ့ကြပါသည်။ ၁၉၉၇ ခုနှစ် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သော အထွေထွေညီလာခံတွင် ထိုင်းအာဆီယံပါလီမန်ဆိုင်ရာအမျိုးသားအဖွဲ့က ယင်းကိစ္စကို အသေးစိတ်ဆွေးနွေးတင်ပြရန် သဘောတူခဲ့ကြပါသည်။ နှစ်စဉ်ကျင်းပခဲ့သော ညီလာခံများတွင် အဆိုတင်သွင်းခြင်းမရှိခဲ့ဘဲ ၂၀၀၃ ခုနှစ် ညီလာခံတွင် ဖိလစ်ပိုင်လွှတ်တော်က အာဆီယံပါလီမန်တည်ထောင်ရန် ဖြစ်နိုင်ခြေအစီရင်ခံစာကို တင်သွင်းခဲ့ပါသည်။

၂၀၀၅ ခုနှစ်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပခဲ့သည့် (၂၆) ကြိမ်မြောက် ညီလာခံကအာဆီယံပါလီမန်တစ်ရပ် ထူထောင်သွားရေးထက် အာဆီယံပါလီမန်များအဖွဲ့ကို ပိုမိုခိုင်မာသည့် အဖွဲ့တစ်ရပ်ဖြစ်လာစေရန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သွားရန် ဆုံးဖြတ်ခဲ့ကြပါသည်။ သို့နှင့် ၂၀၀၇ ခုနှစ်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် (၂၈)ကြိမ်မြောက် ညီလာခံမှစတင်၍ အာဆီယံပါလီမန်များညီလာခံ (အိုင်ပါ) ဖြစ်လာခဲ့ပါသည်။

နှစ်စဉ်ကျင်းပခဲ့သော အာဆီယံပါလီမန်များ ညီလာခံများက ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းတည်ထောင်ရေး အောင်မြင်ရန် အထောက်အကူပြုစေမည့် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်။ ညီလာခံကချမှတ်သော ဆုံးဖြတ်ချက်များတွင် ဒေသတွင်း ရင်ဆိုင်ကြုံတွေ့နေရသော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကိစ္စရပ်များကို ကျော်လွှားနိုင်ရန်အတွက်ဆောင်ရွက်ရန် အာဆီယံနိုင်ငံအသီးသီးမှ အစိုးရအဖွဲ့များအား တိုက်တွန်းခြင်း၊ လွှတ်တော်များက လိုက်လျောညီထွေမှုရှိသော ဥပဒေပြုများ ပြဋ္ဌာန်းရန်လိုအပ်ခြင်းတို့ ပါဝင်ပါသည်။ ယင်းဆုံးဖြတ်ချက်များကို အဖွဲ့ဝင်နိုင်ငံများက အကောင်အထည်ဖော်မှု အားနည်းနေသည့်အတွက် ၂၀၀၉ ခုနှစ်တွင် အာဆီယံပါလီမန်ညီလာခံဆိုင်ရာ အလွတ်သဘောအဖွဲ့ (AIPA Caucus) ကိုဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၆ ခုနှစ် သြဂုတ်လ ၈ ရက်မှ ၁၂ ရက်နေ့အထိ လာအိုနိုင်ငံ လွမ်ပရာဘွမ်၌ (၈)ကြိမ်မြောက် အိုင်ပါကာကပ်စ်ကို ကျင်းပခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများက အိုင်ပါဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်မှုကို ဆွေးနွေးခဲ့ကြပါသည်။

၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းတည်ထောင်ပြီးနောက် အာဆီယံနိုင်ငံများတွင် ချမှတ်သည့် ဥပဒေများ သဟဇာတဖြစ်ရန် ပိုမိုလိုအပ်လာပါသည်။ ၂၀၂၅ ခုနှစ် အာဆီယံမျှော်မှန်းချက်နှင့်အညီ ဥပဒေအခြေပြု အာဆီယံအသိုက်အဝန်း တည်ဆောက်ရေး ရည်မှန်းချက်ပြည့်မီရန် အာဆီယံပါလီမန်များညီလာခံ၏ အခန်းကဏ္ဍသည် ပိုမိုအရေးပါလာလျက်ရှိပါသည်။

**အာဆီယံပါလီမန်များညီလာခံ၏ဖွဲ့စည်းပုံဥပဒေ**

အာဆီယံပါလီမန်များညီလာခံဖွဲ့စည်းပုံဥပဒေ (Statutes of ASEAN Inter-Parliamentary Assembly)၏ ရည်မှန်းချက်မှာ အာဆီယံနိုင်ငံလွှတ်တော်များအကြား စည်းလုံးညီညွတ်မှု၊ နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်နှင့် အာဆီယံကချမှတ်သော ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ရေးတွင် ပံ့ပိုးပေးရန်ဖြစ်ပါသည်။ အာဆီယံဒေသတွင်း လူ့အခွင့်အရေး၊ ဒီမိုကရေစီ၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် သာယာဝပြောရေးတို့ကို မြှင့်တင်ရန်လည်း ဖြစ်ပါသည်။

အာဆီယံပါလီမန်များ ညီလာခံအဖွဲ့ဝင်ဖြစ်ရန်အတွက် အရှေ့တောင်အာရှဒေသတွင်းနိုင်ငံမှ လွှတ်တော်ဖြစ်ရန်လိုအပ်ပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံအားလုံးက အသိအမှတ်ပြုရန် လိုအပ်ပါသည်။ ညီလာခံတွင် လေ့လာသူကိုယ်စားလှယ်အဖွဲ့များနှင့် အိမ်ရှင်နိုင်ငံက ဖိတ်ကြားသည့် အဖွဲ့အစည်းများ ပါရှိပါသည်။ ညီလာခံ၏ ဥက္ကဋ္ဌအဖြစ် အိမ်ရှင်နိုင်ငံ၏ လွှတ်တော်ဥက္ကဋ္ဌကဆောင်ရွက်ပြီး ညီလာခံ၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် ကော်မတီများဖွဲ့စည်းဆောင်ရွက်ပါသည်။ ညီလာခံ၏ အတွင်းရေးမှူးချုပ်တာဝန်ကို အင်္ဂလိပ်အက္ခရာစဉ်အရ အဖွဲ့ဝင်နိုင်ငံများက အလှည့်ကျထမ်းဆောင်ပါသည်။ ယခုညီလာခံတွင် လက်ရှိ စင်ကာပူနိုင်ငံသား အတွင်းရေးမှူးချုပ်၏ သက်တမ်းကုန်ဆုံးပြီး ထိုင်းနိုင်ငံမှ အဆိုပြုထားသည့် အတွင်းရေးမှူးချုပ်အသစ်ကို အတည်ပြုခန့်ထားမည်ဖြစ်ပါသည်။

အာဆီယံပါလီမန်များညီလာခံ၏ ဖွဲ့စည်းပုံဥပဒေတွင် အာဆီယံနှင့်ပုံမှန်ဆက်သွယ်ပြီး အပြန်အလှန် ဆွေးနွေးတိုင်ပင်ရန်၊ အာဆီယံအစိုးရများနှင့် အမျိုးသားလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်ရန်၊ အာဆီယံဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်ဆံရေးမြှင့်တင်ရန် ဖော်ပြထားပါသည်။

ဒေသတွင်းပြောင်းလဲလာသောနိုင်ငံရေး၊ စီးပွားရေးအခြေအနေများနှင့် ကိုက်ညီမှုရှိစေရန် ညီလာခံ၏ ဖွဲ့စည်းပုံဥပဒေကိုအခါအားလျော်စွာပြင်ဆင်ခဲ့ရာ ၂၀၁၅ ခုနှစ် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် (၃၆)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံတွင် နောက်ဆုံးအကြိမ် ပြင်ဆင်အတည်ပြုခဲ့ပါသည်။

**အာဆီယံပါလီမန်များညီလာခံအဖွဲ့ဝင်လွှတ်တော်များ**

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်များအားလုံးသည် ညီလာခံအဖွဲ့ဝင်များဖြစ်ကြပါသည်။အာဆီယံနိုင်ငံများအနက် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သည် အာဆီယံပါလီမန်များ ညီလာခံကို စတင်တည်ထောင်သည့် နိုင်ငံများဖြစ်ကြပြီး ဗီယက်နမ်နိုင်ငံသည် ၁၉၉၅ ခုနှစ်တွင်လည်းကောင်း၊ လာအိုနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံသည် ၁၉၉၉ ခုနှစ်တွင်လည်းကောင်း၊ ဘရူနိုင်းနိုင်ငံသည် ၂၀၀၈ ခုနှစ်တွင် လည်းကောင်း၊ မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်တွင်လည်းကောင်း အဖွဲ့ဝင်အသီးသီး ဖြစ်လာခဲ့ကြပါသည်။

အာဆီယံနိုင်ငံ လွှတ်တော်များတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ ဥပဒေပြုရေးကောင်စီ (Legislative Council / MajlisMesyuarat Negara)၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အမျိုးသားလွှတ်တော် (National Assembly/ SaphaHeng Xat)၊ စင်ကာပူနိုင်ငံပါလီမန် (Parliament of Singapore)၊ ထိုင်းနိုင်ငံအမျိုးသားဥပဒေပြုလွှတ်တော် (National Legislative Assembly/ Rathasapha) နှင့် ဗီယက်နမ်နိုင်ငံအမျိုးသားလွှတ်တော် (National Assembly/ Quoc Hoi) တို့မှာ လွှတ်တော်တစ်ရပ် (Unicameral) သာရှိသည့် လွှတ်တော်များဖြစ်ကြပါသည်။

ကမ္ဘောဒီးယားနိုင်ငံပါလီမန် (Parliament of Cambodia / Rotsaphea and Protsaphea)၊ အင်ဒိုနီးရှားနိုင်ငံပြည်သူ့အတိုင်ပင်ခံလွှတ်တော် (People's Consultative Assembly / Majelis Permusyawaratan Rakyat)၊ မလေးရှားနိုင်ငံပါလီမန် (Parliament)၊ မြန်မာနိုင်ငံ ပြည်ထောင်စုလွှတ်တော် (Union Assembly) နှင့် ဖိလစ်ပိုင်နိုင်ငံကွန်ဂရက် (Congress) တို့သည် အောက်လွှတ်တော်နှင့် အထက်လွှတ်တော်နှစ်ရပ်(Bicameral)ပါဝင်သည့် လွှတ်တော်များ ဖြစ်ကြပါသည်။

**မြန်မာနိုင်ငံ အာဆီယံပါလီမန်များညီလာခံ အဖွဲ့ဝင်ဖြစ်လာခြင်း**

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်ဖြစ်လာပြီးနောက် အာဆီယံပါလီမန်များအဖွဲ့၏ အထူးလေ့လာသူဖြစ်ခဲ့ပြီး ၁၉၉၉ခုနှစ်တွင် အမြဲတမ်းအထူးလေ့လာသူ ဖြစ်လာခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော်ကိုဖွဲ့စည်းခဲ့ရာ ၂၀၁၁ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပသော (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံက ပြည်ထောင်စုလွှတ်တော်ကို အဖွဲ့ဝင်အဖြစ်လက်ခံခဲ့ပါသည်။ အဖွဲ့ဝင်ဖြစ်လာပြီးနောက် အာဆီယံပါလီမန်များ ညီလာခံနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ခဲ့ပြီး ညီလာခံဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်နှစ်ရပ်မှ ကိုယ်စားလှယ်များပါဝင်သည့် အာဆီယံပါလီမန်များညီလာခံ ပူးတွဲကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့ပါသည်။




၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံကအာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့စဉ်က ပြည်ထောင်စု လွှတ်တော်သည် အိုင်ပါ-အာဆီယံ မျက်နှာစုံညီအစည်းအဝေး (AIPA-ASEAN Interface Meeting) ကို လက်ခံကျင်းပခဲ့ပါသည်။ အာဆီယံပါလီမန်များညီလာခံနှင့် လွှတ်တော်တို့ပူးပေါင်း၍ ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကိုနေပြည်တော်၌ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တွင် (၂) ကြိမ် ဆက်တိုက် ကျင်းပခဲ့ပါသည်။ အခြားနိုင်ငံများ၌ ကျင်းပခဲ့သော အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများသို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများတက်ရောက်ခဲ့ကြပါသည်။

**(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံ**

ပြည်ထောင်စုလွှတ်တော်က ပထမဦးဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံ၏ဆောင်ပုဒ်မှာ "အာဆီယံအသိုက်အဝန်း တိုးတက်ထွန်းကားရေး အာဆီယံပါလီမန်များ ညီလာခံက တက်ကြွလှုပ်ရှားပေး" (Vibrant AIPA for a progressive ASEAN Community) ဖြစ်ပါသည်။ ညီလာခံ၏ ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော်နာယကမှဦးဆောင်ပြီး ညီလာခံ၏ ကော်မတီ(၆)ရပ်တွင် မြန်မာလွှတ်တော်ကိုယ်စားလှယ်များက ဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်မည် ဖြစ်ပါသည်။

မကြာမီက လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေး၏ သဘောတူညီချက်များကို ဥပဒေပြုရေးရှုထောင့်မှ ဆွေးနွေးကြမည် ဖြစ်ပါသည်။ အာဆီယံမျှော်မှန်းချက် ၂၀၂၅၊ ကုလသမဂ္ဂ ၂၀၃၀ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို အုပ်ချုပ်မှုကဏ္ဍမှ အကောင်အထည်ဖော်ရာတွင် လိုအပ်သော ပြည်တွင်းဥပဒေများ ရေးဆွဲချမှတ်နိုင်ရန်အတွက် အာဆီယံပါလီမန်များညီလာခံကို လက်ရှိအခြေအနေနှင့် လိုက်လျောပြီး ပိုမိုခိုင်မာမှုရှိစေရန် ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆွေးနွေးကြမည် ဖြစ်ပါသည်။

ညီလာခံ၏ အုပ်ချုပ်မှုကိစ္စအဝဝကို အုပ်ချုပ်မှုဆိုင်ရာကော်မတီတွင် ဆွေးနွေးကြမည်ဖြစ်ပြီး အာဆီယံအသိုက်အဝန်း၏ မဏ္ဍိုင်(၃)ရပ်ဖြစ်သည့် အာဆီယံလုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် လူမှုရေးနှင့်ယဉ်ကျေးမှုအသိုက်အဝန်းတို့နှင့် ပတ်သက်သောကိစ္စရပ်များကို နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကော်မတီများတွင် ဆွေးနွေးကြမည် ဖြစ်ပါသည်။

အာဆီယံအမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (Women Parliamentarians of AIPA- WAIPA ) ကော်မတီတွင် မြန်မာအမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များက ဦးဆောင်ပြီး အမျိုးသမီး ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးအပါအဝင် အမျိုးသမီးများအခွင့်အရေး ကာကွယ်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးကြမည် ဖြစ်ပါသည်။ယင်းအဖွဲ့ကို ၁၉၉၈ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ရာ လွှတ်တော်များတွင် အမျိုးသမီးကိုယ်စားလှယ်များ၏ အခန်းကဏ္ဍမြှင့်တင်ရန်အတွက် အဖွဲ့၏လုပ်ထုံးလုပ်နည်းကို ပြင်ဆင်သည့်ကိစ္စရပ်ကိုလည်း ဆွေးနွေးကြမည် ဖြစ်ပါသည်။

ညီလာခံ၏ မျက်နှာစုံညီအစည်းအဝေးများနှင့် ကော်မတီများကဆွေးနွေး ဆုံးဖြတ်ချက်များကို ပူးတွဲကြေညာချက် (Joint Communique) တွင် ဖော်ပြပြီး အာဆီယံပါလီမန်များ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက လက်မှတ်ရေးထိုးကြမည် ဖြစ်ပါသည်။

အာဆီယံဒေသတွင်း နိုင်ငံများအားလုံး ကြုံတွေ့နေရသောစိန်ခေါ်မှုအသစ်များကို အတူတကွ ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် ကြိုးပမ်းရာတွင် အာဆီယံပါလီမန်များ ညီလာခံအဖွဲ့ဝင် ကိုယ်စားလှယ်အဖွဲ့များ၏ ပူးပေါင်းပါဝင်မှုဖြင့် ညီလာခံကြီးကို အောင်မြင်စွာကျင်းပနိုင်မည်ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။

**အာဆီယံပါလီမန်များညီလာခံ၏ ဖွဲ့စည်းပုံဥပဒေတွင် အာဆီယံနှင့် ပုံမှန်ဆက်သွယ်ပြီး အပြန်အလှန်ဆွေးနွေးတိုင်ပင်ရန်၊ အာဆီယံအစိုးရများနှင့် အမျိုးသားလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်ရန်၊ အာဆီယံဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်ဆံရေးမြှင့်တင်ရန် ဖော်ပြထား**

**အာဆီယံဒေသတွင်း နိုင်ငံများအားလုံး ကြုံတွေ့နေရသော စိန်ခေါ်မှုအသစ်များကို အတူတကွ ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် ကြိုးပမ်းရာတွင် အာဆီယံပါလီမန်များ ညီလာခံအဖွဲ့ဝင် ကိုယ်စားလှယ်အဖွဲ့များ၏ ပူးပေါင်းပါဝင်မှုဖြင့် ညီလာခံကြီးကို အောင်မြင်စွာကျင်းပနိုင်မည်ဖြစ်**

**မိုးအားလျော့နည်းနိုင်**

နေပြည်တော် စက်တင်ဘာ ၂၇

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်၌ ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၌ မိုးအားလျော့နည်းနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။ (မိုး/ဇလ)

# ပြည်ပသို့သွားရောက်လုပ်ကိုင်နေသည့် နိုင်ငံသားများ အခက်အခဲတွေ့ချိန်တွင် နှစ်နိုင်ငံအစိုးရအချင်းချင်းချိတ်ဆက်၍ အမြန်ဆုံးကူညီရန်လိုအပ်

**နေပြည်တော် စက်တင်ဘာ ၂၇** ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၁ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်းသုံးခု မေးမြန်းဖြေကြားကြပြီး အဆိုတစ်ခုအား ဆွေးနွေးခဲ့ကြသည်။

မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ၏ **မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသတွင် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) လက်ဝယ်ရရှိထားပြီး ယခုနှစ်လယ်ယာစိုက်ပျိုးစရိတ် ထုတ်ပေးရာတွင် ကန့်သတ်ခံထားရသော လယ်သမား ၁၂ ဦးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် ယခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း၏ **ဝက်လက်မြို့နယ်အတွင်းရှိ စိုင်နိုင်ကွေ့-မင်းကျီ-ကျောက်တိုင်-မြင်းသီ-ကွန်ဆိပ် ကျေးရွာလမ်းအား ရာသီမရွေး သွားလာနိုင်သောလမ်းအဖြစ် အဆင့်မြှင့်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းများ**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန **ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ**က အဆိုပါမြေသည် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ လုံးစန့်ကျေးရွာအုပ်စု ကွင်းအမှတ် (oss) နောင်ချိုကွင်း ဦးပိုင် (N–1) ဖြစ်ပြီး မြသိင်္ဂီကုမ္ပဏီ အမည်ဖြင့် နှစ် ၃၀ လုပ်ပိုင်ခွင့်ရရှိထားသည့် မြေလွတ်၊ မြေရိုင်း ဧရိယာ ၁၀၀၀ အတွင်း ပါဝင်လျက်ရှိကြောင်း။

တောင်သူဦးတင်ထွန်း အပါအဝင် ၁၂ ဦးသည် မြသိင်္ဂီကုမ္ပဏီအား လုပ်ပိုင်ခွင့်ပြုထားသည့်မြေတွင် စာရင်းငှားများအဖြစ် ၂၀၀၈ ခုနှစ်ခန့်မှစ၍ သီးနှံစိုက်ပျိုးလုပ်ကိုင်နေသူများဖြစ်ပြီး လွန်ခဲ့သည့်ငါးနှစ်ခန့်က တောင်သူများမှ ကိုယ်ပိုင်စိုက်ပျိုးလိုသဖြင့် အဆိုပါမြေကို နှုတ်ကတိဖြင့် ငှားရမ်းပေးခဲ့ကြောင်း၊ ထိုသို့ငှားရမ်းလုပ်ကိုင်ပြီး ၂၀၁၅ ခုနှစ် ဇွန်လ ၂၄ ရက်တွင် ကုမ္ပဏီနှင့် တောင်သူများ



ပုသိမ်ကြီး မဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း



စဉ့်ကိုင် မဲဆန္ဒနယ်မှ ဒေါက်တာ ကြည်မိုမိုလွင်

နှစ်ဖက်သဘောတူ အရပ်ကတိစာချုပ်ချုပ်ဆို၍ မြေဧရိယာ ၁၃၄ ဒသမ ၃၇ ဧကကို အခကြေးငွေသတ်မှတ်ချက်မရှိဘဲ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အခမဲ့ တစ်နှစ်ငှားရမ်းခဲ့သည်ကို သိရကြောင်း၊ မြသိင်္ဂီကုမ္ပဏီအနေဖြင့် လုပ်ပိုင်ခွင့်ပြုထားမြေကို အခြားတောင်သူများအား မြေငှားရမ်းစိုက်ပျိုးစေခြင်းသည် တည်ဆဲဥပဒေကို လိုက်နာခြင်းမရှိဘဲ စည်းကမ်းဖောက်ဖျက်ခဲ့သဖြင့် ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အသစ်ပြင်ဆင်ဖွဲ့စည်းမည့် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ကြီးကြပ်ကွပ်ကဲမှုဖြင့် ကွင်းဆင်းစစ်ဆေးစေ၍ ဗဟိုကော်မတီသို့ စိစစ်တင်ပြဆောင်ရွက်သွားစေမည် ဖြစ်ပါကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေကိစ္စနှင့်ပတ်သက်၍ တောင်သူများသို့ ထုတ်ပေးထားသည့် ပုံစံ(၇)သည် လုပ်ထုံးလုပ်နည်းညီညွတ်မှုမရှိဘဲ မှားယွင်းစွာထုတ်ပေးထားခြင်းကြောင့် ပြန်လည်သိမ်းဆည်းပယ်ဖျက်ထားပြီးဖြစ်သဖြင့် တောင်သူများသို့ ဘဏ်ချေးငွေ ထုတ်ပေးနိုင်ခြင်းမရှိပါကြောင်း၊ မှားယွင်းစွာထုတ်ပေးသည့်ကိစ္စရပ်အတွက် သက်ဆိုင်ရာအဖွဲ့ကို စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့အပြင် ဝက်လက်မြို့နယ် စိုင်နိုင်ကွေ့- မင်းကျီ- ကျောက်တိုင်-မြင်းသီ-ကွန်ဆိပ်ကျေးရွာချင်းဆက်လမ်း ၁၂ မိုင် ၄ ဖာလုံကို ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေမြောင်းဖောက်လုပ်ခြင်း အပါအဝင် လုပ်ငန်းများကို ကမ္ဘာ့ဘဏ်အကူအညီဖြင့် ရေကြီး၊ ရေလျှံ၊ မြေပြိုမှုများအတွက် အရေးပေါ် ပြန်လည်ထူထောင်ရေး စီမံကိန်းဖြင့် ဆောင်ရွက်ရန်လျာထားပါကြောင်း၊ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **မိမိနိုင်ငံအတွင်း အလုပ်အကိုင်ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှုကြောင့် နိုင်ငံရပ်ခြားသို့ ထွက်၍ အလုပ်လုပ်နေကြသည့် မြန်မာနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများမှ အလုပ်ရှင်များက ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း ပြုလုပ်နေမှုများကို နိုင်ငံတော်အစိုးရမှ နှစ်နိုင်ငံအစိုးရချင်း ချိတ်ဆက်၍ အမြန်ဆုံးထိရောက်စွာ ကူညီပံ့ပိုးကယ်တင်စောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးတို့က ဆွေးနွေးကြသည်။

ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်းက မြန်မာနိုင်ငံသည် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အစရှိသည့် ကဏ္ဍမျိုးစုံကို အဘက်ဘက်မှတိုးတက်လာစေရန် အားသွန်ခွန်စိုက် ကြိုးပမ်းနေရချိန်ဖြစ်သကဲ့သို့ ပြည်သူများ၏လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးပြီး ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ခိုင်ခိုင်မာမာရပ်တည်ရန် ကြိုးပမ်းဆောင်ရွက်နေချိန်လည်း ဖြစ်ပါကြောင်း၊ ထိုသို့ကြိုးပမ်းချိန်တွင် အခက်အခဲများစွာရှိမည်ဖြစ်ပါကြောင်း၊ ထိုအခက်အခဲများမှ ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ အခက်အခဲများကို ကူညီဖြေရှင်းရန် တာဝန်ရှိနေပါကြောင်း၊ ပြည်တွင်းအလုပ်အကိုင်ရှားပါးမှု၊ လုပ်ခလစာနည်းပါးမှုနှင့် နယ်စပ်ဒေသများတွင် ငြိမ်းချမ်းမှုမရှိဘဲ သွားလာရခက်ခဲပြီး ဒေသထွက်သီးနှံများ တင်ပို့ရောင်းချရာတွင် အကျိုးအမြတ်နည်းကာ ဈေးကွက် မရှိခြင်းများကြောင့် မိသားစုစားဝတ်နေရေးဖြေရှင်းရန် ပြည်ပနိုင်ငံများ၌ ခက်ခဲကြမ်းတမ်းပြီး အန္တရာယ်ရှိသည့် အလုပ်များကို လုပ်ကိုင်ဆောင်ရွက်နေကြရပါကြောင်း၊ စာရင်းအတည်မပြုနိုင်သည့် ပြည်ပသို့ အလုပ်သွားရောက်လုပ်ကိုင်သူ ထောင်ပေါင်းများစွာရှိနေပါကြောင်း။

ဒေသတွင်းအိမ်နီးချင်းနိုင်ငံများသို့ တရားဝင်ထွက်ခွာသူများ၊ တရားမဝင်ထွက်ခွာသူများမှာ မြန်မာနိုင်ငံလူဦးရေ၏ ၁၀ ရာခိုင်နှုန်းရှိသည်ဟု ခန့်မှန်းပါကြောင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ရာတွင် အများစုမှာ အခက်အခဲများနှင့် ကြုံတွေ့နေရပါကြောင်း၊ တရားဝင်အထောက်အထားများနှင့် အလုပ်လုပ်နေသူများပင်လျှင် အလုပ်ရှင်များနှင့် သက်ဆိုင်ရာ နိုင်ငံရဲများပူးပေါင်း၍ နှိပ်စက်ခြင်း၊ ခြိမ်းခြောက်၍ ငွေတောင်းခံခြင်း၊ အုပ်စုဖွဲ့လုယက်ခံရခြင်းများကို ကြုံတွေ့နေရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပနိုင်ငံများသို့ လုပ်သားများစေလွှတ်နေသည့် ကုမ္ပဏီများ၊ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများ တရားဝင်လိုင်စင်ရှိ/မရှိ၊ တရားဝင်စေလွှတ်ခြင်း ရှိ/မရှိ၊ တာဝန်ခံစေလွှတ်သည့် ကုမ္ပဏီနှင့် အေဂျင်စီများအနေဖြင့် ပြည်ပတွင် မိမိတို့အလုပ်သမားများ လုပ်ခလစာများ အပြည့်အဝရရှိမှု ရှိ/မရှိ၊ အလုပ်ချိန်အတိုင်း စေခိုင်းခြင်း ရှိ/မရှိ၊ အလုပ်သမားအခွင့်အရေး အပြည့်အဝပေးထားခြင်း ရှိ/မရှိတို့ကို ပုံမှန်စုံစမ်းစစ်ဆေးခြင်းနှင့် နိုင်ငံသားများ အခက်အခဲဒုက္ခကြုံတွေ့ချိန်တွင် နှစ်နိုင်ငံအစိုးရအချင်းချင်း ချိတ်ဆက်၍ အမြန်ဆုံးကူညီဆောင်ရွက်သွားရန် လိုအပ်နေပါကြောင်း ဆွေးနွေးသည်။

စဉ့်ကိုင် မဲဆန္ဒနယ်မှ ဒေါက်တာကြည်မိုမိုလွင်က အာဆီယံနိုင်ငံများတွင် ရွှေ့ပြောင်း အလုပ်သမားအရေးအတွက်သည် ကမ္ဘာ့ရွှေ့ပြောင်းအလုပ်သမားအားလုံး၏ ကိုးရာခိုင်နှုန်းရှိသည်ဟု သိရပါကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ၊ မတရားဖိနှိပ်ခံရမှု၊ သတ်ဖြတ်ခံရမှုများကို အကာအကွယ်ပေးရေးသည် အရေးတကြီး လိုအပ်ချက်တစ်ခုဖြစ်လာပါကြောင်း၊ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း အလုပ်အကိုင်ရှားပါးမှုနှင့် လယ်ယာမြေအသိမ်းခံရမှုများကြောင့် မြန်မာနိုင်ငံသားများသည် အိမ်နီးချင်းနိုင်ငံများသို့ အလုပ်အကိုင်များ ရွှေ့ပြောင်းလုပ်ကိုင်ကြပါကြောင်း၊ နိုင်ငံရပ်ခြားသို့ သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများအား ထိရောက်စွာ အကာအကွယ်ပေးနိုင်ရန် အစိုးရတစ်ရပ်၏ ပထမဆုံးခြေလှမ်းအဖြစ် ကြေညာချက်တစ်ခု ထုတ်ပြန် ရမည်ဖြစ်ကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများ တရားဝင်ဖြစ်စေရန် Government to Government လမ်းကြောင်းဖြစ်ရန် ဆောင်ရွက်ပေးသင့်ကြောင်း။

လက်ရှိတွင် တရားဝင်လမ်းကြောင်းများသည် ခက်ခဲရှုပ်ထွေးကြန့်ကြာသည့်အတွက် အလုပ်သမားများအား ဆွဲဆောင်မှုနည်းနေပါကြောင်း၊ ထို့ကြောင့် တရားမဝင်လမ်းကြောင်းများ၊ တရားမဝင် Agency များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေမဲ့ပြုကျင့်ခြင်းများကို ခံနေရပါကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် တရားဝင်လမ်းကြောင်းများကို ရိုးရှင်းလွယ်ကူစေသော နည်းလမ်းများဖြင့် ဖြေလျှော့ရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ ပြည်ပသို့ရောက်ရှိနေသည့် တရားဝင် / တရားမဝင် အလုပ်သမားစာရင်းများကို သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများအနေဖြင့် စီမံချက်များချမှတ်၍ ကောက်ယူဆောင်ရွက်သင့်ပါကြောင်း။

မြန်မာအလုပ်သမားများရှိသည့် နိုင်ငံများရှိ မြန်မာသံရုံးများအနေဖြင့် အလုပ်သမားများနှင့် တွေ့ဆုံ၍ အလုပ်သမားများ၏ အခက်အခဲများကို ကူညီဆောင်ရွက်ပေးခြင်း၊ အလုပ်ရှင်နိုင်ငံများ၏ ဥပဒေများကို အသိပညာပေးခြင်း၊ ပြဿနာအများဆုံး ဖြစ်ပွားနိုင်သည့်နေရာများတွင် ဌာနခွဲနှင့် ရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်သင့်ပါကြောင်း၊ သက်ဆိုင်ရာနိုင်ငံများ၏ အလုပ်ရှင်များနှင့် ဆွေးနွေးညှိနှိုင်းပြီး နှစ်နိုင်ငံသဘောတူညီချက်အဆင့်အထိ ရောက်ရှိရန် ဆောင်ရွက်သင့်ပါကြောင်း၊ နှစ်နိုင်ငံသဘောတူညီချက်များကို လိုက်နာခြင်း ရှိ/မရှိကို အဆက်မပြတ် စောင့်ကြည့်ခြင်းနှင့် ထိန်းညှိခြင်းများ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်ပတွင်ရောက်ရှိနေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ထိရောက်စွာ အကာအကွယ်ပေးနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ့အတွက် လူ့စွမ်းအားအရင်းအမြစ်မှရသည့် ဝင်ငွေများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်ပမှ ပြန်လာမည့် လုပ်သားများအတွက် အလုပ်အကိုင်များ ဖန်တီးပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် လယ်ယာမြေပြဿနာများနှင့် ပြည်တွင်းအလုပ်သမားပြဿနာများကို မှန်ကန်မြန်ဆန်စွာ ဖြေရှင်းခြင်းဖြင့် ပြည်ပရောက် မြန်မာအလုပ်သမားများကို ယုံကြည်မှုပေးသင့်ကြောင်း ဆွေးနွေးသည်။

**(သတင်းစဉ်)**

---

# ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်မည်

**နေပြည်တော် စက်တင်ဘာ ၂၇** နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများ လုပ်ငန်းဆောင်ရွက်ပြီး နှစ်နှစ်အတွင်း ပျက်စီးမှုရှိပါက တင်ဒါအောင်မြင်သူက ပြန်လည်ပြုပြင်ပေးရမည်ဖြစ်ပြီး သတ်မှတ်ထားသည့် လုပ်ငန်းပြီးစီးရက်ထက် ကျော်လွန်ပါကလည်း လုပ်ငန်းအပေါ်လိုက်၍ ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၉ ရက်မြောက်နေ့တွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်၏ **"နိုင်ငံတော်အစိုးရသစ်အနေဖြင့် နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများဖြစ်သော လမ်း၊ တံတားများနှင့် ကျောင်း၊ ဆေးရုံ၊ ဈေးစသည့် အဆောက်အအုံများကို ဆောက်လုပ်ခွင့်ရရှိသော ကုမ္ပဏီများအား စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊ စောင့်



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလှဦး

ကြည့်အကဲဖြတ်ခြင်းနှင့် သတ်မှတ် စံချိန်စံညွှန်းနှင့် မကိုက်ညီပါက အရေးယူခြင်းများကို လုပ်ဆောင်သွားရန်အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ထိုသို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ "ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ချက်များ"အတိုင်း ဆောင်ရွက်ရန် မူဘောင်သတ်မှတ်ချထားပေးပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများမှ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီမှုမရှိခြင်းကြောင့် ပျက်စီးခြင်းများ ဖြစ်ပေါ်လာပါက ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ဖွဲ့စည်းပေးထားသည့် သက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီက စာချုပ်ပါ စည်းမျဉ်း စည်းကမ်းများအတိုင်း အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ ဦးကျော်သန်း၏ **"ကယားပြည်နယ် ဘော်လခဲမြို့နယ်နှင့် ဖားဆောင်းမြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားသော မိုင်းထမ်း - ဝမ်ချယ် - နန့်နောက် - ချိုကွဲ့- စောင်းလော့ - ဝမ်အောင်းလမ်းတွင်



ဗိုလ်မှူး တင်အောင်မိုး တပ်မတော်သားကိုယ်စားလှယ်

ကျန်ရှိနေသော လမ်းပိုင်း ကိုးမိုင်နှင့် ၃ ဒသမ ၅ ဖာလုံအား ကျောက်ချောလမ်းအဖြစ် ဆက်လက်ဆောက်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ကယားပြည်နယ်အတွင်းရှိ မိုင်းထမ်း-ဝမ်ချယ်-နန့်နောက်-ချိုကွဲ့-စောင်းလော့-ဝမ်အောင်း လမ်း၏ ကျန်ရှိသော တစ်ကြောင်းထိုးမြေလမ်းအပိုင်း ကိုးမိုင်နှင့် ၃ ဒသမ ၅ ဖာလုံအား လမ်းတာပေါင်အကျယ် ပေ ၃၀ ချဲ့ခြင်း၊ ပေ ၅၀ အောက် သံကူကွန်ကရစ်တံတား ငါးစင်း တည်ဆောက်ခြင်း၊ ကျောက်စီကမ်းကပ်ခုံနှင့် သစ်သားကြမ်းခင်းတံတား ၁၁ စင်း တည်ဆောက်ခြင်း၊ ရေကျော်ခြောက်စင်း တည်ဆောက်ခြင်း၊ Box Culvert ၁၀ စင်း တည်ဆောက်ခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေ တင်ပြတောင်းခံသွားမည်ဖြစ်ပြီး မြေလမ်း ကိုးမိုင်နှင့် ၃ ဒသမ ၅ ဖာလုံအား ကျောက်လမ်းအဖြစ် ဆောင်ရွက်ခြင်းလုပ်ငန်းကို ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေ တင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလှဦးက ဥပဒေဆိုသည်မှာ တရားမျှတမှုနှင့် တန်းတူအခွင့်အရေး ညီမျှမှုရှိခြင်းဆိုသည့် လောကပါလတရားနှင့်ကိုက်ညီစေရန် အဆင့်အတန်းညီမျှရေး၊ အခွင့်အလမ်းညီမျှရေးနှင့် တရားဥပဒေရှေ့မှောက်တွင် ညီမျှရေးဆိုသည့် မွန်မြတ်ရှင်းလင်းသည့် အခြေခံသဘောတရားများ ပြည့်စုံရမည်ဖြစ်ပါကြောင်း၊ ဤဥပဒေသည် ပြည်သူများနှင့် တိုက်ရိုက်ပတ်သက်နေသည့်အပြင် ပြည်သူ့ကိုယ်စားပြုဥပဒေ၊ ပြည်သူ့ဘဝဥပဒေ၊ ပြည်သူ့ဆန္ဒဥပဒေဖြစ်သည့်အတွက် ဥပဒေပြုရေးတာဝန်ရှိကြသည့် ပြည်သူ့ကိုယ်စားလှယ်များသည် အထူးဂရုပြုပြီး စဉ်းစားဝေဖန်ပြဋ္ဌာန်းပေးကြရန် အထူးလိုအပ်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်မိုးက ယခုကာလတွင် နိုင်ငံတော်အတွင်း လက်နက်ကိုင်အဖွဲ့အစည်းများ၊ မူးယစ်ဆေးဝါးပြဿနာများနှင့် နိုင်ငံတကာတွင် ခြိမ်းခြောက်လျက်ရှိ

စာမျက်နှာ ၈ ကော်လံ ၅

# နှစ်နိုင်ငံလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အပြန်အလှန်သတင်းဖလှယ် ရယူမှုအပါအဝင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၇**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာကောင်းရှန်ခွင်နှင့်အဖွဲ့အား ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ဗေဟျာသီရိ ဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မူးယစ်ဆေးဝါးထုတ်လုပ်၊ ရောင်းဝယ်၊ ဖြန့်ဖြူးမှုလုပ်ငန်းများကို ထိရောက်စွာတားဆီးနှိမ်နင်းရေး၊ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထိခိုက်စေသည့် တရားမဝင်လုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းများကို တားဆီးကာကွယ်ရေး၊ နှစ်နိုင်ငံလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အပြန်အလှန်သတင်းဖလှယ်ရယူမှုအပါအဝင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။
**(သတင်းစဉ်)**






**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာကောင်းရှန်ခွင်အား လက်ခံတွေ့ဆုံစဉ်**

***အမျိုးသားလွှတ်တော်မှ***

သော အကြမ်းဖက်အဖွဲ့အစည်းများ၊ လူကုန်ကူးမှုပြဿနာများနှင့် လေ့စီးဒုက္ခသည်များအရေး ကြုံတင်မျှော်တွေးပြီး လုံခြုံရေးရှုထောင့်အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း လာရောက်တည်းခိုနေထိုင်သူများအနေဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးကို အသိပေးရန် လိုအပ်ပါကြောင်း။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေသည် အုပ်ချုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံကျသော ဥပဒေဖြစ်ပါ၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအတွက် အုပ်ချုပ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ပိုမိုဆောင်ရွက်နိုင်ရန် ယခုထက်မက ဖြည့်သွင်းရေးဆွဲသင့်ပါကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုးက ယခင်က ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရွေးချယ်ခန့်အပ်ခဲ့ပါကြောင်း၊ ယခုဥပဒေသည် အဆိုပါဦးစီးဌာန၏ လုပ်ပိုင်ခွင့်ကို လျှော့ချပြီး ပြည်သူကိုဗဟိုပြုသည့် စနစ်ဖြစ်သည့်အတွက် အုပ်ချုပ်ရေးမှူးများကို ပြည်သူများက ရွေးချယ်နိုင်ပြီဖြစ်ပါကြောင်း။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောထားကွဲလွဲလျက်ရှိသည့် အိမ်ထောင်စုကိုယ်စားလှယ် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပညာအရည်အချင်း သတ်မှတ်ချက်၊ ဖွဲ့စည်းမှု၊ ရွေးချယ်ခန့်အပ်ခြင်းနှင့် ဧည့်စာရင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇောက မိမိတို့ ပြဋ္ဌာန်းအတည်ပြုပေးလိုက်သည့် ဥပဒေတစ်ရပ်သည် ကိုင်တွယ်ကျင့်သုံးမည့် အဖွဲ့အစည်းနှင့် ပြည်သူလူထုအတွက် မျှတမှုရှိစေရန် လိုအပ်ပါကြောင်း၊ ဥပဒေပြုရေးမဏ္ဍိုင်တွင် တာဝန်ထမ်းဆောင်နေသည့် မိမိတို့ကိုယ်စားလှယ်များသည် တစ်ချိန်ချိန်တွင် သာမန်ပြည်သူတစ်ယောက်ဖြစ်လာမည်ဖြစ်သကဲ့သို့ တစ်ခါတစ်ရံတွင်လည်း အုပ်ချုပ်ရေးမဏ္ဍိုင်တွင် တာဝန်ထမ်းဆောင်ရသည့်အခါမျိုးလည်း ရှိကောင်းရှိလာမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေတစ်ရပ်သည် အဘက်ဘက်က ရေရှည်မျှတ အကျိုးရှိစေမည့် ပြဋ္ဌာန်းချက်မျိုးဖြစ်ရန် အထူးအလေးထားသင့်ပါကြောင်း ဆွေးနွေးသည်။

လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်ကို ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။
**(သတင်းစဉ်)**

# မြန်မာ - အီတလီ တပ်မတော် အပြန်အလှန် အတွေ့အကြုံ ဖလှယ်ခြင်း အဆင့်အလိုက် တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဆက်ဆံမှုပိုမိုတိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၇**
ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အီတလီတပ်မတော် စစ်ဦးစီးအရာရှိချုပ်ရုံး၊ နိုင်ငံတကာဆက်ဆံရေးဌာနမှ ရေတပ်ဗိုလ်ချုပ် Roberto Ciammaichella အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သည့် သင်တန်းများ၊ စစ်ရေးနှင့် မသက်ဆိုင်သည့် သင်တန်းများသို့ သင်တန်းသားစေလွှတ်ရေး၊ နှစ်နိုင်ငံ တပ်မတော် အပြန်အလှန်အတွေ့အကြုံ ဖလှယ်ခြင်း၊ အဆင့်အလိုက် တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဆက်ဆံမှုပိုမိုတိုးမြှင့်ရေးတို့ကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၇**
ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် အီတလီတပ်မတော် စစ်ဦးစီးဌာနချုပ်၊ နိုင်ငံတကာဆက်ဆံရေးဌာန ဒုတိယအကြီးအကဲ ရေတပ်ဗိုလ်ချုပ် Roberto Ciammaichella ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်အကြား စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၇**
မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် မြောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။
(မြန်မာ့အလင်း)

# မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA) က Myanmar Now သတင်းဌာနမှ သတင်းထောက်ချုပ် ဦးဆွေဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**ရန်ကုန် စက်တင်ဘာ ၂၇**
ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ အင်းဝအပ်ချုပ်ဆိုင်တွင် အလုပ်လုပ်ကိုင်သည့် အိမ်အကူ မိန်းကလေးနှစ်ဦးအား ညှဉ်းပန်းနှိပ်စက်ခဲ့မှုအား စုံစမ်းဖော်ထုတ် သတင်းရယူခဲ့သည့် Myanmar Now သတင်းဌာနမှ သတင်းထောက်ချုပ် ဦးဆွေဝင်းအား မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (MJA)က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ပန်းဆိုးတန်းလမ်း အလယ်ဘလောက်ရှိ အဆိုပါ MJA ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးသီဟစောက ဂုဏ်ပြုပွဲ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အထွေထွေအတွင်းရေးမှူး ဦးကျော်စွာမင်းက အမျိုးသားသတင်းဆုပေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးသီဟစောက သတင်းထောက်ချုပ် ဦးဆွေဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

Myanmar Now သတင်းဌာနမှ သတင်းထောက်ချုပ် ဦးဆွေဝင်းကို ၎င်း၏ လူမှုရေး အသိစိတ်ဓာတ်ဖြင့် ရန်ကုန်မြို့ကျောက်တံတားမြို့နယ် အင်းဝအပ်ချုပ်ဆိုင်တွင် အိမ်အကူ မိန်းကလေး နှစ်ဦးကို ညှဉ်းပန်းနှိပ်စက်မှုအား မိမိ၏ လုံခြုံရေးနှင့် ကိုယ်ကျိုးကို မငဲ့ကွက်ဘဲ စုံစမ်းဖော်ထုတ်သတင်းရယူခဲ့မှု အပေါ် နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က စက်တင်ဘာ ၂၃ ရက်က ချီးမြှင့်ပေးအပ်ခဲ့ပြီး ယခု မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (MJA) က ဂုဏ်ပြုမှတ်တမ်းလွှာကို ထပ်မံပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

**သတင်း - ကိုကိုဇော်**
**ဓာတ်ပုံ - ဇော်မင်းလတ်**



# ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ အသေးစိတ်သုတေသနစာတမ်းသုံးစောင်ထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၂၇**

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ အသေးစိတ် သုတေသနစာတမ်းများဖြစ်သော မွေးဖွားခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်း၊ သေဆုံးခြင်း၊ ကိုယ်ဝန်ဆောင်မိခင် သေဆုံးခြင်း စာတမ်းသုံးစောင် ထုတ်ပြန်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အဆိုပါစာတမ်းသုံးစောင်ကို သန်းခေါင်စာရင်းမှ ရရှိလာသည့် အချက်အလက်များကိုအခြေခံကာ နိုင်ငံတကာပညာရှင်များ၊ UNFPA နှင့် ပြည်သူ့အင်အားဦးစီးဌာနတို့က ပူးပေါင်းပြုစု၍ ထုတ်ပြန်ခြင်းဖြစ်သည်။

ထုတ်ပြန်သည့် စာတမ်းသုံးစောင်နှင့်ပတ်သက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်က ပြောကြားရာတွင် မွေးဖွားခြင်းနှင့်လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ သုတေသနစာတမ်းတွေ့ရှိချက်များအရ မြန်မာနိုင်ငံတွင် စုစုပေါင်း ကလေးမွေးဖွားနှုန်းအနေဖြင့် အမျိုးသမီးတစ်ဦးလျှင် ကလေး ၂ ဒသမ ၅ ဦး၊ မြို့ပြတွင် ၁ ဒသမ ၉ ဦးနှင့်ကျေးလက်တွင် ၂ ဒသမ ၈ ဦးရှိကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှိုင်းယှဉ်ပါက ချင်းပြည်နယ်တွင် အမျိုးသမီးတစ်ဦးလျှင် စုစုပေါင်း ကလေးမွေးဖွားနှုန်း ၄ဦးဖြင့် အမြင့်ဆုံးဖြစ်ကာ ရန်ကုန်တိုင်းဒေသကြီးတွင် စုစုပေါင်း ကလေးမွေးဖွားနှုန်း ၁ ဒသမ ၈ ဦးဖြင့် အနိမ့်ဆုံးဖြစ်ကြောင်း၊ အိမ်ထောင်ရေးအခြေအနေဆိုင်ရာ အချက်အလက်များအရ အသက် ၅၀ အရွယ် အိမ်ထောင်မကျဖူးသူ အမျိုးသမီးများ အချိုးအစားသည် သိသိသာသာမြင့်မားနေကြောင်း၊ မြန်မာနိုင်ငံ၏ ကလေးမွေးဖွားနှုန်းသည် မြို့ပြကျေးလက်ကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကြားတွင် ကွာဟမှုမြင့်မားနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အဆိုပါအချက်အလက်များသည် မွေးဖွားမှုနှင့် ပတ်သက်သည့် မူဝါဒများ ချမှတ်ရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း။



ထို့အပြင် သေဆုံးခြင်းနှင့်ပတ်သက်၍ လွန်ခဲ့သည့် ဆယ်စုနှစ် သုံးစုမှစ၍ မြန်မာနိုင်ငံတွင် ကလေးငယ်သေဆုံးမှု စံချိန်တင်ကျဆင်းလာသည်ကို တွေ့ရှိရသော်လည်း အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက သေဆုံးနှုန်းမြင့်မားနေဆဲဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ သေဆုံးနှုန်းများကျဆင်းနေသော်လည်း မြန်မာနိုင်ငံ ဒေသအားလုံးကို မလွှမ်းခြုံနိုင်သေးကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့သည် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နှိုင်းယှဉ်ပါက ကလေးသေဆုံးနှုန်းနှင့် အရွယ်ရောက်ပြီးသူတို့၏ သေဆုံးနှုန်းမြင့်မားနေဆဲဖြစ်ကြောင်း၊ ကျား၊ မ၊ ကလေးသေဆုံးနှုန်းကွာဟမှုသည်လည်း မြင့်မားနေသည်ကိုတွေ့ရှိရပါကြောင်း၊ သန်းခေါင်စာရင်းမှ ရရှိလာသည့် သေဆုံးမှုဆိုင်ရာ တွေ့ရှိချက်များ မှန်ကန်မှုရှိ/မရှိ စစ်ဆေးရန်အတွက် အဆိုပါဒေသများ၏သေဆုံးခြင်းဆိုင်ရာ စစ်တမ်းများ ကောက်ယူရန် လိုအပ်ကြောင်း။

ကိုယ်ဝန်ဆောင် မိခင် သေဆုံးခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့်တွင် အရှင်မွေးကလေးဦးရေ ၁၀၀၀၀၀ တွင် သားဖွားမိခင် ၂၈၂ ဦး သေဆုံးသည့်အတွက် သားဖွားမိခင် သေဆုံးနှုန်းမြင့်မားလျက်ရှိကြောင်း၊ အမျိုးသမီးများအတွက် ကလေးမမွေးမီ၊ ကလေးမွေးဖွားစဉ်နှင့် ကလေးမွေးဖွားပြီး ကာလများတွင် ကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပံ့ပိုးပေးနိုင်ရေး၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်ရေးတို့အတွက် တွန်းအားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms.Janet Jackson က အဆိုပါ ထုတ်ပြန်ချက် ကိန်းဂဏန်းများသည် အမျိုးသမီးများ ခံစားရသည့် အန္တရာယ်များအပြင် ကျန်ရစ်သူမိသားစုများကြုံတွေ့ရသည့် ဒုက္ခများပါ ဖော်ပြနေပါကြောင်း၊ အမျိုးသမီးများအနေဖြင့် ကလေးယူသည့်နှုန်းကို ကိုယ်တိုင်စိတ်ကြိုက် လျှော့ချနိုင်မည်ဆိုပါက ကိုယ်ဝန်ဆောင်စဉ်အမျိုးသမီးများ သေဆုံးနှုန်းသည် သိသိသာသာ လျော့နည်းသွားမည်ဖြစ်ပါကြောင်း၊ ယခုထွက်ရှိလာသည့် အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် ပိုမိုကောင်းမွန်သည့် မိသားစု စီမံကိန်းများ လိုအပ်နေသည်ကို ပြသနေပါကြောင်း။

ကိုယ်ဝန်ဆောင်မိခင်များ သေဆုံးမှုကို လျှော့ချနိုင်ရေးအတွက် အစိုးရသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့၏ အကူအညီများဖြင့် ကိုယ်ဝန်ဆောင်မိခင်များ အသက်ဆုံးရှုံးရခြင်းကို စောင့်ကြည့်မှတ်တမ်းတင်ကာ တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ်တစ်ရပ်ကို စတင်ဆောင်ရွက်နေပြီး ကျန်းမာရေးဝန်ထမ်းများအား လေ့ကျင့်သင်တန်းပေးမှု စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြောကြားသည်။

ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းမှ ရရှိသော ရလဒ်အစီရင်ခံစာများအပေါ်မူတည်၍ အသေးစိတ်သုတေသနစာတမ်း ၁၅ စောင်ရေးသားပြုစုလျက်ရှိပြီး လက်ရှိတွင် စာတမ်းသုံးစောင် ရေးသားပြုစုထုတ်ပြန်နိုင်ခဲ့ကာ ကျန်ရှိသည့် စာတမ်း ၁၂ စောင်ကို ဆက်လက်ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် မွေးဖွားခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်း အသေးစိတ်သုတေသနစာတမ်းကို ညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်စိုး၊ သေဆုံးခြင်း အသေးစိတ်သုတေသနစာတမ်းကို ညွှန်ကြားရေးမှူး ဒေါက်တာညီညီ၊ ကိုယ်ဝန်ဆောင်မိခင် သေဆုံးခြင်း အသေးစိတ်သုတေသနစာတမ်းကို Mr.Fredrick Okwayo တို့က အသေးစိတ်ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များအား ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြသည်။

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Ms.Janet Jackson နှင့်တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# စိုက်ပျိုးရေးလုပ်ကိုင်သူများအတွက် ရာသီဥတုဖိုရမ်နှင့် (၉)ကြိမ်မြောက် တောင်အာရှဥတုရာသီပြောင်းလဲမှုဆိုင်ရာသုံးသပ်ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၇**

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် (WMO) နှင့်ကနေဒါနိုင်ငံအစိုးရတို့၏ ပံ့ပိုးမှုဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ထိုင်းနိုင်ငံအခြေစိုက် ဒေသတွင်း ဘက်စုံသဘာဝဘေးကြိုတင်ကာကွယ်ရေး ဗဟိုဌာန (RIMES) တို့ ပူးပေါင်း၍ (၉)ကြိမ်မြောက် တောင်အာရှဥတုရာသီပြောင်းလဲမှုဆိုင်ရာ သုံးသပ်ဆွေးနွေးပွဲ (SASCOF-9) နှင့် Climate Service User Forum for Agriculture(CSUF-Ag2) စိုက်ပျိုးရေးကဏ္ဍအတွက် ရာသီဥတုဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ Royal ACE ဟိုတယ်၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးကျော်မျိုးက အဖွင့်အမှာစကား ပြောကြားသည်။

ယနေ့ဆွေးနွေးပွဲတွင် RIMES မှ ကျွမ်းကျင်ပညာရှင် Dr. Govindarajalu Srinivasan နှင့် ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့အခြေစိုက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် (WMO)၏ World Climate Application and Services Division (WCAS) အကြီးအကဲ Dr. Rupa Kumar Kolli တို့က တက်ရောက်အမှာစကားပြောကြားကြပြီး ဆွစ်ဇာလန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံ၊ ဘူတန်နိုင်ငံ၊ မော်လ်ဒိုက်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မိုးလေဝသ ခန့်မှန်းရေးအရာရှိများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တောင်အာရှ ဒေသအတွင်း SASCOF အဖွဲ့ဝင်နိုင်ငံများမှ မိုးလေဝသနှင့်ဇလဗေဒဌာနများ အပါအဝင် ဒေသတွင်းအဆင့်နှင့် ကမ္ဘာလုံးဆိုင်ရာ ကျွမ်းကျင်သူများစုပေါင်း၍ ၂၀၁၆ ခုနှစ် ဆောင်းမုတ်သုံကာလအတွက် ရာသီဥတု အလားအလာ ခန့်မှန်းချက်များကို အများပြည်သူများ နားလည်သိရှိစေရန်၊ ထုတ်ပြန်နိုင်ရန်နှင့် ရာသီဥတုခန့်မှန်းချက်များ၊ ထုတ်ပြန်ချက်များ ပြုလုပ်သည့် မိုးလေဝသဌာနများ၊ အဖွဲ့အစည်းများ၊ စိုက်ပျိုးရေးဌာနများမှ ကျွမ်းကျင်သူများ စုပေါင်းဆွေးနွေးနိုင်ရန် ကျင်းပခြင်းဖြစ်သည်။

အယ်လ်နီညိုပြီးနောက် လာနီညာ လာတတ်သော်လည်း ယခုလာနီညာ ဖြစ်စဉ်မှာ အားပျော့သည့် လာနီညာသာ ဖြစ်နိုင်ကြောင်း၊ ဆောင်းရာသီမုတ်သုံလေကို စောင့်ကြည့်လျက်ရှိရာ မြန်မာပြည် အလယ်ပိုင်းမုတ်သုံမှာ ဆုတ်ခွာသွားပြီဖြစ်ပြီး ကမ်းရိုးတန်းအပါအဝင် တစ်ပြည်လုံး အတိုင်းအတာဖြင့် အောက်တိုဘာ ၁၀ ရက်အတွင်းဆုတ်ခွာလိမ့်မည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဟာရင်နိုင်တီယမ်း ကပြောကြားသည်။

ယခုဖိုရမ်မှ ရာသီဥတုခန့်မှန်းထုတ်ပြန်မှုသည် စိုက်ပျိုးရေးအတွက် အရေးကြီးသဖြင့် တောင်သူလယ်သမားများနှင့် ရေအရင်းအမြစ်အသုံးပြုသူများအတွက် အကျိုးရှိသော ရလဒ်များကို ဆွေးနွေးထုတ်ပြန်ပေးသွားမည်ဟု သိရသည်။

မိုးလေဝသဌာနများမှ ရာသီဥတုနှင့် မိုးလေဝသခန့်မှန်းသတင်းများကို စိုက်ပျိုးရေးကဏ္ဍမှ တောင်သူလယ်သမားများက အမြဲနားစွင့်ကာ အသုံးချရန်လိုအပ်ကြောင်း Mr. Rupa Kumar Kolli က ပြောကြားသည်။ **(သတင်းစဉ်)**

# ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် အခြားတိုင်းဒေသကြီး/ပြည်နယ်များနှင့်ယှဉ်လျှင် သေဆုံးမှုနှုန်းမြင့်မား

**နေပြည်တော် စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံတွင် သေဆုံးခြင်းနှင့် ပတ်သက်ပြီး လွန်ခဲ့သည့် ဆယ်စုနှစ်သုံးစုမှစ၍ မြန်မာနိုင်ငံတွင် စံချိန်တင်ကျဆင်းလာသည်ကို တွေ့ရှိရသော်လည်း အာဆီယံနိုင်ငံများနှင့်နှိုင်းယှဉ်ပါက သေဆုံးနှုန်း မြင့်မားနေဆဲဖြစ်နေသည်ကို တွေ့နေရကြောင်း၊ သေဆုံးမှုနှုန်း ကျဆင်းသော်လည်း မြန်မာနိုင်ငံ ဒေသအားလုံးကို မလွှမ်းခြုံနိုင်သေးကြောင်း စက်တင်ဘာ ၂၇ ရက် နံနက်က နေပြည်တော် သင်္ဂဟဟိုတယ်၌ ပြုလုပ်သည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း မွေးဖွားခြင်းနှင့်လက်ထပ်ထိမ်းမြားခြင်း၊ သေဆုံးခြင်း၊ သားဖွားမိခင်သေဆုံးခြင်းဆိုင်ရာအသေးစိတ်သုတေသနစာတမ်းများ ထုတ်ပြန်ခြင်းအခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအမြဲတမ်း အတွင်းဝန် ဦးမြင့်ကြိုင်က အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသွားသည်။

“စာတမ်းမှာပါတဲ့ သေဆုံးမှုအကြောင်းအရာကို တင်ပြသွားတာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့လူဦးရေသေဆုံးမှုအခြေအနေကို နှစ်ပိုင်းတင်ပြသွားပါတယ်။ ပထမပိုင်းကတော့ ကလေးသေဆုံးမှုမှာ အသက်တစ်နှစ်အောက် ကလေးသေဆုံးမှု၊ အသက်ငါးနှစ်အောက် ကလေးသေဆုံးမှု (Early-age mortality) ကို ပထမတင်ပြပါတယ်။ နောက်တော့ အသက်ကြီးရင့်တဲ့အချိန်မှာ သေဆုံးမှုအခြေအနေကိုတင်ပြပါတယ်။ ကလေးသေဆုံးမှုနှုန်းကို မိန်းကလေးနဲ့ယောကျ်ားလေး သေဆုံးမှုနှုန်းမှာ ယောက်ကျားလေးသေဆုံးမှုနှုန်းက အများကြီးမြင့်နေတာကို တွေ့ရှိရပါတယ်။ ဒါကဘာကြောင့်ဖြစ်ရလဲဆိုတာကို သန်းခေါင်စာရင်းက လေ့လာတယ်ဆိုတာကတော့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ဘာကြောင့် ယောကျ်ားလေးတွေက မိန်းကလေးတွေထက် သေဆုံးနှုန်းမြင့်မားရတယ်ဆိုတာကိုတော့ ဆက်ပြီးတော့မှ သုတေသနလုပ်ငန်းတွေကို ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။



ဒေါက်တာ ညီညီ



ဒေါက်တာ ခိုင်ခိုင်စိုး

သက်ကြီးပိုင်းသေဆုံးမှုနှုန်းမှာလည်း ဒီလိုပါပဲ။ ယောကျ်ားလေးတွေရဲ့ သေဆုံးမှုနှုန်းက မိန်းကလေးတွေရဲ့သေဆုံးမှုထက်မြင့်နေတာကို တွေ့ရပါတယ်။ မွေးဖွားနှုန်းနဲ့ သေဆုံးမှုနှုန်းက ဆက်စပ်မှုရှိပါတယ်။ ကလေးမွေးဖွားမှုနှုန်းမြင့်မားရင် သေဆုံးမှုနှုန်းကလည်း မြင့်မားလေ့ရှိပါတယ်။ အိမ်ထောင်သည် အမျိုးသမီးတွေရဲ့ မွေးဖွားနှုန်းကို လျှော့ချပေးနိုင်လို့ရှိရင် ကလေးမွေးဖွားနှုန်းဟာကျဆင်းသွားဖို့ဖြစ်နိုင်ပါတယ်” ဟု သေဆုံးခြင်း အသေးစိတ်သုတေသနစာတမ်းကို ပြုလုပ်သည့် ညွှန်ကြားရေးမှူး ဒေါက်တာညီညီက ပြောသည်။

မြန်မာနိုင်ငံတွင် သေဆုံးမှုနှုန်းအမြင့်ဆုံးမှာ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့ဖြစ်ပြီး သေဆုံးမှုအနိမ့်ဆုံးမှာ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

မြန်မာနိုင်ငံတွင် မွေးဖွားခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ သုတေသနစာတမ်းတွေ့ရှိချက်အရ အမျိုးသမီးတစ်ယောက် ကလေးမွေးနှုန်းမှာ ကလေး ၂ ဒသမ ၅ ဦး၊ မြို့ပြတွင် ၁ ဒသမ ၉ ဦးနှင့် ကျေးလက်တွင် ၂ ဒသမ ၈ ဦး ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်ကို နှိုင်းယှဉ်ပါက ချင်းပြည်နယ်တွင် အမျိုးသမီးတစ်ဦးလျှင် ကလေးမွေးဖွားနှုန်း ၄ဦးဖြင့် အမြင့်ဆုံးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် အမျိုးသမီးတစ်ဦးလျှင် ကလေးမွေးဖွားနှုန်း ၁ ဒသမ ၈ ဦးဖြင့် အနိမ့်ဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း အဆိုပါစာတမ်းကို ဖတ်ကြားသည့် ညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်စိုးက ပြောသည်။

ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့်တွင် အရှင်မွေးကလေးဦးရေ ၁၀၀၀၀၀ တွင် သားဖွားမိခင် ၂၈၂ ဦးသေဆုံးသည့်အတွက် သားဖွားမိခင်များ သေဆုံးလျက်ရှိကြောင်း၊ ထို့ကြောင့် အမှန်မှာကလေးမွေးဖွားနှုန်းကျခြင်း မဟုတ်ကြောင်း၊ သို့အတွက်ကြောင့် အိမ်ထောင်ကျသည့် အမျိုးသမီးများအတွက် ကလေးမမွေးမီ၊ ကလေးမွေးဖွားစဉ်နှင့် ကလေးမွေးဖွားပြီးကာလများတွင် ကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပံ့ပိုးပေးနိုင်ရေး၊ အမျိုးသမီးများအတွက် မိသားစုစီမံချက်များ လိုအပ်ကြောင်း၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တစ်နှစ်အောက်ကလေး စောင့်ရှောက်မှုများ ပြုလုပ်ရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

**သတင်း- ဇူလိုင်မိုး၊ ဓာတ်ပုံ- ချစ်သမီး**

# ချာလော့တီဆန္ဒပြသူများ မြို့တော်ဝန်နုတ်ထွက်ပေးရန် ဆက်လက်တောင်းဆို




**နယူးယောက် စက်တင်ဘာ ၂၇**

စက်တင်ဘာ ၂၆ ရက်က ချာလော့တီတွင် လူမျိုးရေးတန်းတူရှိရေးအတွက် ဆန္ဒပြသူပေါင်းများစွာက ဆက်လက်ဆန့်ကျင်ဆန္ဒပြတိုက်ပွဲဝင်ခဲ့ပြီး လူမည်းတစ်ဦးအားသတ်မှုဖြင့် မြို့တော်ဝန်၊ ရဲချုပ်နှင့်ဥပဒေပြုသူများအား နုတ်ထွက်ပေးရန်တောင်းဆိုလိုက်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဒေသခံများနှင့် ဆန္ဒပြသူအများအပြားသည် ကိတ်စတော့ အသတ်ခံရသည့် အင်္ဂါနေ့မှစ၍ ချာလော့တီမြို့ထဲလမ်းမများတွင် နေ့စဉ်ရက်ဆက်ဆက်တိုက်ဆန္ဒပြမှုများတွင် ပါဝင်ခဲ့ကြသည်။

ဒေသခံလူဦးရေ ၇၉၂၀၀၀ ခန့်ရှိသည့်မြို့၌ လူမျိုးရေးခွဲခြားဆက်ဆံမှုဆိုင်ရာ မြို့တော်အစည်းအဝေးတွင် ပါဝင်ဆွေးနွေးသူများက မြို့တော်ရှိသက်ဆိုင်ရာအရာရှိများသည် ရဲများက လူတိုင်းကို မျှမျှတတဆက်ဆံရေးအတွက် ဆောင်ရွက်ရန် တာဝန်ရှိကြောင်း ပြောဆိုခဲ့သည်။ မြို့တော်ဝန်ဂျနီဖာရောဘတ်၊ ရဲချုပ် ကားလ်ပွတ်နေးနှင့် မြို့တော်ကောင်စီ အဖွဲ့ဝင်များကို နုတ်ထွက်ပေးရန် တောင်းဆိုခဲ့ကြသည်။

"သင့်အလုပ်ကို သင်မလုပ်နိုင်ဘူးဆိုရင် လုပ်နိုင်တဲ့လူတစ်ယောက်ကို ရှာဖွေစို့"ဟု ရှေ့နေတစ်ဦးဖြစ်သူ ဒါဆယ်ချန်ဒလာက ပြောခဲ့သည်။

**(ရိုက်တာ)**

# နျူကလီးယားဖျက်အားပြင်းလက်နက်များ မစမ်းသပ်ရေး လုံခြုံရေးကောင်စီဆုံးဖြတ်ချက်ကို မြောက်ကိုရီးယားလျစ်လျူရှု

**ပြုံယမ်း စက်တင်ဘာ ၂၇**

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် မကြာသေးမီက ချမှတ်ခဲ့သည့် အဖွဲ့ဝင်နိုင်ငံများအားလုံး နျူကလီးယားစမ်းသပ်မှုမပြုရေးဆိုသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို လိုက်နာနိုင်လိမ့်မည်မဟုတ်ကြောင်း အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ကုလသမဂ္ဂအထွေထွေညီလာခံ၌ မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးနှင့်အတူ လိုက်ပါလာသည့် အရာရှိတစ်ဦးကို နယူးယောက်၌ စက်တင်ဘာ ၂၆ ရက်က အင်န်အိတ်ချ်ကေသတင်းဌာနမှ တွေ့ဆုံမေးမြန်းစဉ် ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

နျူကလီးယားလက်နက်ပိုင်ဆိုင်ရန်မှာ ပြုံယမ်း၏ မူဝါဒပင်ဖြစ်ကြောင်း ပြုံယမ်းအနေဖြင့် သောကြာနေ့က ချမှတ်ခဲ့သည့် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်ကို ဂရုမစိုက်ကြောင်း ၎င်းအရာရှိက ဆက်လက်ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ရီယွန်ဟိုက လွန်ခဲ့သော သောကြာနေ့က ကုလသမဂ္ဂအထွေထွေညီလာခံ၌ မြောက်ကိုရီးယား၏ နျူကလီးယားစမ်းသပ်မှုများသည် နိုင်ငံတော်ကာကွယ်ရန်အတွက်ဟုဆိုကာ ခုခံပြောဆိုခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# အီဂျစ်မှထွက်သောသီးနှံများ ရောင်းချခွင့်ပိတ်ဆို့ထားမှုကို ရုရှားရုပ်သိမ်း

**မော်စကို စက်တင်ဘာ ၂၇**

ရုရှားနိုင်ငံသည် အီဂျစ်မှ အသီးအနှံများတင်သွင်းမှုကို ပိတ်ဆို့ထားရာမှ ယခုအခါ ပိတ်ဆို့မှုကို ဖယ်ရှားလိုက်ပြီဖြစ်သည်။ သို့သော် အာလူးတင်သွင်းခွင့်ကိုမူ ခွင့်ပြုမထားကြောင်း ရုရှားသတင်းအေဂျင်စီတစ်ခုက အင်္ဂါနေ့တွင် ပြောသည်။

ရုရှားနှင့် အီဂျစ်နိုင်ငံတို့သည် နှစ်နိုင်ငံ သီးနှံများအပြန်အလှန်တင်ပို့ခြင်းကို ပြန်လည်စတင်ရန် သဘောတူထားကြောင်းသိရသည်။ အီဂျစ်နိုင်ငံဘက်မှ တာဝန်ရှိသူများသည် ရုရှားနိုင်ငံမှ ကျန်းမာရေးနှင့်အစားအသောက်လုံခြုံစိတ်ချရမှုမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။ ရုရှားနိုင်ငံမှ ကျွမ်းကျင်သူများသည် အောက်တိုဘာ သို့မဟုတ် နိုဝင်ဘာလတို့တွင် အီဂျစ်သို့သွားရောက်မည်ဖြစ်သည်။ ထိုသို့သွားရောက်စဉ်အတွင်း လိုအပ်ချက်များကို စစ်ဆေးသွားမည်ဖြစ်သည်။ ရုရှားနိုင်ငံသည် အစားစာများ လုံခြုံစိတ်ချရမှုနှင့်ပတ်သက်၍ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၂ ရက်၌ အီဂျစ်နိုင်ငံမှ သီးနှံများ တင်သွင်းမှုကို တားမြစ်ခဲ့သည်။

**(ဆင်ဟွာ)**

# နီပေါအလယ်ပိုင်း၌ ယာဉ်မတော်တဆဖြစ်ကာ ၁၄ ဦးသေဆုံး

**ခတ္တမန္ဒူ စက်တင်ဘာ ၂၇**

နီပေါနိုင်ငံအလယ်ပိုင်း ဒါဒင်ပြည်နယ် မာပတ်ရွာတွင် စက်တင်ဘာ ၂၇ ရက်က ဘတ်စ်ကားတစ်စီး မတော်တဆဖြစ်ပွားကာ လူ ၁၄ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ထိုသို့ မတော်တဆဖြစ်ပွားရာနေရာ၌ သက်ဆိုင်ရာတာဝန်ရှိသူများက စုံစမ်းမှုများပြုလုပ်နေကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# တက္ကဆက်ပြည်နယ်၌ ပစ်ခတ်မှုဖြစ်ပွား၊ ကိုးဦးဒဏ်ရာရ

**ဟူစတန် စက်တင်ဘာ ၂၇**

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်၏ အကြီးဆုံးမြို့ဖြစ်သည့် ဟူစတန်မြို့၌ တနင်္လာနေ့က ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။

လက်နက်ကိုင်ဆောင်ထားသော သေနတ်သမားက ကားပေါ်မှ ပစ်ခတ်ခဲ့ရာ လူကိုးဦးဒဏ်ရာရရှိခဲ့သည်။ ပစ်ခတ်မှုဖြစ်ပွားသည့် သတင်းရရှိပြီးနောက် ရဲတပ်ဖွဲ့ဝင်များနှင့်မီးသတ်တပ်ဖွဲ့ဝင်များသည် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ပစ်ခတ်မှုဖြစ်ပွားခဲ့သည့် နေရာ၌ ကားအချို့ရပ်တန့်ထားရာ ကားပေါ်မှ လူတစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အစောပိုင်း စုံစမ်းစစ်ဆေးမှုများအရ သေနတ်သမားမှာ ရှေ့နေတစ်ဦးဖြစ်သည်ဟု အတည်ပြုနိုင်ခဲ့သည်။

၎င်းမှာ ပစ်ခတ်မှုများအပြီး သေဆုံးသွားခဲ့သည်။ ဒဏ်ရာရရှိသူ ခြောက်ဦးကို နီးစပ်ရာဆေးရုံသို့ခေါ်ဆောင်ကုသမှု လုပ်ဆောင်နေသော်လည်း ၎င်းတို့၏အခြေအနေမှာ စိတ်ချရမှုမရှိသေးပေ။




အသေးစား ဒဏ်ရာရရှိသူသုံးဦးမှာ အခင်းဖြစ်ပွားရာနေရာမှ ထွက်ခွာသွားခဲ့သည်။ ပစ်ခတ်မှုဖြစ်ပွားရခြင်း၏ အကြောင်းကို ရဲများက စုံစမ်းလျက်ရှိသည်။

**(ဆင်ဟွာ)**

# အလက်ပိုတွင် အာဆတ်နှင့်ရုရှားတို့ စစ်ပွဲအောင်နိုင်ရေးလိုလားနေကြောင်း ဂျွန်ကယ်ရီပြော



**ဒမတ်စကတ် စက်တင်ဘာ ၂၇**

အောင်မြင်မှုမရှိခဲ့သည့် ဆီးရီးယားအပစ်ရပ်စဲရေး သဘောတူညီချက်သည် အလက်ပိုသူပုန်ထိန်းချုပ်ရာဒေသ၌ ရုရှားထောက်ခံထိုးစစ်ဆင်မှုများကို ပိုမိုပြင်းထန်စေခဲ့သော်လည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီအနေဖြင့် ရုရှားနှင့်ညှိနှိုင်းဆွေးနွေးရေးကို ဆက်လက်ကျားကန်ထားကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ရုရှားနှင့် ၎င်း၏မဟာမိတ် ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်တို့က အတိုက်အခံလက်ထဲသို့ ကျရောက်နေသည့် နယ်မြေများတွင် လေကြောင်းချီတိုက်ခိုက်မှုများရပ်တန့်ရေး အနောက်အုပ်စု၏တောင်းဆိုမှုကို လျစ်လျူရှုနေချိန်၌ အလက်ပိုအရှေ့ဘက်တွင် ဆေးဝါးထောက်ပံ့မှုများလည်း ပြတ်လပ်ကုန်ပြီဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ၏ကြိုးစားမှုကြောင့် ယခုလတွင် အပစ်ရပ်စဲရေးခဏတာရရှိခဲ့သော်လည်း လွန်ခဲ့သည့်သီတင်းပတ်မှစ၍ မော်စကိုနှင့် ဒမတ်စကတ်တို့က ထိုးစစ်ဆင်နွှဲမှုများ ပြုလုပ်ခဲ့ကြသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ မော်စကိုသို့ သံခင်းတမန်ခင်းကမ်းလှမ်းချက်သည်လည်း သံသယများနှင့် ရင်ဆိုင်ခဲ့ရသည်။ ဆီးရီးယားအပစ်ရပ်စဲရေး မအောင်မြင်ခြင်းသည် တိုက်ခိုက်မှုများကြောင့်မဟုတ်ကြောင်း၊ စစ်ပွဲတွေကို ရပ်ဆိုင်းရန် အကောင်းဆုံးနည်းလမ်းများမှာ ဆွေးနွေးခြင်းပင်ဖြစ်ကြောင်း ကယ်ရီက ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားတို့အပေါ် အလွန် အမင်းယုံကြည်ခဲ့မှုနှင့်ပတ်သက်ပြီး ရီပတ်ဘလစ်ကန်အမတ် ဂျွန်မက်ကိန်းက ၎င်းကို အပြင်းအထန်ဝေဖန်ခဲ့သည်။ "တကယ်ဖြစ်နေသည့်အကြောင်းမှာ အာဆတ်နှင့်ရုရှားတို့က စစ်ပွဲအောင်နိုင်ရေး လိုလားခြင်းကြောင့်ဖြစ်ကြောင်း" ကယ်ရီက သတင်းထောက်များကို ပြောခဲ့သည်။

**(ရိုက်တာ)**

# ငြိမ်းချမ်းရေးမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်တော့မည့် ကိုလံဘီယာ

**ခြူးစန္ဒီနွေး**

ကိုလံဘီယာနိုင်ငံ၌ ပြည်တွင်းစစ် ဖြစ်ပွားခဲ့သည်မှာ ရာစုနှစ်တစ်ဝက်ကျော် ကြာမြင့်ခဲ့သည်။ အတိအကျပြောရမည်ဆိုလျှင် ၅၂ နှစ်ကြာ ပြည်တွင်းစစ်ဖြစ်ပွားခဲ့သည်။ အချိန်ကြာမြင့်စွာ ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ် ကြောင့် ပြည်သူများစွာအသက်ဆုံးရှုံးခဲ့ရသည်။

နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးကြန့်ကြာစေခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှုများစွာဖြစ်ပေါ်ခဲ့သည်။ ယခုအခါ ပြည်သူများ နှစ်ပေါင်းများစွာကြာအောင် ခံစားခဲ့ရသည့် စီးပွားရေးကျဆင်းခြင်း၊ အသက်အိုးအိမ်စည်းစိမ်တို့အတွက် စိုးထိတ်နေရခြင်းအစရှိသည့် ဘေးဒုက္ခများမှ ကင်းလွတ်နိုင်တော့မည့် မျှော်လင့်ချက်ရောင်ခြည် သန်းစပြုလာပြီဖြစ်သည်။ ကိုလံဘီယာသမ္မတ ဂျူအန် မန်နျူရယ် ဆန်တို့စ်နှင့် ကိုလံဘီယာ လက်နက်ကိုင် တော်လှန်ရေးအဖွဲ့ (FARC) ခေါင်းဆောင် တီမိုချင်ကိုတို့ ငြိမ်းချမ်းရေးကိစ္စများဆောင်ရွက်ရန် ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ ဆွေးနွေးခဲ့ကြသည်မှာ လေးနှစ်ရှိပြီဖြစ်သည်။ ဆွေးနွေးပွဲများမှတစ်ဆင့် အောင်မြင်မှုရလဒ်အဖြစ် ကိုလံဘီယာသမ္မတ ဆန်တို့စ်နှင့် တော်လှန် ရေးခေါင်းဆောင် တီမိုချင်ကိုတို့နှစ်ဦး ကိုလံဘီယာမြေပေါ်၌ ပထမဦးဆုံးအကြိမ် အဖြစ် တနင်္လာနေ့နှောင်းပိုင်းတွင် ကမ္ဘာ့ခေါင်းဆောင်များ ရှေ့မှောက်၌ လက်ဆွဲနှုတ်ဆက်နိုင်ပြီဖြစ်သည်။

ကိုလံဘီယာသမ္မတက တော်လှန်ရေးအုပ်စုနှင့် ငြိမ်းချမ်းရေးစာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ခြင်းမှာ တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းပင်ဖြစ်ကြောင်း ပြောခဲ့သည်။ တိုင်းပြည်ပြန်လည် ထူထောင်ရေးအတွက်လည်းလုပ်ဆောင်နိုင်တော့ဖြစ်သည်။ ပဋိပက္ခများကြောင့် ကိုလံဘီယာလူမှုအဖွဲ့အစည်းအတွင်း သက်ရောက်မှုများစွာရှိခဲ့သည်။

"လူတစ်ဖက်သား ဘယ်လိုနာကျင်ခံစားရမလဲဟူသော ကိုယ်ချင်းစာ တရားများလည်း ပျောက်ဆုံးခဲ့ကြတယ်"ဟု သမ္မတဆန်တို့စ်ကပြောခဲ့သည်။"နိုင်ငံရဲ့အတိတ်ဟာ ကျည်ဆန်တွေဖုံးလွှမ်းခဲ့ပေမယ့် အနာဂတ်မှာတော့ ပညာ ရေးနဲ့ပဲလွှမ်းခြုံမယ်"ဟူသောစကားမှာ ကိုလံ ဘီယာနိုင်ငံ၏ ငြိမ်းချမ်းတော့မည့် နိမိတ်ကို ဖော်ကျူးလျက်ရှိသည်။ ကိုလံဘီယာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုမှာ စစ်အေးကာလနောက်ဆုံး ပဋိပက္ခကို ချုပ်ငြိမ်းစေသည့်အတွက် သမိုင်းဝင်ဟုပင် ဆိုရမည်ဖြစ်သည်။



ယခင်ကပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့်မတူညီသည့်အချက်မှာ ယခုအကြိမ်၌မူ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းမျိုးမရှိပေ။ ကိုလံဘီယာလုံခြုံရေးတပ်ဖွဲ့ဝင်များသည် အထူးတရားသူကြီးများကိုလက်ခံထားပြီး စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်များကို လက်ခံဆောင်ရွက်မည်ဖြစ်သည်။

ဆယ်စုနှစ် ငါးခုကြာဖြစ်ပွားခဲ့သည့်စစ်ပွဲများ၏ရလဒ်မှာ တစ်ဖက်နှင့်တစ်ဖက် ခါးသီးစွာမုန်းတီးမှုနှင့် အပြန်အလှန်ယုံကြည်မှုကင်းမဲ့ကြခြင်းပင်ဖြစ်သည်။ ကိုလံဘီယာလက်နက်ကိုင်တော်လှန်ရေးအဖွဲ့၏ ကြမ်းတမ်းရက်စက်မှုများ အမှန်ပင် အဆုံးသတ်တော့မည်လားဟု မယုံမကြည် သံသယဝင်နေသူများလည်းရှိသည်။ ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုနိုင်ခြင်းမှာ သမိုင်းဝင်ဖြစ်သော်လည်း နောက်ထပ်သဘာထားကွဲလွဲမှုများထပ်၍ ရှိလာနိုင်ဦးမည်လားဟူ၍လည်း သံသယစိတ်ပွားလျက်ရှိကြသည်။

"ငြိမ်းချမ်းရေး စာချုပ်မှာ လက်မှတ်ထိုးတဲ့အစီအစဉ်ကတော့ ရိုးရိုးရှင်းရှင်းလေးပါပဲ။ လက်မှတ်ထိုးပြီး နောက်ပိုင်းကိစ္စတွေမှာတော့ အေးအေးဆေးဆေးနေလို့ မရတော့ပါဘူး။ အခက်အခဲဆုံးအပိုင်းတွေကတော့ တိုင်းပြည်ကို ပြန်လည်ထူထောင်ဖို့ပါပဲ"ဟု ကိုလံဘီယာသမ္မတက ပြောသည်။

ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးပွဲမတိုင်မီ သောကြာနေ့ကပြုလုပ်သည့်ကိုလံဘီယာ တော်လှန်ရေးလက်နက်ကိုင်အဖွဲ့ (FARC)၏ အဖွဲ့ဝင်များ ဆန္ဒမဲပေးပွဲအခမ်းအနားတွင် ငြိမ်းချမ်းရေးစာချုပ်၌ လက်မှတ်ရေးထိုးရန် အားလုံးက တစ်ခဲနက်ထောက်ခံခဲ့ကြသည်။ ထိုသို့ငြိမ်းချမ်းရေးစာချုပ်တွင် လက်မှတ်ရေးထိုးလိုက်ခြင်းဖြင့် အကျိုးရလဒ်အနေဖြင့် ဥရောပသမဂ္ဂအဖွဲ့ကြီးကလည်း (FARC) အဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် အမည်ပျက်စာရင်းသွင်းထားရာမှ ဖယ်ရှားပေးမည်ဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ခြင်းကြောင့် အမည်ပျက်စာရင်းမှ ဖယ်ရှားပေးမည်ဖြစ်သည်ဟု ဥရောပသမဂ္ဂနိုင်ငံခြားရေးမူဝါဒအကြီးအကဲ ဖီဒီရီကာ မိုဟီရီနီက ပြောသည်။

ကိုလံဘီယာနိုင်ငံအတွက် အလားအလာကောင်းများရှိလာမည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ဥရောပသမဂ္ဂ၏ အကူအညီဒေါ်လာသန်း ၆၀၀ လက်ခံရရှိဖို့ လမ်းစပွင့်သွားပြီလည်းဖြစ်သည်။ FARC အဖွဲ့ကို ဥရောပသမဂ္ဂက ၂၀၀၂ ခုနှစ်၌ အကြမ်းဖက်အဖွဲ့အစည်းအဖြစ်အမည်စာရင်းသွင်းခဲ့ခြင်းဖြစ်သည်။ ဟာဗားနား၌ဆွေးနွေးခဲ့သည့် လေးနှစ်ကြာ ငြိမ်းချမ်းရေးဆွေးနွေးပွဲရလဒ်ကို ဥရောပသမဂ္ဂက ကြိုဆိုခဲ့သည်။

၅၂ နှစ်ကြာ ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် ခန့်မှန်းခြေအားဖြင့် လူပေါင်း ၂၆၀၀၀၀ သေဆုံးခဲ့ရပြီး ခြောက်သန်းကျော်မှာ နေအိမ်များမှ စွန့်ခွာထွက်ပြေးခဲ့ရသည်။ စာချုပ်တွင်ပါဝင်သည့်အချက်များမှာ FARC အဖွဲ့သည် ရက်ပေါင်း ၁၈၀ အတွင်း လက်နက်ကိုင်မှု စွန့်လွှတ်ရမည်ဖြစ်ပြီး ကုလသမဂ္ဂကသတ်မှတ်ပေးထားသော လက်နက်လျှော့ချရေးဇုန်အတွင်း တပ်ဖွဲ့ဝင် ၇၅၀၀ ကိုဖယ်ရှားပေးရမည်ဖြစ်သည်။ နိုင်ငံရေးပြစ်မှုများအတွက် လွတ်ငြိမ်းချမ်းသာခွင့်ကို သဘောတူခွင့်ပြုထားသည်။

FARC အဖွဲ့မှ မူးယစ်ဆေးဝါးများ ထုတ်လုပ်မှုကိုရပ်ဆိုင်းရန် သဘောတူညီထားပြီး တောင်သူများက တရားဥပဒေနှင့်မညီသည့် သီးနှံများစိုက်ပျိုးခြင်းမရှိဘဲ အခြားသီးနှံများ စိုက်ပျိုးရေးတွင်ကူညီရန် အစိုးရက အကူအညီ တောင်းခံထားသည်။ FARC အဖွဲ့သည် နိုင်ငံရေးပါတီ ဖြစ်လာမည်ဖြစ်ပြီး လွှတ်တော်ရှိ ၇၆၈ နေရာ၌ ၁၀ နေရာရရှိမည်ဖြစ်သည်။ ဝေးလံသည့် ကျေးလက်ဒေသများအတွက် မြေယာများ၊ အခြေခံအဆောက်အအုံများ၊ ဈေးငွေများ ထုတ်ပေးနိုင်ရန် နှစ်ဖက်စလုံးမှ သဘောတူညီထားသည်။ ကိုလံဘီယာသမ္မတက FARC အဖွဲ့နှင့် ချုပ်ဆိုသော စာချုပ်မှာ မျှတမှုရှိကြောင်း ပြောဆိုခဲ့သည်။

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်တယ်ရီ၊ ကျူးဘားနိုင်ငံအပါအဝင် လက်တင်အမေရိကခေါင်းဆောင်များနှင့် စစ်ပွဲကာလအတွင်း ထိခိုက်ခံစားခဲ့ရသူများ တက်ရောက်ကြသည်။

ကိုလံဘီယာသမ္မတက ကိုလံဘီယာပြည်သူ အများစုဟာ ငြိမ်းချမ်းရေးစာချုပ်ကို ထောက်ခံကြမည်ဟု ယုံကြည်ကြောင်း ပြောခဲ့သည်။ နောက်ဆုံးကောက်ခံထားသည့် ဆန္ဒမဲများအရ ပြည်သူလူထု ၆၅ နှင့် ၇၀ ရာခိုင်နှုန်းတို့က အဆိုပါငြိမ်းချမ်းရေးစာချုပ်ကို ထောက်ခံထားသည်။ ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုမှု အထမမြောက်ခဲ့ပါက နောက်ထပ်စစ်ပွဲများ ပေါ်ပေါက်လာနိုင်သေးကြောင်းလည်း ၄င်းက သတိပေးပြောဆိုခဲ့သည်။ နိုင်ငံ၏ ဒုတိယအကြီးဆုံး သူပုန်အဖွဲ့ဖြစ်သည့် ELN အမျိုးသားလွတ်မြောက်ရေးတပ်ကမူ လူထုဆန္ဒခံယူပွဲမတိုင်မီအထိ ယင်းငြိမ်းချမ်းရေးစာချုပ်မှာ တရားမဝင်ဟု ပြောဆိုခဲ့သည်။

လာမည့် သီတင်းပတ်တွင်ပြုလုပ်မည့် လူထုဆန္ဒခံယူပွဲ၌ အဆိုပါငြိမ်းချမ်းရေးစာချုပ်ကို လက်ခံအတည်ပြုခဲ့ပါက FARC အဖွဲ့သည် နိုင်ငံရေးပါတီတစ်ခု ဖြစ်လာမည်ဖြစ်ပြီး လာမည့်နှစ်တွင် တရားဝင်နိုင်ငံရေးလှုပ်ရှားမှုများ၌ ပါဝင်နိုင်တော့မည်ဖြစ်သည်။ FARC အဖွဲ့သည် ရက်စက်ကြမ်းကြုတ်မှုများပြုလုပ်ခဲ့၍ မည်သူကမျှ ယင်းအဖွဲ့ကို သဘောမကျကြောင်းလည်း ကိုလံဘီယာသမ္မတကဝန်ခံခဲ့သည်။

သို့သော် FARC အဖွဲ့သည် မူးယစ်မှောင်ခိုမှုများနှင့် ချိတ်ဆက်မှုအားလုံးကို ဖြတ်တောက်ရန် သဘောတူခဲ့ပြီး တောင်သူများကိုလည်း ကိုကင်းများစိုက်ပျိုးရာမှ အခြားသီးနှံများစိုက်ပျိုးရန် အားပေးကူညီရာတွင် ပါဝင်ဆောင်ရွက်သွားမည်ဟု သဘောတူခဲ့သည်။ ပြည်သူအချို့က သူပုန်များကိုရင်းတို့၏ပြစ်ဒဏ်များအတွက် ခံယူခြင်းမရှိဘဲ လွှတ်တော်အတွင်း ဝင်ရောက်လာမည်ကို မလိုလားပေ။

သို့သော် နှစ်ဖက်စလုံးမှ ငြိမ်းချမ်းရေးရယူလိုက်ခြင်းဖြင့် ကာကွယ်ရေး အသုံးစရိတ်များ လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံ၏သတ္တုတွင်းနှင့် ရေနံလုပ်ငန်းများလည်း လမ်းစပွင့်လာမည်ဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးရယူခြင်းဖြင့် တိုင်းပြည်၏ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်မှာ မလွဲကေန်ပင်ဖြစ်သည်။

**ကိုးကား-ဘီဘီစီ** (၂၆-၉-၂၀၁၆)



"နိုင်ငံရဲ့အတိတ်ဟာ ကျည်ဆန်တွေ ဖုံးလွှမ်းခဲ့ပေမယ့် အနာဂတ်မှာတော့ ပညာရေးနဲ့ပဲလွှမ်းခြုံမယ်"ဟူသောစကားမှာ ကိုလံဘီယာနိုင်ငံ၏ ငြိမ်းချမ်းတော့မည့် နိမိတ်ကို ဖော်ကျူးလျက်ရှိသည်။ ကိုလံဘီယာနိုင်ငံ၏ ငြိမ်းချမ်းရေး ဖော်ဆောင်မှုမှာ စစ်အေးကာလနောက်ဆုံး ပဋိပက္ခကို ချုပ်ငြိမ်းစေသည့်အတွက် သမိုင်းဝင်ဟုပင် ဆိုရမည်ဖြစ်

## ဗင်နီဇွဲလားသမ္မတနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံ

**ကရာကတ် စက်တင်ဘာ ၂၇**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ် မက်ဒူရိုနှင့် တနင်္လာနေ့က ပထမဦးဆုံးအကြိမ်အဖြစ် တွေ့ဆုံခဲ့ကြသည်။ ယခုကဲ့သို့ တွေ့ဆုံမှုမှာ ဂျွန်ကယ်ရီနိုင်ငံခြားရေးဝန်ကြီးအဖြစ် စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ ပထမဦးဆုံးအကြိမ်တွေ့ဆုံခြင်းပင်ဖြစ်သည်။ မစ္စတာကယ်ရီသည် ကိုလံဘီယာမြို့တော်၌ ပြုလုပ်သည့် ပြည်တွင်းစစ်ရပ်စဲရေး ငြိမ်းချမ်းရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်မှုအပြီးတွင် ဗင်နီဇွဲလားသမ္မတနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ထိုသို့တွေ့ဆုံစဉ် မစ္စတာကယ်ရီက ဗင်နီဇွဲလားနိုင်ငံ၌ လက်ရှိဖြစ်ပေါ်နေသော စီးပွားရေးနှင့် နိုင်ငံရေးစိန်ခေါ်မှုများကို စိုးရိမ်မိကြောင်း၊ ထို့ကြောင့် သမ္မတမက်ဒူရိုအနေဖြင့် အတိုက်အခံခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးသင့်ကြောင်း တိုက်တွန်းခဲ့သည်။ မစ္စတာကယ်ရီနှင့် သမ္မတမက်ဒူရိုတို့သည် နှစ်နိုင်ငံဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားရန် သဘောတူခဲ့သည်။ ဗင်နီဇွဲလားအစိုးရသည် ငွေကြေးဖောင်းပွမှုများ၊ အခြေခံစားသောက်ကုန်ပြတ်လပ်မှုများနှင့် ရင်ဆိုင်နေရသည်။ အတိုက်အခံအုပ်စုဘက်မှ အောက်တိုဘာ ၁၂ ရက်တွင် လူထုဆန္ဒခံယူပွဲ ကျင်းပနိုင်ရေးတောင်းဆိုထားသည်။

(ရိုက်တာ)

# ယာဉ်မောင်းအိပ်ငိုက်၍ လမ်းဘေးရေမြောင်းအတွင်းသို့ ယာဉ်တစ်စီးထိုးကျတိမ်းမှောက်



**နေပြည်တော် စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ် လားရှိုးမြို့ မြို့ရှောင်လမ်း မိုင်တိုင်အမှတ် (၈/၀)အနီး OHC တိုးဂိတ်အကျော်၌ စက်တင်ဘာ ၂၆ ရက် နံနက် ၅ နာရီခွဲက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၂၀)ယာဉ်ထိန်း ဒုတိယရဲတပ်ဖွဲ့ခွဲမှူးရုံးမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ မန္တလေးမှ မူဆယ်ဘက်သို့ တောင်သာမြို့ အမှတ်(၆)ရပ်ကွက်နေ ကျော်ဝင်းသင်း (၂၅ နှစ်) မောင်းနှင်သော 7K/----FORTOM ယာဉ်သည် ယာဉ်မောင်း အိပ်ငိုက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းရေမြောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်မောင်း ကျော်ဝင်းသင်းနှင့် ယာဉ်ပေါ်လိုက်ပါလာသူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နေ ဒေါ်ခင်မာဝင်းတို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် လားရှိုးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ကျော်ဝင်းသင်းကို လားရှိုးနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# တောင်သာ၌ အမျိုးသမီးတစ်ဦး အသတ်ခံရပြီး ရွှေဆွဲကြိုးတစ်ကုံးနှင့် ပစ္စည်းများပျောက်ဆုံး

**တောင်သာ စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ဖက်တောကျေးရွာအုပ်စု ညောင်ကန်ကျေးရွာ၏ အနောက်ဘက် မြင်းခြံ-ဇဂျမ်း မြေသားလမ်းပေါ်၌ မြင်းခြံမြို့နယ် အမှတ်(၁၆)ရပ်ကွက်နေ ဒေါ်အုန်းမြင့်(၆၁နှစ်) သားဖွားဆရာမ(ငြိမ်း)မှာ လည်ပင်း ထိုးသွင်းဒဏ်ရာတစ်ချက်ဖြင့် လမ်းဘေး၌ သေဆုံးလျက်ရှိပြီး ကိုယ်ပေါ်တွင် ပါလာသော ရွှေဆွဲကြိုးနှစ်ကျပ်သားခန့် တစ်ကုံး၊ လက်ကိုင်ဖုန်း တစ်လုံးနှင့် ငွေကျပ် ၃၀၀၀၀ ပါ ပိုက်ဆံအိတ်တစ်လုံး ပျောက်ဆုံးလျက်ရှိကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီက သေဆုံးသူ ဒေါ်အုန်းမြင့်သည် ယာဉ်မောင်း ဝင်းမြင့်ထွန်း မောင်းနှင်သော ဖောကားဖြင့် လည်းကောင်း၊ ခင်ပွန်းဖြစ်သူ ဦးဝင်းမောင်မှာ မော်တော်ဆိုင်ကယ်ဖြင့် လည်းကောင်း၊ ထန်းပင်ခြံကွင်းရှိ ပျက်စီးနေသော မြေသားလမ်းကို ပြုပြင်ရန် ရောက်ရှိခဲ့ကြပြီး ခင်ပွန်းဖြစ်သူနှင့် ယာဉ်မောင်းတို့မှာ ညောင်ကန်ကျေးရွာရှိ ဘက်ဟိုးသွားယူရန် ထွက်ခွာသွားခဲ့ရာ ဒေါ်အုန်းမြင့်မှာ ယင်းနေရာတွင် တစ်ဦးတည်း ကျန်နေခဲ့သည်။

ယင်းနေ့ နံနက် ၉ နာရီခွဲခန့်တွင် ယာဉ်မောင်း ဝင်းမြင့်ထွန်းသည် ဘက်ဟိုး မောင်းနှင်ပြီး ဦးဝင်းမောင်မှာ ဆိုင်ကယ်ဖြင့်ပြန်လာစဉ် မြင်းခြံ-ဇဂျမ်း မြေသားလမ်းဘေး၌ ဒေါ်အုန်းမြင့်ကို သေဆုံးလျက်တွေ့ရှိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက် )**

# သာစည်မြို့နယ်၌ ခင်ပွန်းဖြစ်သူ၏ လက်သီးချက်ကြောင့် ဇနီးဖြစ်သူသေဆုံး

**သာစည် စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဟံဇာကျေးရွာအုပ်စု တဲကုန်းတွင် စက်တင်ဘာ ၂၆ ရက် ညနေ ၆ နာရီခွဲက လင်မယားချင်း စကားများရန်ဖြစ်ကြပြီး ခင်ပွန်းဖြစ်သူက ဇနီးဖြစ်သူကို လက်သီးဖြင့် ထိုးခဲ့သောကြောင့် ဇနီးဖြစ်သူမှာ နားနှင့် ပါးစပ်တို့မှ သွေးများထွက်ပြီး သေဆုံးခဲ့မှုဖြစ်ပွားခဲ့သည်။

ဟံဇာရဲစခန်းပိုင် ရေတွင်းကြီးကျေးရွာ တဲကုန်း၌ ဦးကျော်စိုး (၅၆ နှစ်)နှင့် ဇနီးဖြစ်သူ ဒေါ်သေး(၄၆နှစ်) တို့သည် စက်တင်ဘာ ၂၆ ရက် ညနေ ၆ နာရီခွဲတွင် ယာကွက်အတွင်းရှိ သစ်ငုတ်များ မတူးသည့်ကိစ္စနှင့် ပတ်သက်၍ လင်မယားချင်း စကားများရန်ဖြစ်ကြပြီး ဦးကျော်စိုးက ဒေါ်သကို မထိန်းနိုင်တော့ဘဲ လက်သီးဖြင့် ဒေါ်သေး၏ ရင်ဘတ်နှင့် ဝမ်းဗိုက်တို့ကို အချက်ပေါင်းများစွာ ထိုးကြိတ်ရာ အနီးတွင်ရှိသည့် ဒေါ်သေး၏တူ ကိုလပြည့်က ဝင်ရောက်ဖျန်ဖြေပေးသဖြင့် ဦးကျော်စိုးမှာ အခင်းဖြစ်နေရာမှ ရွာဘက်သို့ ထွက်ခွာသွားသည်။ ဒေါ်သေးမှာလည်း နေအိမ်အတွင်း ဝင်ရောက်၍ အိပ်ရာပေါ်တွင် လှဲလျောင်းနေရာမှ ည ၈ နာရီခွဲခန့်တွင် နှာခေါင်းနှင့် ပါးစပ်တို့မှ သွေးများထွက်ကျလာပြီး သေဆုံးသွားခဲ့သည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ သာယာကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်မြိုင်က ဟံဇာရဲစခန်းသို့ အကြောင်းကြားခဲ့ပြီး ပြစ်မှုကျူးလွန်သူ ကျော်စိုးကို ရေတွင်းကြီးကျေးရွာ မြောက်ဘက် သုံးမိုင်ခန့်ကွာဝေးသည့် အုတ်ဖိုရွာတောစပ်အနီး တဲတစ်လုံး၌ ခိုအောင်းနေစဉ် စက်တင်ဘာ ၂၇ ရက် နံနက် ၈ နာရီခွဲက လက်ရဖမ်းဆီးရမိခဲ့ရာ ဟံဇာရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# မကွေးမြို့၌ ကုန်ပစ္စည်းယူပြီး ငွေပေးချေခြင်းမရှိဘဲ ထွက်ပြေးတိမ်းရှောင်

**မကွေး စက်တင်ဘာ ၂၇**

မကွေးမြို့ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းမှ အသင်းသားတစ်ဦးနှင့် ၎င်း၏ဇနီးတို့ ကုန်ဖိုးငွေပေးချေခြင်းမရှိဘဲ ထွက်ပြေးတိမ်းရှောင်နေသဖြင့် ကုန်ဖိုးငွေလိမ်လည်မှုဖြင့် ပွဲရုံလုပ်ငန်းရှင် အမျိုးသမီးတစ်ဦးက စက်တင်ဘာ ၂၆ ရက်က တိုင်ကြားအမှုဖွင့်ထားကြောင်း မကွေးနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၈ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က မနှင်းနွယ်အေး(၃၅နှစ်) လှိုင်မိသားစုပွဲရုံ အောင်ရတနာရပ်ကွက် မကွေးမြို့နေသူသည် ပွဲရုံ၌ရှိနေစဉ် တစ်ရပ်ကွက်တည်းနေ ဝင်းမြင့်ဦး(၃၀နှစ်)ရွှေဘုန်းအောင် ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ရောက်ရှိလာပြီး နှမ်းဖြူ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၅၁၁၁၁ နှုန်းဖြင့် နှမ်း ၃၁ အိတ်နှင့် ၂၄ ပိဿာအတွက် ငွေကျပ် (၁၆၃၃၅၀၇) (၅၆)ပြားကို ဩဂုတ် ၁၉ ရက်တွင် ပေးချေမည်ဟု လည်းကောင်း၊ ဩဂုတ် ၁၅ ရက်တွင် နှမ်းဖြူ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၅၁၆၆၆ နှုန်းဖြင့် နှမ်း ၁၀၃ အိတ်နှင့် ၁၆ ပိဿာ ၇၀ ကျပ်သားအတွက် ငွေကျပ် (၅၃၅၆၁၁၀) (၈၉)ပြားကို ဩဂုတ် ၁၉ ရက်တွင် ပေးချေမည်ဟုလည်းကောင်း ပြောဆိုခဲ့သဖြင့် သက်သေများရှေ့တွင်ပေးအပ်ခဲ့ပြီး ဩဂုတ် ၁၉ ရက်တွင် လာရောက်ပေးချေခြင်းမရှိသဖြင့် သွားရောက်တောင်းခံခဲ့ရာ ဝင်းမြင့်ဦးကို မတွေ့ရှိရဘဲ ၎င်း၏ ဇနီးဖြစ်သူ မချိုဇင်နွယ် (၃၁နှစ်) ရွှေဘုန်းအောင်ပွဲရုံလုပ်ငန်းကိုသာ တွေ့ရှိခဲ့ပြီး ဩဂုတ် ၂၄ ရက်တွင် မပျက်မကွက် ပေးချေမည်ဟု ဝန်ခံကတိပြု ပြောဆိုခဲ့သဖြင့် ပြန်သွားခဲ့ပြီး ဩဂုတ် ၂၄ ရက်တွင် ထပ်မံသွားရောက်တောင်းခံခဲ့ရာ ၎င်းတို့နှစ်ဦးမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ခြင်းဖြစ်၍ တရားလို၏တိုင်ကြားချက်အရ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နှမ်းဖိုး ငွေကျပ်စုစုပေါင်း ၆၉၈၉၆၁၈ ကို လိမ်လည်ရယူခဲ့သူ ဝင်းမြင့်ဦးနှင့် မချိုဇင်နွယ်တို့နှစ်ဦးကို အရေးယူပေးရန် စက်တင်ဘာ ၂၆ ရက်တွင် မနှင်းနွယ်အေးက တရားလိုပြု တိုင်ကြားခဲ့သောကြောင့် မကွေးနယ်မြေရဲစခန်းမှ အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# ဇလပြင်ရဲစခန်းက လူသတ်မှုကျူးလွန်သူနှစ်ဦးအား ၅ နာရီအတွင်း ဖမ်းမိ

**ဘားအံ စက်တင်ဘာ ၂၇**

ကရင်ပြည်နယ် ဘားအံမြို့နယ် ခရားအတွင်း ကျေးရွာချောင်းထဲ၌ လူသေအလောင်းတစ်လောင်း တွေ့ရှိကြောင်း စက်တင်ဘာ ၂၆ ရက် နံနက် ၅ နာရီက သတင်းရရှိသည့်အတွက် မြို့နယ်ရဲတပ်ဖွဲ့၊ ဇလပြင်ရဲစခန်းမှူးနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ အခင်းဖြစ်ပြီး ငါးနာရီအတွင်း နံနက် ၁၀ နာရီခွဲက ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဇလပြင်ရဲစခန်းမှူးနှင့် အဖွဲ့သည် ချောင်းအတွင်း အလောင်းတစ်လောင်း တွေ့ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး၏ သတင်းပေးချက်အရ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဘားအံ မြို့နယ် ခရားအတွင်းကျေးရွာ၌ နေထိုင်၍ ချောင်းနံဘေး တဲထိုးကာ ငါးဖမ်းအလုပ် လုပ်ကိုင်သူ ဦးစိန်အောင်(ခ)ဦးကု (၆၃ နှစ်)ဖြစ်ကြောင်း သိရသည်။

အမှုစစ်စခန်းမှူး ရဲအုပ်အောင်သန်းက သေဆုံးသူနေထိုင်သည့် တဲအား အသေးစိတ်စစ်ဆေးရာမှ တွေ့ရှိသည့် သဲလွန်စများနှင့် အမှုစစ်အဖွဲ့ခွဲပြီး သတင်းစုံစမ်းခြင်းတို့ ဆောင်ရွက်ပြီး



သံသယရှိသူနှစ်ဦးကို စုံစမ်းကာ ဖမ်းဆီးခဲ့ရာ ချစ်ဦး(ခ)ရန်မျိုးအောင် (၃၁နှစ်) သစ်မြောက်ပင်ကျေးရွာ ဖြူးမြို့နေသူအား ဇလပြင်-ကျားကလေးလမ်းရှိ ခရားတံတားအနီး၌ လည်းကောင်း၊ မျိုးအောင် (၂၉ နှစ်)ထာဝရကျေးရွာ ကဝမြို့နယ် ပဲခူးတိုင်းဒေသကြီးနေသူကို လယ်တဲ၌ လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးချက်အရ ၎င်းတို့နှစ်ဦးသည် ခရားအတွင်းကျေးရွာသို့ သူရင်းငှား လာရောက် လုပ်ကိုင်သူများဖြစ်ပြီး သေဆုံးသူ၏တဲသို့ ငါးစာတောင်းရင်း တဲပေါ်၌ သုံးဦးဝိုင်းဖွဲ့ အရက်သောက်ရာမှ စကားများရန်ဖြစ်ပြီး ဒေါသအလျောက် လူသတ်မှုကျူးလွန်ခဲ့ကြခြင်း ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်၍ ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**


**ဖခင်အမည်မှန်**
တန့်ဆည်မြို့နယ်၊ ကံထူးမ အထက တက္ကသိုလ်ဝင်တန်း(A)မှ မဖြူနှင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးဝင်းဘို ၅/ကဘလ(နိုင်)၂၀၀၄၂၅ ဖြစ်ပါသည်။

**အမည်ပြောင်း**
ဦးကျော်ဆွေဦး၏သား အလက(၁) ဒဂုံမြို့သစ်(အရှေ့ပိုင်း) သူငယ်တန်း(A)မှ မောင်ဖြိုးပြည့်စုံအား မောင်ဘုန်းပြည့်ကျော်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဘုန်းပြည့်ကျော်**

**ဖခင်အမည်မှန်**
ပင်လောင်းမြို့ ပင်ခွန် အထက တက္ကသိုလ်ဝင်တန်းမှ မူလှသိန်း၏ ဖခင်အမည်မှန်မှာ ဦးခွန်ထွန်းအေး ၁၃/ပလန(နိုင်)၀၄၄၈၆၁ ဖြစ်ပါကြောင်း။ **ဦးခွန်ထွန်းအေး**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်တင်မိုးဦး ၁၀/ရမန(နိုင်)၁၄၃၈၃၅၏ Passport (No. မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် ဆ/၁၆၉ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယင်းဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(တောင်ငူ)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 5F/9743 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယင်းဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွာသာကြီး)**

**ဖခင်အမည်မှန်**
အထက(ခွဲ) ညောင်ပင်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ မပိုးစုစုလင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်လင်း ဖြစ်ပါသည်။

**ဖခင်အမည်မှန်**
ပင်လောင်းမြို့ ပင်ခွန် အထက တက္ကသိုလ်ဝင်တန်းမှ မူခံဗွီ၏ ဖခင်အမည်မှန်မှာ ဦးစိန်ထွန်း ၁၃/ပလန(နိုင်)၁၀၅၈၇၄ ဖြစ်ပါကြောင်း။ **ဦးစိန်ထွန်း**

**ဖခင်အမည်မှန်**
မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ် အထက(ခွဲ) မိုးဘုံ နဝမတန်းမှ မနန်းမောက်စံခေါင်(ဝ)နှင့်သတ္တမတန်းမှ မနန်းမောက်စံခမ်းတို့၏ ဖခင်အမည်မှန်မှာ ဦးသိန်းမြင့်ထွေး ၁၃/မမတ(နိုင်)၀၃၅၄၂၈ ဖြစ်ပါကြောင်း။ **ဦးသိန်းမြင့်ထွေး**

**ဖခင်အမည်မှန်**
မိုးမိတ်ခရိုင် မိုးမိတ်မြို့ အထက မိုးမိတ် တက္ကသိုလ်ဝင်တန်း (ဃ) ကြီးမှ မနေမျိုးခိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော် ၉/စကတ(နိုင်)၀၆၆၇၆၄ ဖြစ်ပါကြောင်း။ **ဦးကျော်ကျော်**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 4B/2385 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယင်းဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွာသာကြီး)**

**အမည်ပြောင်းလဲခြင်း**
ဦးခိုင်ဝင်း၏သား ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(အစဲ) ဆဋ္ဌမတန်းမှ မောင်အောင်ခန့်ဖြိုးအား သန်းခေါင်စာရင်းအရ မောင်အောင်ခန့်ပိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ခန့်ပိုင်**

**မိခင်အမည်မှန်**
ပင်လောင်းမြို့ ပင်ခွန် အထက တက္ကသိုလ်ဝင်တန်းမှ နန်းစိန်ပန်း၏ မိခင်အမည်မှန်မှာ ဒေါ်ဆိုင်ဆွေ ၁၃/ပလန(နိုင်)၁၀၇၆၁၆ ဖြစ်ပါကြောင်း။ **ဒေါ်ဆိုင်ဆွေ**

**ဖခင်အမည်မှန်**
မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ် အထက(ခွဲ)မိုးဘုံတက္ကသိုလ်ဝင်တန်းမှ မခင်မာဦး၏ ဖခင်အမည်မှန်မှာ ဦးအိုက်အောင်ပူး ၁၃/မဆတ(နိုင်)၀၂၂၂၇၁ ဖြစ်ပါကြောင်း။ **ဦးအိုက်အောင်ပူး**

**ဖခင်အမည်မှန်**
မိုးမိတ်ခရိုင် မိုးမိတ်မြို့ အထက မိုးမိတ်တက္ကသိုလ်ဝင်တန်း (ဃ) ကြီးမှ မထက်ထက်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်စိန်ဝင်း ၁၂/အစန(နိုင်)၁၆၅၂၁၄ ဖြစ်ပါကြောင်း။ **ဦးကျော်စိန်ဝင်း**

**မိဘအမည်မှန်**
ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ အထက(ဇင်ချောင်း)၊ နဝမတန်း(D)မှ မဖြိုးဝေဝေအောင်၏ မိဘအမည်မှန်မှာ ဦးညီညီ-ဒေါ်ခင်အေးဆွေ ဖြစ်ပါကြောင်း။ **ဖုန်း-၀၉-၂၅၀၉၇၇၆၃၈**

**မိခင်အမည်မှန်**
ပင်လောင်းမြို့ ပင်ခွန် အထက တက္ကသိုလ်ဝင်တန်းမှ ခွန်ဝင်းရိုန်၏ မိခင်အမည်မှန်မှာ နန်းငဲလှိုင် ၁၃/ပလန(နိုင်)၁၀၂၇၅၃ ဖြစ်ပါကြောင်း။ **နန်းငဲလှိုင်**

**ဖခင်အမည်မှန်**
မိုးမိတ်ခရိုင် မိုးမိတ်မြို့ အထက မိုးမိတ် တက္ကသိုလ်ဝင်တန်း (င) မှ မယုဇနမိုး၏ ဖခင်အမည်မှန်မှာ ဦးစိုင်းမိုး ၁၃/မမတ(နိုင်)၀၅၅၉၈၅ ဖြစ်ပါကြောင်း။ **ဦးစိုင်းမိုး**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
မိုးမိတ်ခရိုင် မိုးမိတ်မြို့ အထက(ခွဲ) လမိုးမိတ် တက္ကသိုလ်ဝင်တန်း (ဂ) မှ မထွေးခမ်း၏ဖခင် ၁၃/မမတ(နိုင်)၀၁၂၇၀၃ ကိုင်ဆောင်သူ ဦးမောင်ဆန်(ခ)ဦးစံထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမောင်ဆန်(ခ)ဦးစံထွန်း**

**တိုက်ခန်းငှားရန်ရှိသည်**
၁။ ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ စဉ့်အိုးတန်းလမ်း၊ (အပေါ်ဘလောက်) ရှိ 25'x60'အကျယ်၊ ရေမီးအစုံ၊ Air Com၊ ပရိဘောဂအစုံ ပါဝင်သောတိုက်ခန်းငှားရန်ရှိသည်။
၂။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဦးချစ်မောင်လမ်း၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်ရှိ 20'x60' အကျယ်၊ ရေမီးအစုံပါဝင်သော တိုက်ခန်းငှားရန်ရှိသည်။(အဆောင်ငှားချင်သူများလဲဆက်သွယ်နိုင်ပါသည်။)
ဆက်သွယ်ရန်။ ။၀၉၇၉၉၈၇၀၅၉၃

**ပြင်ဆင်ဖတ်ရှုပါရန်**
တောင်ကြီးမြို့၊ ကန်အောက်ရပ်၊ နယ်မြေ(၁၁)၊အိမ်အမှတ် ၁၇၉ နေ ဒေါ်နန်းလဲ့လဲ့ဝင်း၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်အမှန်မှာ ၁၃/ညရန(နိုင်)၀၄၁၅၃၆ ဖြစ်ပါကြောင်း။ **ဒေါ်နန်းလဲ့လဲ့ဝင်း**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်ချမ်းသာ ၁၃/လလန(နိုင်)၁၀၁၉၁၅ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၆၈၀၄၄၉**

**ဖခင်အမည်မှန်**
ညောင်ရွှေမြို့နယ်၊ နောင်တောကျေးရွာအုပ်စု၊ ပင်ချိုကျေးရွာနေ နန်းလေခမ်း၏ ဖခင်အမည်မှန်မှာ ခွန်မောင်ဝင်း ၁၃/ညရန(နိုင်)၀၇၄၇၅၅ ဖြစ်ပါကြောင်း။ **ခွန်မောင်ဝင်း**

**အမည်ပြောင်း**
အထက ရတနာပုံ၊ တက္ကသိုလ်ဝင်တန်း (C) မှ မအေးမြတ်နွယ်အား ယနေ့မှစ၍ မအေးမြနွယ်ဟု ပြောင်းလဲခေါ်ပါရန်။ **မအေးမြနွယ်**

# ရေဒီယိုနှင့်ဆက်သွယ်ရေးပစ္စည်းများ တပ်ဆင်အသုံးပြုခြင်း၊ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာ

**နေပြည်တော် စက်တင်ဘာ ၂၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဆက်သွယ်ရေးနည်းပညာဖြင့် အထောက်အကူပြုနိုင်ရန် ဆက်သွယ်ရေးဥပဒေကို ထုတ်ပြန်ကာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ဆက်သွယ်ရေးပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ တင်သွင်းရောင်းချခြင်းတို့အတွက် စနစ်တကျဖြစ်စေခြင်း၊ လုပ်ထုံးလုပ်နည်းများကို တစ်ဆင့်ချင်းဖြေလျှော့ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

မည်သူမဆို ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကိုဖြစ်စေ၊ လိုင်စင်ရယူပြီးမှ အသုံးပြုရန်သတ်မှတ်ထားသော ဆက်သွယ်ရေးပစ္စည်းများ၊ လမ်းလျှောက်စကားပြောစက် (Walkie-Talkie)များနှင့် ကြိုးမဲ့ဆက်သွယ်ရေးလွှင့်ဖမ်းစက်များ)ကို ဖြစ်စေခွင့်ပြုချက်နှင့် လိုင်စင်ရယူခြင်းမပြုဘဲ ဆောင်ရွက်ခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် အသုံးပြုခြင်းမပြုရန် နိုင်ငံပိုင်သတင်းစာများတွင် အကြိမ်ကြိမ် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

ထို့အပြင် ဆက်သွယ်ရေးပစ္စည်းများ လက်ဝယ်ထားရှိအသုံးပြုရာတွင် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ အခန်း(၆)၊ နည်းဥပဒေ ၃၃ အရ တရားဝင်တင်သွင်းထားသော ဆက်သွယ်ရေးပစ္စည်းများသည် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်လျှောက်ထားရယူရမည်ဖြစ်ပြီး ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၇ တွင် ဆက်သွယ်ရေးပစ္စည်းများကို လိုင်စင်မရှိဘဲ လက်ဝယ်ထားရှိခြင်း သို့မဟုတ် အသုံးပြုခြင်းအတွက် ပြစ်မှုပြစ်ဒဏ်များကို ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။

သို့ဖြစ်၍ မည်သူမဆို VHF/UHF ရေဒီယိုဆက်သွယ်ရေးစက်ပစ္စည်းများ၊ လမ်းလျှောက်စကားပြောစက် (Walkie-Talkie)များ၊ Jammer များ၊ Cellular Repeater များ၊ GSM Repeater များ အပါအဝင် လှိုင်းနှုန်းထုတ်လွှင့်နိုင်သည့် ရေဒီယိုပစ္စည်းများအား ခွင့်ပြုချက်မရှိဘဲ တပ်ဆင်အသုံးပြုခြင်း၊ ပြည်သူလူထုအကျိုးစီးပွားနှင့် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်နိုင်သော ဆက်သွယ်ရေးပစ္စည်းများအား တပ်ဆင်အသုံးပြုခြင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ခွင့်ပြုချက်နှင့်လိုင်စင်မရှိဘဲ လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း၊ လုပ်ကိုင်ဆောင်ရွက်ခြင်းစသည်များ မပြုလုပ်ကြရန်နှင့် ထိုသို့ ဆောင်ရွက်ကြောင်း တွေ့ရှိပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ထပ်မံအသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

# နယ်မြေရှင်းလင်းဆောင်ရွက်စဉ် ကိုယ်ဝန်ဆောင် လားဟူတိုင်းရင်းသူအား တပ်မတော်သားများကူညီမွေးဖွားပေး

**မိုင်းကိုး စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ် အရှေ့ပိုင်း နယ်မြေခံတပ်မှ တပ်ရင်းမှူး ဦးစီးစစ်ကြောင်းသည် စက်တင်ဘာ ၂၇ ရက်က နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် မိုင်းကိုးမြို့နယ် နောင်တောင်းရွာဟောင်းသို့ နံနက် ၅ နာရီခန့်တွင်ရောက်ရှိရာ ကျေးရွာမှ ကိုယ်ဝန်ဆောင် လားဟူတိုင်းရင်းသူ ဗိုက်နာသဖြင့် တပ်မတော်ဆေးမှူးနှင့် ကြည့်ရှုကုသကာ ကျေးလက်သားဖွားခန်းရှိရာ မယ်ဖုံးလုံရွာသို့ စစ်သည်များက ထမ်းပိုး၍ ခေါ်ဆောင်လာခဲ့ကြပြီး မယ်ဖုံးလုံရွာရောက်ရန် တစ်နာရီခန့်အလိုတွင် မွေးလူနာမှာ ဗိုက်အလွန်နာလာသဖြင့် လမ်းခရီးတွင် တပ်မတော်စစ်ကြောင်း ဆေးမှူး ဗိုလ်တင်ထွန်းဦး (တဆတ-၁၅)နှင့် တပ်မတော်သားများက မွေးဖွားပေးခဲ့ကြပြီး မွေးဖွားစဉ် သွေးလိုအပ်မှုကိုလည်း တပ်မတော်သားတစ်ဦးက လှူဒါန်းခဲ့သည်။

တပ်မတော်သားများ၏ ကူညီဆောင်ရွက်ပေးမှုကြောင့် ရင်သွေးငယ်ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး သမီးရတနာ၏ အမည်ကို စစ်ငြိမ်းပန်းဟု ကင်ပွန်းတပ်ခဲ့ကြကြောင်းနှင့် တပ်မတော်သားများ၏ မွန်မြတ်သောဆောင်ရွက်မှု အတွက် တိုင်းရင်းသားပြည်သူများက ကျေးဇူးအထူးတင်ရှိကြကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# မြန်မာ့လက်ရွေးစင် ဥရောပခြေစမ်းခရီးစဉ် နယ်သာလန်တွင် ပထမဆုံးနိုင်ပွဲရရှိ

၂၀၁၆ ခုနှစ် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုအဖြစ် ဥရောပနိုင်ငံများ၌ သွားရောက်လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၂၆ ရက် ညပိုင်းက နယ်သာလန်ကလပ် VVV Venlo အသင်းနှင့် နယ်သာလန်နိုင်ငံ၌ ခြေစမ်းကစားခဲ့ရာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပခြေစမ်းခရီးစဉ်အစတွင် နိုင်ပွဲမရသေးသော်လည်း ယခုပွဲတွင် တိုက်စစ် မှူး အောင်သူ၏ တစ်လုံးတည်းသောဂိုးဖြင့် ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ နယ်သာလန် ဒုတိယတန်းတွင် တတိယနေရာ၌ ရပ်တည်နေသည့် VVV Venlo အသင်းသည် ယခုပွဲတွင် ပုံမှန်သာ ကစားခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် တိုက်စစ်တွင် အောင်သူနှင့် ဝင်းနိုင်စိုးအတွဲကို အသုံးပြုခဲ့ပြီး မျိုးကိုထွန်း၊ ရန်အောင်ကျော်၊ ရဲကိုဦး၊ ဆောင်လမန်၊ နန္ဒကျော်၊ ဇော်မင်းထွန်း၊ ဖြိုးကိုကိုသိန်း၊ ဒေးဗစ်ဒန်း၊ ကျော်ဇင်ဖြိုး(ဂိုး)တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် Venlo အသင်းကို အပြန်အလှန် ကစားနိုင်ခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် ဝင်းနိုင်စိုး နှင့် အောင်သူတို့တွဲလုံးမှ အောင်သူက လုလုပပကန်သွင်းကာ တစ်လုံးတည်းသောအနိုင်ဂိုး ရယူပေးခဲ့သည်။ ဒုတိယပိုင်းအစတွင် မြန်မာအသင်းမှ ဝင်းနိုင်စိုးနှင့် အောင်သူတို့ အပိုင်အခွင့်အရေးများ ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ Venlo အသင်း ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း မြန်မာအသင်း ခံစစ်ပိုင်း အမှားမရှိခဲ့ပေ။

မြန်မာအသင်းသည် ပဉ္စမမြောက် ခြေစမ်းပွဲအဖြစ် စက်တင်ဘာ ၂၈ ရက် **(ယနေ့)**တွင် ဘယ်လ်ဂျီယံ ဒုတိယတန်းကလပ် Patro Eisden အသင်းနှင့် ကစားမည်ဖြစ်ပြီး ကစားပြီးသည့် ခြေစမ်းပွဲလေးပွဲတွင် တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးထားသည်။

**ညီမြတ်သော်တာ**



# လက်ရွေးစင်နှင့် ယူ-၁၉ အမျိုးသမီးခြေစမ်း

**ရန်ကုန် စက်တင်ဘာ ၂၇**

အာရှ ယူ-၁၉ ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ယနေ့ညနေ ၆ နာရီက သုဝဏ္ဏကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ပွဲချိန် ၃၂ မိနစ်တွင် လက်ရွေးစင်အသင်း ဂိုးရခဲ့ပြီး ဝင်းသီတာထွန်းက သွင်းယူခဲ့သည်။ ၅၅ မိနစ်တွင် မေသူကျော်က ဒုတိယဂိုး ထပ်သွင်းခဲ့သည်။ ယူ-၁၉ အတွက် ၆၇ မိနစ်တွင် နှင်းကလျာကိုက ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (စတုတ္ထ)ပွဲစဉ် ဆုချီးမြှင့်ပွဲကျင်းပ

**တောင်ငူ စက်တင်ဘာ ၂၇**

ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ CB ဘဏ်မှ ကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည်ဂေါက်ရိုက်ပြိုင်ပွဲ (စတုတ္ထ)ပွဲစဉ်ကို စက်တင်ဘာ ၂၅ ရက်က (စတုတ္ထ)နေ့အဖြစ် တောင်ငူမြို့ Southern Star ဂေါက်ကွင်း၌ ၁၈ ကျင်း ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပခဲ့သည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ရမည့် Hole In One ရရှိသွားသူ ပညာရှင်ကစားသမား ဇော်ဇော်လတ်အား CB ဘဏ် ဒုတိယဥက္ကဋ္ဌ ဦးရန်အောင်က ဂုဏ်ပြုငွေကျပ် ၁၀ သိန်း ချီးမြှင့်သည်။

နေ့စဉ်အကောင်းဆုံးဆု ပညာရှင်၊ ဝါသနာရှင် (အမျိုးသား၊ အမျိုးသမီး)တို့တွင် ဆုရရှိခဲ့သော သိန်းနိုင်စိုး၊ စိုးကျော်နိုင်၊ အောင်ဝင်း၊ ဟိန်းစည်သူ၊စည်သူရဲရင့် ၊ မောင်မောင်ဦး၊ မေဦးခိုင်၊ အေးအေးအောင်၊ ခင်မာနွယ် ဝါသနာအဆင့်(အမျိုးသမီး) အဆင့်တွင် ပထမရရှိသော မေဦးခိုင်နှင့် ဒုတိယဆုရရှိသော အေးအေးအောင် ဝါသနာအဆင့်(အမျိုးသား)တွင် ပထမရရှိသော ဟိန်းစည်သူနှင့် ဒုတိယဆုရရှိသော စည်သူရဲရင့်တို့အား CB ဘဏ်မှ တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

ဆက်လက်၍ Southern Star ဂေါက်ကွင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး အေးမင်းထွန်းက ပညာရှင်အဆင့် ပထမဆုရ ရန်မျိုးအေး (CEO Group) အား ဆုချီးမြှင့်သည်။ ထို့နောက် CB ဘဏ် ဒုတိယဥက္ကဋ္ဌဦးရန်အောင်က ပညာရှင်အဆင့် ပထမဆုရ ရန်မျိုးအေးအား ဆုကြေး ငွေကျပ်သိန်း ၂၀ တန် ချက်လက်မှတ် ချီးမြှင့်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**


## ဝေါမြို့နယ်အသင်း(ရန်ကုန်)

သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးပွဲ၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာ

ဝေါမြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးပွဲ၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲအား ၁၃၇၈–ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁)ရက်၊ (၂–၁၀–၂၀၁၆) ရက်နေ့ (တနင်္ဂနွေနေ့)၊ နံနက် (၈း၃၀) နာရီတွင် အသင်းတည်ရှိရာ စမ်းချောင်းမြို့နယ်၊ ကိုးထပ်ကြီးဘုရားဝင်း အတွင်းရှိ ရွှေတောင်တိုက်သစ်ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ/ အသင်းသားများ၊ ဝေါမြို့နယ်သူ/ဝေါမြို့နယ်သားများ အလှူငွေလှူဒါန်းမည့်အလှူရှင်များ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အလှူငွေလှူဒါန်းလိုသူများအနေဖြင့် အောက်ဖော်ပြပါ အမှုဆောင်များထံ ဆက်သွယ်စာရင်းပေးပို့လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်လှူဒါန်းရန် –

ဦးသိန်းကျော် (၀၉–၅၁၇၇၉၇၅)၊ ဦးကျော်မင်း (၀၉–၇၃၁၀၇၉၂၃)၊ ဦးတင်ကြည် (၀၉–၇၃၁၀၄၄၄၅)၊ ဦးမြင့်လွင် (၀၉–၅၀၆၅၇၆၂)၊ ဦးရင်ထွေး (၀၉–၅၀၂၆၁၁၅)၊ ဦးစိုးဝင်း (၀၉–၅၁၅၂၃၄၀)၊

အမှုဆောင်အဖွဲ့၊ ဝေါမြို့နယ်အသင်း (ရန်ကုန်)။

ရွှေတောင်တိုက်သစ်၊ ပရိယတ္တိစာသင်တိုက်၊ ဗားကရာတိုက်၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

## ကချင်ပြည်နယ် ရွှေကူမြို့ အထက(၁) ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲ

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရွှေကူမြို့နယ်၊ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ အသက် ၆၀ ပြည့် အငြိမ်းစားယူသွားကြသော ဆရာကြီးဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံတက်ရောက်ကြပါရန်နှင့် ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် ပူဇော်ကန်တော့ပွဲသို့ (မပျက်မကွက်) တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်အပ်ပါသည်။

**အလှူငွေများပေးပို့လှူဒါန်းလိုပါက–**

- စိုးစံတိုး(ဦးအနန်း) CB Bank Mobile Agent ရွှေကူမြို့
- ဒေါ်ခင်စိုးစိုး(ကျောင်းအုပ်၊ အထက–၁) ဖုန်း–၀၇၄–၅၂၀၂၈၊ ၀၉–၄၀၀၀၃၁၉၀၀
- ဦးအုန်းလွင် ဖုန်း–၀၉–၄၂၂၄၇၅၅၁၇
- ဦးဝင်းမောင်သိန်း ဖုန်း–၀၉–၄၀၀၀၂၈၂၅၅
- ဦးကျော်စိုးနိုင်(ပြန်/ဆက်) ဖုန်း–၀၉–၄၀၀၀၅၈၅၈၇
- ဦးဇော်ဝင်းချမ်း ဖုန်း–၀၉–၄၀၀၀၅၀၉၅၀
- ဒေါ်သီသီ(ပြာဒီးကိတ်) ဖုန်း–၀၉–၄၀၀၀၂၈၂၅၂
- ဒေါက်တာချိုနွယ်လေး(သိင်္ဂီရွှေစင်)မန္တလေး ဖုန်း–၀၂–၆၅၁၄၅၊ ၀၉–၉၁၀၁၅၉၉၅
- ဒေါ်တင်သန်း(အထက–၅) မြစ်ကြီးနား ဖုန်း–၀၉–၄၃၁၉၆၃၀၆၊ ၀၉–၄၄၀၀၀၅၁၂၀

**ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**
**အထက(၁)၊ ရွှေကူမြို့**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
## လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်(၄/၂၀၁၆–၂၀၁၇)

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၁။ မြန်မာစက္ကူ (A4)

၂။ ဓာတ်ခွဲခန်းသုံးပစ္စည်းများ

၂။ တင်ဒါပေးသွင်းမှုကို ၆–၁၀–၂၀၁၆ရက် ၁၆း၀၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**သစ်တောဦးစီးဌာန**
**ရုံးအမှတ်(၃၉)၊ နေပြည်တော်**

## CLAIMS DAY NOTICE
## M.V LORD VISHNU VOY:NO (085)

Consignees of cargo carried by M.V LORD VISHNU VOY:NO (085) are here by notified that the vessel will arrive on about 28-9-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်–

**ဖုန်း–၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ဖောင်းကြွပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/5891 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## မှီခင် အမည်မှန်

ပဲခူးတိုင်းဒေသကြီး(အနောက်)၊ လက်ပံတန်းမြို့၊ ငါးကျီးအင်းကျေးရွာနေ မောင်ဘိုဘိုနိုင် တက္ကသိုလ်ဝင်တန်း၏ မှီခင်အမည်မှန်မှာ ဒေါ်နုနုရွှေ ၇/လပတ(နိုင်)၀၆၄၈၉၉ ဖြစ်ပါသည်။ **ဒေါ်နုနုရွှေ**

## ဖခင်အမည်မှန်

သံတွဲမြို့နယ်၊ အထက၊ ကျောက်ကြီး တက္ကသိုလ်ဝင်တန်း (B) မှ မအိမွန်ဖြိုး၏ ဖခင်အမည်မှန်မှာ ၁၁/သတန(နိုင်)၀၄၁၃၄၄ အရ ဦးလှမောင် ဖြစ်ပါကြောင်း။ **ဦးလှမောင်**

## ဖခင်အမည်မှန်

သံတွဲမြို့နယ်၊အထက(ခွဲ)၊ ဆင်ခေါင်း တက္ကသိုလ်ဝင်တန်း(ဝိပ္ပံ)မှ မအိအိမျိုး၏ ဖခင်အမည်မှန်မှာ ၁၂/အစန(နိုင်) ၀၇၄၆၇၀ အရ ဦးစောမျိုးဝင်း(ခ)ဦးစောမူလာဂေး ဖြစ်ပါကြောင်း။ **ဦးစောမျိုးဝင်း(ခ)ဦးစောမူလာဂေး**

## မိခင်အမည်မှန်

ပင်လောင်းမြို့ ပင်ခွန် အထက တက္ကသိုလ်ဝင်တန်းမှ ခွန်ကျော်တင်၏ မိခင်အမည်မှန်မှာ မူတင့်ဆွေ ၁၃/ပလန(နိုင်)၀၅၆၂၄၉ ဖြစ်ပါကြောင်း။ **မူတင့်ဆွေ**

## ဖခင်အမည်မှန်

ပင်လောင်းမြို့ အထက (၂) နဝမတန်းမှ နန်းသိရိဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဆန်းထွန်းလင်း ၁၃/ပလန(နိုင်)၀၉၈၀၀၆ ဖြစ်ပါကြောင်း။ **ဦးဆန်းထွန်းလင်း**

## အမည်မှန်

ပင်လောင်းမြို့ ပင်ခွန် အထက တက္ကသိုလ်ဝင်တန်းမှ ခွန်ဇော်ဝင်းထွန်း၏အမည်မှန်မှာ ခွန်ဇော်ဝင်းထွန်း ၁၃/ပလန(နိုင်)၁၁၁၂၉၀ ဖြစ်ပါကြောင်း။ **ခွန်ဇော်ဝင်းထွန်း**

## မိဘအမည်မှန်

ပင်လောင်းမြို့ အထက(၁) တက္ကသိုလ်ဝင်တန်းမှ ခွန်ဝေမင်း၏ မိဘအမည်မှန်မှာ ဦးခွန်အောင်ခြင်း ၁၃/ပလန(နိုင်)၀၄၈၃၅၀ နှင့် ဒေါ်မူငွေခင် ၁၃/ပလန(နိုင်)၀၄၈၃၉၁ ဖြစ်ပါကြောင်း။

**ဦးခွန်အောင်ခြင်း–ဒေါ်မူငွေခင်**

# စားဆီများတွင်ဓာတုဗေဒဆေးဝါးများ၊ ဆီအနံ့အတုထည့်သွင်းရောင်းချလျှင် အရေးယူမည်

**ရန်ကုန် စက်တင်ဘာ ၂၇**
ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အစည်းအဝေးခန်းမ(၁)၌ စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပသော ပြည်တွင်းစားသုံးဆီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း၏ ရှေ့လုပ်ငန်းစဉ်များညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်သူလူထုစားသုံးသည့် စားဆီများအတွင်း ဓာတုဗေဒဆေးဝါးများ၊ ဆီအနံ့အတုအဖြစ် ထည့်သွင်းထုတ်လုပ်ရောင်းချနေမှုများအား ထိရောက်စွာ ဖော်ထုတ်အရေးယူသွားရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်တွင်းစားသုံးဆီထုတ်လုပ်ရောင်းချသည့် ဆီစက်များမှ အဆင့်မီစွာထုတ်လုပ်ရန်လိုအပ်ကြောင်း၊ နည်းပညာများရရှိရေး ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ စားသုံး ဆီကဏ္ဍအန္တရာယ်ကင်းရှင်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးများအတွက် မိမိတို့ထံအကြံဉာဏ်များပေးနိုင်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားပြီး မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက စားသုံးဆီထုတ်လုပ်ရောင်းချရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် UMFCCI ကိုးထပ်ရှိ မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ဆန်စပါးဈေးကွက်နှင့် ပြည်တွင်းပြည်ပ ကုန်သွယ်ရောင်းဝယ်မှုအခြေအနေ၊ ဆန်စပါးကဏ္ဍတွင် ပုဂ္ဂလိက၊အစိုးရ ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာများ၊ မိုးစပါးပေါ်ချိန်တွင် ဖြစ်ပေါ်လာမည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးလိုပါကြောင်း၊ ဆန်စပါးဈေးကွက်နှင့် ပြည်ပတင်ပို့နိုင်မှုသည် စိုက်ပျိုးထုတ်လုပ်ခြင်း၊ ဝယ်ယူခြင်း၊ သယ်ယူခြင်း ၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ တင်ပို့ခြင်းစသော Transaction မျိုးစုံတွင် စရိတ်စကလျော့ကျအောင်ဆောင်ရွက်သွားရန်၊ အထွက်နှုန်းတိုးတက်ရန်နှင့် များပြားကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်နိုင်ငံတကာဈေးကွက်သစ်များသို့ ထိုးဖောက်မည့်အစီအစဉ်များ စသောအချက်များအား အစိုးရနှင့် ပုဂ္ဂလိကတို့ (PP) အနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆန်စပါးကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်သူများအတွက် အရေးပါသောကိစ္စတစ်ခုဖြစ်သဖြင့် မိမိအနေဖြင့် အားထည့်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်က ပြန်လည်ဆွေးနွေးသည်။

ညနေပိုင်းတွင် UMFCCI ပထမထပ်အစည်းအဝေးခန်းမ၌ မော်တော်ယာဉ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးအသင်း တာဝန်ရှိသူများအား တွေ့ဆုံ၍ မော်တော်ယာဉ်ထုတ်လုပ်ရောင်းချခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ကမ်းနားလမ်းရှိ တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ သီးနှံစိုက်ပျိုးမှု၊ ထုတ်လုပ်တင်ပို့ရောင်းချမှုများနှင့်အခက်အခဲများအား ဆွေးနွေးခဲ့ကြောင်းသတင်းရရှိသည်။

**( သတင်းစဉ်)**

# မူးယစ်ဆေးဝါးဆန့်ကျင်ရေးပညာပေးဟောပြော

**သီပေါ စက်တင်ဘာ ၂၇**
ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA)နှင့်ရပ်/ကျေးအုပ်ချုပ်ရေးမှူးများပူးပေါင်းကျင်းပသည့်မူးယစ်ဆေးဝါးဆန့်ကျင်ရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၄ ရက်က မြန်မာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြန်မာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းကြည်က ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကိုပြောကြားပြီး မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) ဥက္ကဋ္ဌ ဒေါက်တာလုရွှေနှင့်အဖွဲ့ဝင်ဦးစိုင်းချစ်လှိုင်(ဈေးရပ်)တို့က မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မူးယစ်ဆေးအကြောထဲထိုးသွင်းသူများတွင် ခုခံအားကျဆင်းမှုများ၊ ကူးစက်ရောဂါအန္တရာယ်လျှော့ချရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍လည်းကောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲခြင်းကြောင့် နောက်ဆက်တွဲဖြစ်ပေါ်ခံစားရမည့် ဆိုးကျိုးများကိုလည်းကောင်း ဟောပြောကြသည်။

**စိုင်း(သီပေါ)**



**(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့၌ နယ်မြေရဲစခန်းမှူး ဒုတိယရဲမှူးတင်အောင် ဦးစီးသော တပ်ဖွဲ့ဝင်များနှင့် မိသားစုများသည် စက်တင်ဘာ ၂၂ ရက်က ပြည်သူ့ဆေးရုံဝင်းအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ချုံနွယ်၊ ပေါင်းမြက်များ ရှင်းလင်း၍ သန့်ရှင်းရေးဆောင်ရွက်စဉ်။**
ရင်ငြိမ်းပန်း(လွယ်ဂျယ်)

# ပိုးမွှားရောဂါကာကွယ်ရေး ကျေးရွာများသို့ စိုက်ပျိုးရေးဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်



**ဖြူး စက်တင်ဘာ ၂၇**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၉ အုပ်စုနှင့် မြို့ပေါ် အချို့ရပ်ကွက်များမှ စိုက်ပျိုးထားသော မိုးစပါးစိုက်ဧက ၁၅၁၄၅၄ ဧက တို့မှာ ယခုအချိန်တွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် မိုးစပါးများ အထွက်နှုန်းကောင်းမွန် တိုးတက်ရေးအတွက် ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ကျေးရွာအရောက်ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် စက်တင်ဘာ ၁၉ ရက်မှစတင်၍ မြို့နယ်စိုက်ပျိုးရေးဦးစီး ဦးဆန်းထွန်းဝင်း ဦးဆောင်ကြီးကြပ်၍ ဝန်ထမ်းအဖွဲ့ငါးဖွဲ့ဖွဲ့စည်းကာ မိုးစပါးစိုက်ကျေးရွာများသို့ နေ့စဉ် ကွင်းဆင်းသွားရောက်ကြပြီး တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ စပါးခင်းများတွင် ကျရောက်နိုင်သည့် ပိုးမွှားရောဂါ အန္တရာယ်များ ကာကွယ်ရေး ပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်းနှင့် ပိုးမွှားရောဂါကာကွယ်ရေး ပိုးသတ်ဆေးများကို လက်တွေ့ပက်ဖျန်းပြသကြသည်။

ထို့ပြင် တောင်သူလယ်သမားများ စပါးစိုက်ပျိုးမှုနည်းပညာများနှင့် ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးများကို သိရှိနားလည်ရေးအတွက် ရည်ရွယ်၍ ဖြူးမြို့စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် Community Learning Centre ကို ဖွင့်လှစ်၍ တောင်သူဦးကြီးများ၏ စိုက်ပျိုးရေးအခက်အခဲများကို နေ့စဉ်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးထံမှ သိရသည်။

**ဖြူးမြင့်ဦး**

# မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**မိုင်းပျဉ်း စက်တင်ဘာ ၂၇**
ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံ ခရိုင် မိုင်းပျဉ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဖလားအမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို မြို့မအားကစားကွင်း၌ စက်တင်ဘာ ၂၄ ရက်က စတင်ကျင်းပသည်။ ရှေးဦးစွာ ချစ်ကြည်ရေးပွဲအဖြစ် ဇရာအိုအသင်းနှင့် ကညာပျိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကညာပျိုအသင်း က သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲတွင် မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှဘောလုံးအသင်းကိုးသင်းနှင့် ဌာနဆိုင်ရာဝန်ထမ်း များမှတစ်သင်း စုစုပေါင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲများကို စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **( မြို့နယ် ပြန်/ဆက်)**

# မှုခင်းပညာပေးပြခန်းယာဉ် ပြသ

**ပြည် စက်တင်ဘာ ၂၇**
မှုခင်းအသိပညာပေးခြင်း၊ မှတ်တမ်းဓာတ်ပုံများ၊ ကာတွန်းပုံများ၊ စာစောင်များပါဝင်သည့် မှုခင်းပညာပေးပြခန်းယာဉ်အား ပြည်ခရိုင်ပြည်မြို့လူစည်ကားသောမြို့မဈေးကြီး၊ ပေါင်းတလည်မြို့ ဇေယျမုနိဘုရားအနီးနှင့် အခြေခံပညာအထက်တန်းကျောင်းသုံးကျောင်း ဒေသကွပ်ကဲမှုစစ်ဌာနချုပ်နေရာများသို့ စက်တင်ဘာ ၂၃ ရက်က တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးမင်းထိုက်၏ ကြီးကြပ်မှုဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး မြို့မရဲစခန်းမှူး၊ မူးယစ်တပ်ဖွဲ့စုမှူး၊ ယာဉ်ထိန်းတပ်ဖွဲ့စုမှူး၊ လူကုန်ကူးတားတပ်ဖွဲ့စုမှူး၊ ကမ္ဘာလှည့်တပ်ဖွဲ့စုမှူးတို့မှ လှည့်လည်အသိပညာပေးဟောပြောပြသခြင်းများ ဆောင်ရွက်ပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြင့်နိုင်(ပြည်)**

## မှုခင်းသတင်းအတိုအထွာ

**မကွေး**
မကွေးမြို့ သိင်္ဂါရပ်ကွက်၌ စက်တင်ဘာ ၂၃ ရက်က ကျောင်းသားတစ်ဦး ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့သည်။ သေဆုံးသူ ကျော်သီဟ (၂၀ နှစ်) သိင်္ဂါရပ်ကွက် မကွေးမြို့နေသူသည် ဇော်မျိုးဝင်း၊ အောင်ကိုဌေး၊ လင်းလင်းထွန်းတို့နှင့်အတူ အိမ်ရှင်ဦးအောင်ထွန်း (၅၅ နှစ်) သိင်္ဂါရပ်ကွက် မကွေးမြို့နေသူ၏ နေအိမ်၌ မကွေးတက္ကသိုလ်(အဝေးသင်)တက်ရောက်ရန် သူငယ်ချင်းများစုပေါင်း၍ ငှားရမ်းနေထိုင်ကြောင်း၊ ယင်းနေ့နံနက်က ကျော်သီဟမှာ ရေချိုးနေရာမှ ရေမော်တာပလပ်ကို မီးပလပ်ပေါက်တွင်ထိုးစဉ် ဓာတ်လိုက်၍ သတိလစ်သွားသဖြင့် အတူနေသူငယ်ချင်းများက ဆေးရုံသို့တင်ပို့ကုသစဉ် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ စစ်ဆေးချက်အရ သိရသည်။
**ကျော်ဇေယျ**

**ထီးချိုင့်**
မူးယစ်တပ်ဖွဲ့စု (၆) ကသာနှင့် ထီးချိုင့်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၃ ရက်က ထီးချိုင့် - အင်းတော်- ကောလင်းကားလမ်း ထီးချိုင့်မြို့နယ် ကျောက်အိုက်ကျေးရွာအလွန် တောင်ဘက်လမ်းမထိပ်တွင် မူးယစ်ဆေးဝါး ရှာဖွေစစ်ဆေးမှုများဆောင်ရွက်စဉ် ထီးချိုင့်ဘက်မှ မောင်းမောင်းနှင့် အောင်သိုက်မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ တန်ဖိုးငွေကျပ် ၉၅၀၀၀၀ ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ **ဦးရဲ(ကသာ)**

**ကသာ**
ကသာခရိုင် အင်းတော်မြို့နယ် တောင်ကြီးကျေးရွာဘုန်းကြီးကျောင်းအနီး စက်တင်ဘာ ၂၂ ရက်က မြို့နယ်သစ်တော ဦးစီးဌာနမှ တောအုပ်ဦးရဲမြင့်သန်း၊ မော်တိတ်ရဲကင်းမှူး ရဲအုပ်ကျော်ဇင်နိုင်နှင့် အဖွဲ့တို့က တရားမဝင်သစ်စက်တစ်လုံးကို ရှာဖွေဖမ်းဆီးခဲ့ကြသည်။ အဆိုပါနေရာတွင် အချင်းသုံးပေ ရှစ်လက်မခန့် လွှဝိုင်းတစ်ခု၊ အရှည်လေးပေ အချင်းသုံးပေခန့်ရှိ ပူလီဘီးပါရှပ်တန်းတစ်ခု၊ ကျွန်းသစ်ခြောက်လုံး ၂ ဒသမ ၉၈၂ တန် ကာလတန်ဖိုးငွေကျပ် ၃၁၁၃၆၀ တို့ကို ပိုင်ရှင်မဲ့သိမ်းဆည်း ရမိခဲ့သည်။
**ဦးရဲ(ကသာ)**

**နေပြည်တော်**
ရှမ်းပြည်နယ် မူဆယ်မြို့ စွမ်စော်ရပ်ကွက်တွင် ငါးပစ်ဂိမ်းလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ စက်တင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီခွဲခန့်က မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးရာ အိမ်ရှင်အောင်အောင်ဦး၊ မအေးသီတို့နှင့်အတူ လာရောက်လောင်းကစားပြုလုပ်နေသော စွမ်စော်ရပ်ကွက်နေ အချင်း(၃၂နှစ်) တစ်ရပ်ကွက်တည်းနေ ဇော်မင်းထွန်း(၂၉နှစ်)၊ စိုးသင်း(၂၂နှစ်)၊ ကျန်ရှွန်းရှင်(၄၆နှစ်)၊ အောင်ကျော်ကျော်(၁၇နှစ်)၊ ထန်းရှော်ရှင်(၄၅နှစ်) နှင့် လားရှိုးမြို့ ရပ်ကွက်(၅)နေ အိုက်ခမ်း(၃၀နှစ်)တို့ကို ငါးပစ်ဂိမ်း လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဂိမ်းစက်လေးလုံး၊ လောင်းကြေးငွေကျပ် ၂၃၀၀၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။
**(ရဲပြန်ကြား)**

**ကန့်ဘလူ**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ထန်းကုန်းကျေးရွာ ကန်သာယာရပ်ကွက်၌ စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီခွဲက လက်သမား လာရောက်လုပ်ကိုင်နေသူတစ်ဦး လွန်ပူဖောက်ရာမှ ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။ သေဆုံးသူမှာ ထိန်တောကျေးရွာအုပ်စု ဉာဏ်အင်းကျေးရွာနေ မင်းမင်း(ခ) မင်းမင်းအောင် (၂၇နှစ်) ဖြစ်ပြီး ၄င်းမှာ ဦးတင်ထွန်း၏ နေအိမ်သို့ လက်သမားလာရောက်လုပ်ကိုင်ရာ လျှပ်စစ်ဖြင့် လွန်ပူဖောက်ရာမှ ဓာတ်လိုက်သေဆုံးကြောင်း သိရသည်။
**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

**နောင်ချို**
နောင်ချိုမြို့နယ် ထောက်ဖမ်းကျေးရွာ ကရောင်းဘိလပ်မြေစက်ရုံ၏တောင်ဘက် နှစ်မိုင်ခန့်အကွာရှိ ထုံးကျောက်တောင်ပေါ်တွင် စက်တင်ဘာ ၂၅ ရက်က ကျောက်ထုတ်လုပ်သား ထွန်းနိုင်ဝင်း(၂၈ နှစ်)သည် ကရောင်းဘိလပ်မြေစက်ရုံသို့ ထုံးကျောက်များတင်ပို့ရန်အတွက် ထုံးကျောက်တောင်ပေါ်ရှိ ထုံးကျောက်များကို တူဖြင့်ထုခွဲစဉ် ထုံးကျောက်အလျားသုံးပေ၊ အနံနှစ်ပေ၊ ထုနှစ်ပေခန့်မှာ ကွဲအက်ပြီး ထွန်းနိုင်ဝင်းနှင့်အတူ မြေပြင်ပေါ်သို့လိမ့်ကျကာ ထုံးကျောက်တုံးပိမိဒဏ်ရာများရရှိကာ နောင်ချိုပြည်သူ့ဆေးရုံသို့ တင်ပို့ကုသ စဉ် သေဆုံးသွားခဲ့သည်။
**စိုးဝင်း(နောင်ချို)**

**ဖြူး**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် သစ်တောဦးစီးဌာန သစ်တောရဲအဖွဲ့နှင့် ဖြူးမြို့နယ်သစ်တောရုံးမှ တောအုပ်ကြီး ဦးယဉ်ဝင်းနှင့်အဖွဲ့တို့ ပူးပေါင်း၍ စက်တင်ဘာ ၂၂ ရက်က သတင်းအရ ဖြူးမြို့အနောက်ဘက် ပဲခူးရိုးမတောင်ခြေ ဖြူးချောင်းဆည်ရေပိုလွှဲတူးမြောင်းအနီး ပျဉ်းကတိုး ၃၃ချောင်း ၂ ဒသမ ၄၆၂၈ တန်နှင့် ယင်းနေ့ည ၁၀ နာရီခွဲခန့်တွင် ဖြူးချောင်းဆည်သွားရာလမ်းကြောင်းအနီးတွင် ကျွန်းခွဲသားလေးချောင်း ၀ ဒသမ ၃၇၂၄ တန်နှင့် ပျဉ်းကတိုးခွဲသား ၄၂ ချောင်း ၃ ဒသမ ၂၀၈၆ တန် စုစုပေါင်း သစ်ခွဲသားပေါင်း ၇၉ချောင်း ၆ ဒသမ ၀၄၃၈ တန်တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။
**ဖြူးမြင့်ဦး**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ “မန္တလေးမျဉ်းဖြောင့်များ”အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ “မန္တလေးမျဉ်းဖြောင့်များ”ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(၀ါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ “မန္တလေးမျဉ်းဖြောင့်များ” အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ တတိယတွဲအဖြစ် “ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို” အမည်နှင့် ချမ်းမြေ့ရတနာစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော “မန္တလေးမျဉ်းဖြောင့်များ”ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော “ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို” ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ရေနီမြောင်းတစ်ရေးနိုး

## ဆူးငှက်

*(ယခင်အပတ်မှအဆက်)*

စာရေးဆရာက သူလျှောက်ခဲ့သော လမ်းများမှ မနက်စောမြင်ကွင်းကို ယခုလိုသရုပ်ဖော်ခဲ့၏။

“အိမ်ကထွက်ခဲ့စဉ်က မှောင်နေသေး၏။ လဆုတ်လသည် တိုက်တာအဆောက်အအုံများနောက် သစ်ပင်များကြားနစ်မြုပ်သွားခဲ့ပြီ။ လမ်းမီးတိုင်များကတော့ တလက်လက်ရှိသေးသည်။ သို့သော် လမ်းမီးတိုင်များမှာ ချမ်းနေကြဟန်တူပါ၏။ နှင်းစောင်ကြီးခြုံကာ ကွေးနေကြသည်။

အိမ်ကထွက်စတွင် လမ်းသွားလမ်းလာ လူတစ်ယောက်စ၊ နှစ်ယောက်စတွေ့ရသည်။ တိုက်တွေ၊ အိမ်တွေ၊ ဆိုင်တွေမှာ တံခါးပိတ်လို့ အိပ်ကြတုန်း။ ဆိုင်တွေမှာ အနီးကြားဆုံးကား လက်ဖက်ရည်ဆိုင်အချို့ဖြစ်သည်။ ရေနွေးကျိုလို့ နွားနို့ချက်ပြီးကြပြီ၊ နံပြားဖုတ်လို့ ပဲပြုတ်ကြော်နေကြပြီ။ ဆိုင်ရှင်ကိုအမီလိုက်၍ လုံ့လဉဿဟကြီးသော ဖောက်သည်အချို့ကား ငုတ်တုတ်ထိုင်၍ စောင့်နေကြပြီ။ တကယ်ပင် ငုတ်တုတ်ထိုင်နေကြ၏။ ကုလားထိုင်ပေါ်မှာ ခြေချ မထိုင်နိုင်ပါ။ ဆောင့်ကြောင့်ထိုင်ကြရ၏။ လက်တွေကို ပေါင်ကြားညှပ်၍ အပေါ်အင်္ကျီကိုရင်စေ့၍ ခေါင်းကို တဘက်နှင့်လုံအောင် (နားရွက်ပါလုံအောင်)ပေါင်း၍၊ လမ်းပေါ်တွင် မန္တလေးသရုပ်ဖော် အနေးယာဉ်ဖြစ်သော မြင်းလှည်းကလေးများ တစ်စီးစ၊ နှစ်စီးစ ထွက်စ ရှန်းကန်စဖြစ်၍လားပဲမသိ။ မြင်းကလေးများသည် ပြေးရင်းလွှားရင်း အမြီးထောင်ကာ မကာနှင့် အီးတဒူဒူပေါက်၍ ချေးတုံးတွေကိုအစီအရီ စွန့်ကြဲသွားကြလေသည်။ လမ်းလျှောက်သူတွေမှာ ယင်းတို့ကို တက်မနင်းမိအောင်အထူးဂရုပြုရှောင်ကြရ၏။ နှစ်ပြလောက် ကျော်သွားမိသောအခါ နိုးကြားနေသောအိမ်တစ်အိမ်ကို တွေ့မြင်ရသည်။ အိမ်ရှေ့ပေါက် ခေါက်တံခါးကြီးတစ်ချပ်ကို ဖွင့်ထားရာ အထဲကမီးရောင် အပြင်သို့ ထွက်နေသည်။ အပြင်ထွက်နေသော မီးရောင်အောက်မှာ ကိုယ်လုံးကိုယ်ပေါက် အချိုးအဆက်ကျနပြေပြစ်သော အရိပ်သဏ္ဌာန်နှင့် မိန်းမတစ်ယောက်သည် ဘုရားပန်းအိုးဟု ထင်မှတ်ရသောအရာတစ်ခုကို ဆွဲထုတ်လာသည်ကို ဝိုးတဝါးမြင်လိုက်ရသည်။ အိမ်ဝိုင်းထဲမှာ ထူထပ်စွာ ဝတ်ဆင်ထားပြီး တဘက်နှင့်ခေါင်းကို လုံအောင်ပေါင်းထားသော အရပ်ရှည်ရှည် ယောကျ်ား တစ်ယောက်က မတ်တတ်တံမြက်စည်းကြီးနှင့် လှည်းကျင်းနေလေသည်။

တရုတ်တန်းသို့ ရောက်သောအခါ ကျွန်တော် အံ့သြရသည်။ အလင်းရောင်မှုန်တိမှုန်ဝါးထဲမှာ လူတွေ အတော်ကလေး စည်ကားနေပေပြီ။ လမ်းသွားလမ်းလာလူထုမဟုတ်။ စျေးဖွင့်ရန် ပြင်ဆင်နေသော လူထုဖြစ်၏။ ကားကြီး၊ ကားငယ်တွေထဲမှလည်းကောင်း၊ မြင်းလှည်းတွေပေါ်မှလည်းကောင်း၊ ဆိုက်ကားတို့မှလည်းကောင်း ကုန်ပစ္စည်းချနေသူများ၊ ဘယ်လိုကုန်ပစ္စည်းတွေပါလိမ့်။ ဟင်းသီးဟင်းရွက်၊ သစ်သီးပန်းမန် မဟုတ်သည်ကတော့ သေချာသည်။

မှောင်ကျသောနေရာများမှာ မသိနိုင်သေးသော်လည်း မီးရောင်အောက်မှာတော့ အသေအချာမြင်ရပါပြီ။ အထည်အလိပ်များ အလိပ်လိုက် အလိပ်လိုက်။ အခြား မှောင်ခိုပစ္စည်းများ အထုပ်လိုက်၊ သေတ္တာလိုက်။

ဤကား မနက်စောစောလမ်းလျှောက်ထွက်သူတစ်ယောက်အတွက် အနည်းဆုံးရရှိသည့် မြင်ကွင်းအတွေ့အကြုံပင်ဖြစ်၏။ ထိုအချိန်အိပ်ရာထဲ ကွေးနေသူက ထိုမြင်ကွင်းမျိုးမြင်မှာ မဟုတ်။ သည့်ထက်ပိုမိုစဉ်းစားလိုက်တော့ မနက်စောစောလက်ဖက်ရည်ဆိုင်ဖွင့်သူက သူများအိပ်စဉ်မှာပင် ပိုက်ဆံဝင်ပြီ။ ထို့အတူ မြင်းလှည်းဆရာလည်း ပိုက်ဆံဝင်ပြီ။ တရုတ်တန်း စျေးသည်များလည်း ပိုက်ဆံဝင်ပြီ။

ယုတ်စွအဆုံး မနက်စောစောအိပ်ရာထ၊ တံမြက်လှည်း၊ ဘုရားပန်းကပ်သူ ဇနီးမောင်နှံမှာလည်း ယနေ့အဖို့ နှလုံးစိတ်ဝမ်း အေးချမ်းကာ ပီတိကုသိုလ်တွေရနေပြီ။ အိပ်နေသူ ဘာရပါသနည်း။ ဘာမျှမရတာသေချာသည်။ ဝတ္ထုအားဆက်ဖတ်ကြည့်တော့ ကျုံးဘေးမှာလည်း လမ်းလျှောက်ကြ၊ ပြေးကြ၊ ကစားကြသော လူကြီး၊ မိန်းမကြီး၊ လူလတ်၊ လူငယ်၊ မိန်းမငယ်များတွေ့ရမည်။ သူတို့လည်း ရွှင်လန်းဖျတ်လတ်မှုနှင့် ကျန်းမာရေးအတွက်ကိုယ်ခံအားတွေရကြပြီ။

လက်ဆွဲမီးဖိုလေးချပြီး မုန့်ရောင်းနေသော မိန်းမကြီးတစ်ယောက်မှာလည်း မိုးမလင်းခင်ကပင် ဆန့်ဖိုးဆီဖိုးရလောက်ပြီ။ ထို့အတူ...

မနက်စောစောထ လမ်းလျှောက်သော စာရေးဆရာမှာလည်း“ရ”ခဲ့သည်။ သူရသည်က ငွေကြေးမဟုတ်၊ ဘာဝနာမဟုတ်။ သို့သော် စာရေးဆရာတစ်ယောက်အတွက် အဖိုးမဖြတ်နိုင်သည်များကို ရခဲ့သည်။ ကြည့်လေ...

“မနေ့မနက်က ကျွန်တော်သည် နေရာရောက်သောအခါ အရှေ့ဘက်မိုးကုပ်စက်ဝိုင်းတွင် ချိုပြုံးနေသော နေလုံးကြီးသည် ပြုံတစ်ပြုံတစ်နှင့် လူးလွန့်ကာ ထွက်လာလေပြီ။ အခြားအချိန်မှာ အကြည့်မခံသောနေလုံးကြီး။ ထိုအချိန်မှာတော့ ပြုံးရွှင်စွာ အကြည့်ခံနေ၏။ ကြာပန်းငုံကြီးပွင့်အာလာသောအခါ အပေါ်ထပ်ပွင့်ချပ်စိမ်းများ တစ်လွှာပြီးတစ်လွှာ ကွာကျနေသလို တိမ်နီ၊ တိမ်ဝါ၊ တိမ်ပြာတို့သည် တဖြည်းဖြည်း တရွေ့ရွေ့ ဘေးသို့ ဖယ်ရှားပေးနေကြသည်။ တိမ်တိုက်၊ တိမ်လွှာ၊ တိမ်ညွှန့်များကို ကွပ်ထားသော ငွေရေးကောက်ကြောင်းများသည် လူးလွန့်ပြန့်ကားထွက်နေကြ၏။ အရှေ့ဘက်ကောင်းကင်မှ ပတ္တမြားရောင်၊ နီလာရောင်၊ ရွှေရောင်၊ ငွေရောင်တို့သည် အနောက်ဘက်ကောင်းကင်ပြာတွင် ရောင်ပြန်ဟပ်နေကြသည်။ တောင်ဘက်မြောက်ဘက်သို့လည်း ရောင်ဖြာကူးယှက်နေကြသည်။ တကယ်တော့ လောကဓာတ်ကြီးတစ်ခုလုံးအနှံ့ ပတ္တမြားရောင်၊ နီလာရောင်၊ ရွှေရောင်၊ ငွေရောင်တို့သည် ကွန့်မြူးနေကြလေပြီ။ ရောင်စုံကွန့်မြူးသော မြို့ရိုးကြီးကား မကြုံစဖူးအလှထူးနေ၏။ နီညိုသော အုတ်ချပ်များသည်ပင် အခါတိုင်းလို မဟုတ်၊ ရွှေအိုရောင်ပေါက်နေသလား မပြောတတ်၊ မွမ်းမံပြင်ဆင်ထားသော ပြာသာဒ်များက ပိုနွဲ့နှောင်းကြော့ရှင်းနေသည်။ မူလအနေအထားအတိုင်း မွမ်းမံပြင်ဆင်ထားသော ပစ္စင်၊ ရင်တား၊ သူရဲခို၊ ပြအိုးတို့ကား ပိုမိုခံ့ညားထည်ဝါနေသည်။ မြို့ရိုးခြေရင်းတွင် ရတနာပုံရွှေမြို့တော်တည်စကပင် စိုက်ထားသည်ဟုထင်ရအောင် အိုမင်းနေသော သစ်ပင်အိုကြီးတစ်ပင်နှင့် ထန်းပင်ကြီးနှစ်ပင်တို့သည် ချိုပြုံးနေသော နေလုံးကြီးမှ လွှတ်လိုက်သည့် ရောင်ခြည်နုများအောက်တွင် နုပျိုလန်းဆန်းနေကြဟန်ရှိသည်။ မကြာသေးမီကလေးက မြေတလင်းပြင်လိုလို၊ ရေမျက်နှာပြင်လိုလို ထင်ခဲ့ရသော ကျုံးကြီးသည် မှန်ချပ်ကြီးဖြစ်လာကာ နေဝန်းနီ၊ ကောင်းကင်၊ မြို့ရိုး၊ ထန်းပင်စသည့်တို့ကို ထင်ဟပ်နေလေသည်။ ပတ်ဝန်းကျင်အရှိတရား၏ ပကတိအလှနှင့် ဝိကတိအလှတို့ သဟဇာတ ဖြစ်သွားလေသောအခါ အလှသည် အလှဆုံးဖြစ်သွားလေသည်”

တဲ့ စာရေးဆရာရလိုက်သည်ကတော့ “အလှ”ဖြစ်သည်။ “အလှ” သည် “ရသ” ဖြစ်သည်။ “ရသ” သည် စာရေးဆရာအတွက် သည်းခြေကြိုက်၊ အဖိုးမဖြတ်နိုင်။ သည်ရသကို အခြေခံ၍ အနုပညာများစွာ တောက်စားကွန့်မြူးပေရော့။

စာရေးဆရာကို တစ်နံနက်ခင်း အမှတ်မထင်တွေ့လိုက်၊ ရလိုက်သော ထိုအလှတွင် ယစ်မူးသွားသည်။ တရှိုက်မက်မက်ထပ်ကာထပ်ကာခံစားချင်သည်။ ထို့နောက် မန္တလေးရောက်ခိုက် ရတောင့်ရခဲ၊ ကြုံတောင့်ကြုံခဲ၊ ရှားပါးစွာရရှိသည့် ထို“အလှ”အတွက် နောက်နေ့မနက်စောစောလည်းထပြီး လမ်းလျှောက်ပြန်သည်။ မနေ့ကတွေ့ခဲ့သော ထို “အလှ”ကို ရှာသည်။ မတွေ့တော့။ မူလမှန်းထားသော အရှေ့တောင် ကျုံးထောင့်ထိ “အလှ” ကို မတွေ့သောအခါ မြောက်သို့ဆက်ကာ အရှေ့ကျုံးလမ်းအလယ်ပေါက် ဦးထိပ်တံခါးထိ “အလှ” ကို ရှာပြန်၏။ နောက်ကျသွားချေပြီ။ မတွေ့ပြန်တော့။ မိနစ်လေးအနည်းငယ်မျှ နောက်ကျသွားသဖြင့် “အလှ”ကို လက်လွှတ်လိုက်ရသောအခါ စာရေးဆရာ၏ မြင်မြင်သမျှ သဘာဝများသည် အကျည်းတန်လာတော့၏။

ထိုအခါ နေလုံးနီနီကို တွေ့ပါ၏။ ပြုံးရယ်နေသော နေလုံးနီမဟုတ်တော့။ နုပျိုသော ရောင်ခြည်ကို တွေ့ပါ၏။ စေ့စေ့ကြည့်ခံသော မျက်နှာမဟုတ်တော့။ တိမ်နီ၊ တိမ်ဝါ၊ တိမ်ပြာများကို တွေ့ပါ၏။ ပတ္တမြားရောင်၊ ရွှေရောင်၊ နီလာရောင် မဟုတ်တော့။ တိမ်လွှာ တိမ်တိုက် တိမ်ညွှန့်များကို တွေ့ပါ၏။ ကနုတ်ဟန်၊ ယိုးဒယားပန်းအလှမဟုတ်တော့။ ပြအိုး၊ သူရဲခို၊ ပစ္စင်၊ ရင်တား၊ ထီး၊ ပြာသာဒ်များ ခံ့ညားပါ၏။ သို့သော် ကဗျာမဆန်တော့။ မြို့ရိုးအို၏ အဖာအထေး၊ သစ်ပင်အို၏ အရိုးပြိုင်းပြိုင်း၊ ထန်းပင်အို၏ ကလန်ကလား၊ အရွက်ခြောက်၏ ကိုးရိုးကားရားများကို ခနော်နီခနော်နဲ့မြင်နေရ၏။

ထိုအခါ စာရေးဆရာသည် မင်္ဂလာတံတားပေါ်မှတစ်ဆင့် ကျုံးအတွင်း ဥယျာဉ်ထဲဝင်ကာ အရိပ်ကောင်းသစ်ပင်၊ သီးပွင့်ကောင်းပန်းပင် အပန်းဖြေနားနေရာ နေရာထိုင်ခင်းတို့အပြင် ကစားစရာ ပစ္စည်းကိရိယာတွေ၊ ပျော်ပွဲစားစရာ စျေးဆိုင်ကနားတွေ၏ အဆန်းတကြယ်သည်လည်း ချမ်းမြေ့ဖွယ်မဖြစ်တော့။

လှိုင်းတွန့်လေးများဖြင့် ပြုံးနေသော ရေမျက်နှာပြင်ပေါ်က နေခြည်နုတို့ တဖျပ်ဖျပ်တောက်ပကာ တရွှရွှလှုပ်လှဲ့ကခုန်နေသော မြစိမ်းရောင်ရေညှိပင်များကြား ငါးကလေးများ၏ လိုက်တမ်းပြေးတမ်းကစားနေသော ကျုံးရေအတွင်း မြင်ကွင်းသည်လည်း ပျောက်ဆုံးသွားသော အလှမှာ အစားထိုးနေရာ မယူနိုင်တော့။

“စာရေးဆရာတစ်ဦး၏ အလှဖန်ဆင်းဉာဏ်စွမ်းအားသည် သဘာဝမိခင်ကြီး၏ အလှဖန်ဆင်းဉာဏ်စွမ်းအားကို အမီလိုက်နိုင်မည်မဟုတ်ချေတကား”ဟူ၍ ဆရာကြီးသိန်းဖေမြင့်က သူ၏“သည်ကနေ့တော့ မင်းကို မတွေ့ခဲ့ရပါ လား အလှရယ်” ဟူသော ဝတ္ထုတိုဖြင့် ကောက်ချက်ချပြသည်ကို ဖတ်လိုက်ရတော့ လှုပ်ခါသွားသည်။

မိနစ်အနည်းငယ်မျှ အိပ်ရာထနောက်ကျသဖြင့် ဆုံးရှုံးသွားရသော၊ လက်လွှတ်သွားရသော အခွင့်အရေးတစ်ရပ်အပေါ် ဆရာကြီး သိန်းဖေမြင့် ယူကျုံးမရဖြစ်နေချိန်တွင် ကျွန်တော်တို့သည် နာရီပေါင်းများစွာ နေ့ပေါင်းများစွာ၊ လပေါင်းများစွာ၊ နှစ်ချီ၍ အိပ်စက်ဖြုန်းတီး ပစ်နေမိတော့သည်။

တကယ်တော့ အသက် (၄၀) စွန်းပါမှ ဆက်အိပ်၍မရတော့သော အခြေအနေ ပတ်ဝန်းကျင်ကြောင့် လူးလဲထ၊ မျက်လုံးပွတ်သပ်ကာ ကယောင်ကတမ်းနှင့် ပျောက်ဆုံးသွားသော “အလှ”များစွာကို မိုက်မဲစွာရှာဖွေကြည့်နေမိတော့သည်။

ဝီရိယကောင်းသူများက ယူသွားကြတာကြာပြီပေါ့။

ကိုယ့်အတွက် ဘာမျှမကျန်တော့။

*(“ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့မန်းရိပ်ခို” ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)*



## မှုခင်းအသိပညာပေးယာဉ် စလင်းမြို့နယ်၌ပြသ

**စလင်း စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့နှင့် ဆင်ဖြူကျွန်းမြို့များတွင် မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုများ လျှော့နည်းပပျောက်ရေး၊ ယာဉ်အန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးအတွက် ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား အသိပညာပေးမှုများကို စလင်းမြို့နယ်ရဲတပ်ဖွဲ့၏ ပညာပေးပြခန်းယာဉ်ဖြင့် စက်တင်ဘာ ၂၃ ရက်မှစ၍ လှည့်လည်ပြုလုပ်လျက်ရှိရာ ဒေသခံပြည်သူများ စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

အဆိုပါ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ဆင်ဖြူကျွန်းမြို့ အထကကျောင်းတွင်လည်းကောင်း၊ ဆင်ဖြူကျွန်းဈေးအနီးတွင်လည်းကောင်း ဆက်လက်ပြသ၍ ဖျော်ဖြေရေးအစီအစဉ်တစ်လှည့်၊ ပညာပေးဟောပြောခြင်းတစ်လှည့်ဖြင့် ဟောပြောခဲ့ရာတွင်လည်း ပြည်သူ ၁၅၀၀ ခန့် လာရောက်နားထောင်ခဲ့ကြောင်း သိရသည်။

ထို့နောက် စလင်းမြို့ စည်ပင်သာယာဈေးအနီးတွင် ပညာပေးပြခန်းယာဉ်ကို ရပ်နား၍ မြို့နယ်ရဲတပ်ဖွဲ့မှူးက ခေါင်းဆောင်ပြီး ဖျော်ဖြေရေးအစီအစဉ်များတစ်လှည့်စီဖြင့် ဟော ပြောခဲ့ရာ ဟောပြောတင်ဆက်ပုံဆန်းသစ်၍ ပြည်သူများ စိတ်ဝင်တစားလာရောက် နားထောင်ကြကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**



## ခင်ဦးမြို့၌ ခွေးများအား ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးပေး

**ခင်ဦး စက်တင်ဘာ ၂၇**

စက်တင်ဘာ ၂၈ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ကို ကြိုဆိုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့တို့ပူးပေါင်းပြီး ခင်ဦးမြို့ပေါ်ရှိ ခွေးများအား ခွေးရူးရောဂါကာကွယ်ဆေးများကို စက်တင်ဘာ ၂၆ ရက်မှစ၍ အခမဲ့ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ခင်ဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာလှလှပြုံးနှင့် ဒုတိယဦးစီးမှူးတို့က ခွေးရူးရောဂါ ကာကွယ်ဆေးကို လိုက်လံထိုးပေးနေခြင်းဖြစ်ပြီး ဒေသခံပြည်သူများ မွေးမြူထားသော ခွေးများ၊ ဘုန်းကြီးကျောင်းရှိခွေးများ၊ ခွေးလေခွေးလွင့်များကို ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ရာ စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက ခွေးအကောင် ၈၀ ကို ကာကွယ်ဆေးများ ထိုးပေးနိုင်ခဲ့ကြောင်း ဒေါက်တာလှလှပြုံး၏ ပြောကြားချက်အရ သိရသည်။




ယခုလို ခွေးရူးရောဂါကာကွယ်ဆေးများကို အခမဲ့ထိုးပေးသည့်အတွက် မိမိတို့အိမ်တွင် မွေးထားသည့်ခွေးများက တခြားခွေးတွေနှင့် ကိုက်သည့်အခါ ခွေးရူးရောဂါအန္တရာယ်မှ ကာကွယ်နိုင်ပြီး မိမိအိမ်မှခွေးက အမှတ်မထင် ကိုက်မိလျှင်ပင် စိုးရိမ်စရာမလိုသဖြင့် မိမိအိမ်တွင် မွေးထားသည့်ခွေးများကို ယခုလို ကာကွယ်ဆေးအခမဲ့ထိုးပေးချိန် အတွင်း လိုလိုလားလား သွားရောက်ဆေးထိုးပေးသင့်ကြောင်း မွေးမြူထားသည့်ခွေးကို ကာကွယ်ဆေးထိုးလာခဲ့သည့် ခင်ဦးမြို့နေ ပြည်သူတစ်ဦးက ပြောသည်။

**ခင်ဦးစိုးဝေ**

## ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**မြင်းခြံ**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အား ကြိုဆိုသောအားဖြင့် မြင်းခြံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အုန်းသွင် ဦးစီးသည့် ခရိုင်တပ်ဖွဲ့မှူးရုံးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၅၀ နှင့် ဆေးရုံဝန်ထမ်းများသည် ခရိုင်ပြည်သူ့ဆေးရုံကြီးဝင်း ရှေ့မျက်နှာစာ၌ စက်တင်ဘာ ၂၅ ရက်နံနက်ပိုင်းက မြက်များနှင့် ချုံနွယ်များအား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

**လင်းလက်ကြယ်(တောင်သာ)**

**ဇီးကုန်း**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇီးကုန်းမြို့နယ် မြို့မရဲစခန်းမှ မြို့နယ်မှူး ရဲမှူး လှအောင်ဦးစီးသော အရာရှိနှင့်ရဲတပ်ဖွဲ့ဝင်အင်အား ၈၀ ကျော်တို့သည် စက်တင်ဘာ ၁၇ ရက် နံနက် ၇ နာရီမှ ၉ နာရီအထိ အ.ထ.က (ဇီးကုန်း) ကျောင်းကြီး၏ အတွင်းအပြင်ဘက်ရှိ ချုံနွယ်ပိတ်ပေါင်းများအား စုပေါင်းရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇီးကုန်းမြို့နယ်ရဲတပ်ဖွဲ့ဝင်များ လုပ်အားပေးနေသော ကျောင်းဝင်းအတွင်းရှိ နေရာများသို့ မြို့နယ်ပညာရေးမှူး ဦးမြင့်အောင်၊ ကျောင်းအုပ်ဆရာကြီး ဦးသန်းအောင်နှင့် ဆရာ ဆရာမျာက ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ကိုသက် (ဇီးကုန်း)**

## ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးလုပ်ငန်းဖွင့်

**ခရမ်း စက်တင်ဘာ ၂၇**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ညောင်ပင်ကွင်းကျေးရွာအုပ်စု နလူးစုကျေးရွာနှင့် ဦးဖော်လုံးတဲစုကျေးရွာမှ ဒေသခံပြည်သူများ ကိုယ့်အားကိုယ်ကိုးထည့်ဝင်ငွေ ကျပ်သိန်း ၄၅၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့သည့် မီးလင်းရေးလုပ်ငန်းဖွင့်ပွဲကို စက်တင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ တိုင်းဒေကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်လတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမျိုးခိုင်နှင့် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမြင့်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် ဝန်ကြီးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူးက လုပ်ငန်းဆောင်ရွက်ခဲ့ပုံနှင့် ကျန်ရှိနေသောနေအိမ်များတွင် မီးလင်းရေးဆောင်ရွတ်သွားမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ **ကိုမင်း(ခရမ်း)**

## ဆိုင်ကယ်မောင်းလိုင်စင်များကို ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေး

**မလှိုင် စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်းမှ ပြည်သူများအား ဆိုင်ကယ်မောင်းလိုင်စင်များကို မိတ္ထီလာခရိုင် ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးဌာနက ဒုတိယရက် ၁၀၀ စီမံချက်အရ စက်တင်ဘာ ၂၅ ရက်တွင် ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၏ တင်ပြတောင်းခံမှုဖြင့် ကျောက်တန်းတိုက်နယ်အတွက် ကျောက်တန်းကျေးရွာလည်းကောင်း၊ နှောကန်တိုက်နယ်အတွက် ရွာတန်းရှည်ကျေးရွာတွင်လည်းကောင်း မိတ္ထီလာခရိုင် ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဦးအောင်ဇော်ဦးနှင့် ဝန်ထမ်းများက ကျေးရွာအရောက် ကွင်းဆင်းကာ လိုင်စင်များ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ ကျောက်တန်းကျေးရွာ၌ လိုင်စင်ပြုလုပ်ပေးရာတွင် ၅၇၈ ဦးနှင့် ရွာတန်းရှည်ကျေးရွာ၌ ၆၇၀ ကို လိုင်စင်များ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မလှိုင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာငြိမ်းက “အရင်တုန်းက လိုင်စင်လုပ်ရင် တစ်ရက်ကို တစ်မြို့နယ်လုံးလုပ်ရတဲ့အတွက် ဘယ်လိုမှ မပြီးနိုင်ပါဘူး။ ကျွန်မတို့ မလှိုင်မှာ တိုက်နယ်လေးခုရှိပါတယ်။ တစ်နေရာစီကို ကွင်းဆင်းဆောင်ရွက်ပေးဖို့ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေက တင်ပြတဲ့အတွက် ခုလိုဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ဒီနေ့တိုက်နယ်နှစ်ခုကိုဆောင်ရွက်သွားပြီး နောက်လတွေမှာ ကျန်တဲ့တိုက်နယ်ကို ဆောင်ရွက်ပေးသွားမှာပါ”ဟု ပြောသည်။

ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်များကို အသက်(၁၆) နှစ်ပြည့်ပြီးသူများကိုသာ ဆောင်ရွက်ပေးပြီး ယာဉ်မောင်းလိုင်စင်အသစ် လျှောက်ထားသူများကို ကညန လိုင်စင်ကြေးနှင့် အာမခံကြေး အပါအဝင် စုစုပေါင်း ငွေကျပ် ၉၀၀၀ ဖြင့် အပြီးဆောင်ရွက်ပေးခဲ့ကြောင်း၊ လိုင်စင်အသစ်လျှောက်ထားသူများကို လိုင်စင်ထုတ်မပေးမီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး သင်တန်းများလည်း ပို့ချပေးခဲ့ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

## မကွေးတိုင်းဒေသကြီး လူငယ်ဖိုရမ် ကံမမြို့၌ကျင်းပ



**ကံမ စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး လူငယ်ဖိုရမ်ကို သရက်ခရိုင် ကံမမြို့ ယွန်းကျောင်းပရိယတ္တိစာသင်တိုက် ခန်းမဆောင်၌ စက်တင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

ဖိုရမ်တွင် တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသော ဦးဇော်မင်းနှင့် ဦးတင်နွယ်ဝင်းတို့က အမှာစကားများ ပြောကြားပြီး တိုင်းဒေသကြီး လူငယ်ဖိုရမ်ကို စက်တင်ဘာ ၂၇ ရက်အထိ သုံးရက်ကြာ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဖိုရမ်တွင် တိုင်းဒေသကြီး လူငယ်ကွန်ရက်မှ ဆောင်ရွက်ပြီးနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို သုံးသပ်ဆွေးနွေးခြင်း၊ ရှေ့ဆက်ဆောင်ရွက်မည့် လူငယ်ရေးရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရေးဆွဲအတည်ပြုခြင်း၊ ဒေသတွင်းမြို့နယ်အသီးသီးရှိ လူငယ်ကွန်ရက်များမှ လက်ရှိရေးဆွဲထားသော လူငယ်မူဝါဒကို ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရထံသို့ တင်ပြနိုင်ရန်အတွက် ဒေသတွင်းမှလူငယ်များ၏ အသံနှင့်ဆန္ဒများကို အပြီးသတ်အတည်ပြုရေးဆွဲနိုင်ရေး စသည့်လုပ်ငန်းများကို စုပေါင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဖိုရမ်ဖွင့်ပွဲသို့ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ပြီး ဖိုရမ်သုံးရက်အတွင်း တိုင်းဒေသကြီးအတွင်းရှိ လူငယ်အဖွဲ့အစည်းပေါင်းစုံမှ လူငယ်ကိုယ်စားလှယ် ၁၈၀ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကိုဇော်(ခတု)**

## ရိုခေါဒါရ်မြို့၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးမှုများ ကွင်းဆင်းဆောင်ရွက်

**ရိုခေါဒါရ် စက်တင်ဘာ ၂၇**

ချင်းပြည်နယ် ရိုခေါဒါရ်မြို့အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ပိုမိုသိရှိနားလည်စေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်းပြီး အသိပညာပေးမှုများ စက်တင်ဘာ ၂၃ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရိုခေါဒါရ်စခန်းမှူး ရဲအုပ်လာလ်လျန်ဝုန်နှင့် တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဦးလာလ်ပက်လောမ်နှင့် ဝန်ထမ်းများ ပူးပေါင်း၍ မော်တော်ယာဉ်နှင့် ဆိုင်ကယ်မောင်းနှင်သူများ၊ ပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောကာ မြန်မာနှင့် မီဇိုချင်း ဘာသာစကားနှစ်မျိုးဖြင့်ထုတ်ဝေသည့် ‘ရိပန်းသစ္စာ’ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ၊ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့ ရုံးမှထုတ်ဝေသည့် လက်ကမ်းစာစောင်များနှင့် ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေများကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့သည်။

“ကျွန်တော်တို့ ရိုခေါဒါရ်မြို့ဟာ မြန်မာ-အိန္ဒိယနယ်စပ်မြို့ တစ်မြို့ဖြစ်တာကြောင့် နှစ်နိုင်ငံမှာရှိတဲ့ ယာဉ်ကြီးယာဉ်ငယ်တွေ ဝင်ထွက်သွားလာမှု စည်ကားရှုပ်ထွေးနေပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ မြန်မာနဲ့ အိန္ဒိယနိုင်ငံဟာ ယာဉ်ကြောလမ်းကြောင်းမောင်းနှင်မှု မတူညီပါဘူး။ ကျွန်တော်တို့မှာ လက်ယာကပ်မောင်း၊ သူတို့ ကျတော့ လက်ဝဲကပ်မောင်းဆိုတော့ ယာဉ်မောင်းသူတွေရော ပြည်သူတွေရော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို သိပ်ပြီးနားမလည်ကြပါဘူး။ အခုလိုမျိုး ယာဉ်နဲ့ လူဝင်ထွက်မှုများသလောက် မြို့တွင်းလမ်းကလည်းကျဉ်းနေတော့ ယာဉ်အန္တရာယ်ကို အလွန်စိုးရိမ်ရပါတယ်။ အခုလို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲတွေ ကွင်းဆင်းဆောင်ရွက်တော့ အများကြီးထိရောက်မှုရှိပါတယ်”ဟု ရပ်ကွက်လူကြီးတစ်ဦးက ပြောသည်။ ရိုခေါဒါရ်မြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကိုလည်း မြို့ပြန်/ဆက်ဌာနက အခါအားလျော်စွာ ပြုလုပ်ပြသလျက်ရှိကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

# ကင်းတားရေလှောင်တမံ ရေရှည်တည်တံ့ရေးအတွက် သစ်တောသစ်ပင်များကို ထိန်းသိမ်းကာကွယ်ရန်လို



ရှေးမြန်မာမင်းများ လက်ထက်မှစ၍ ပန်းလောင်မြစ်ပေါ်တွင် ရေလွှဲဆည်များတည်ဆောက်ပြီး လယ်ယာမြေများကို ဆည်ရေပေးစိုက်ပျိုးခဲ့ရာ ကိုလိုနီခေတ်(၁၉၃၁-၁၉၃၂)ခုနှစ်တွင် ပန်းလောင်မြစ်ပေါ်ရှိ ကင်းတားဆည်၊ နက်လွှဲဆည်၊ ကျီးမဲဆည်နှင့်ထုံးကြီးဆည်တို့ကို ပြန်လည်မွမ်းမံပြင်ဆင်ပြီး ယနေ့တိုင် ဆည်ရေပေးဝေသုံးစွဲခဲ့ကြသည်။

ထိုဆည်များသည် ရေလွှဲဆည်များဖြစ်၍ မြစ်ရေစီးရေလာနည်းပါးချိန်တွင် ရေလုံလောက်မှုမရှိခြင်း၊ မြစ်ရေကြီးချိန်တွင် လယ်ယာမြေများ ရေလွှမ်းမိုးခြင်းကြောင့် ရေကြီးမှုမှ ကာကွယ်နိုင်ရန်၊ တစ်နှစ်ပတ်လုံးရေလိုအပ်ချိန်တွင် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် နှစ်စဉ်လျှပ်စစ်ဓာတ်အားယူနှစ်သန်းပေါင်း ၁၆၅ သန်း ထုတ်လုပ်ရန် ရည်ရွယ်ချက်များဖြင့် ကင်းတားရေလှောင်တမံကို သက်ဆိုင်ရာ တာဝန်ရှိသူများက(၁၉၈၁-၁၉၈၂) ခုနှစ်ခန့်တွင် တည်ဆောက်ခဲ့ရာ (၁၉၈၉-၁၉၉၀)ခုနှစ်တွင် ပြီးစီးခဲ့သည်။

"ကင်းတားရေလှောင်တမံ ဘက်စုံစီမံကိန်းကို စိုက်ပျိုးရေပေးဝေရန်၊ ရေလွှမ်းမိုးမှုကိုကာကွယ်နိုင်ရန် ရေအားလျှပ်စစ်ထုတ်လုပ်ရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာပါ။ ကင်းတားရေလှောင်တမံရဲ့ အောက်ဘက်ရှစ်မိုင်အကွာရှိ ကင်းတားရေလွှဲဆည်မှ လက်ဝဲ/လက်ယာနှင့် ပန်းလောင်ရေသောက်စနစ်ရှိ စိုက်ပျိုးမြေကေများကို စိုက်ပျိုးရေပေးဝေရန် နိုင်ငံတော်က တည်ဆောက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်မှာ မိုးစပါးကေတစ်သိန်းခန့် စိုက်ပျိုးနိုင်ခဲ့ကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအနေနဲ့ ၂၀၁၅ ခုနှစ်မှာ ကီလိုဝပ်နာရီ သန်းပေါင်း ၅၂ ဒသမ ၅၈ သန်း ထုတ်လုပ်နိုင်ခဲ့ပါတယ်"ဟု ကင်းတားရေလှောင်တမံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၆-၂၀၁၇ ခုနှစ်တွင်လည်း မိုးစပါး လျာထားဧက ၁၁၀၀၀၀ ကျော်ကို ရေပေးစိုက်ပျိုးလျက်ရှိကြောင်း၊ စက်တင်ဘာ ၁၆ ရက်အထိ ကင်းတားရေလှောင်တမံ၏ ရေမှတ်မှာ ၆၁၆ ဒသမ ၇၃ ပေရှိကြောင်း၊ ကင်းတားရေလှောင်တမံသို့ ရေဝင်ရောက်မှုနည်းပါးနေခြင်းမှာ ရာသီဥတုပြောင်းလဲခြင်း (Climate Change)၊ သစ်တောပြုန်းတီးခြင်းနှင့်မိုးခေါင်ခြင်း(Deforestation and Water Shortage Problem)နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ရေအသုံးပြုမှု ပိုမိုများပြားလာခြင်း ( Socio-economic development effects on Catchment Area)စသည့် အချက်သုံးချက်ကြောင့်ဖြစ်ကြောင်း၊ ယခုအခါတွင် တရားမဝင်သစ်ခုတ်သူများကြောင့် ရေလှောင်တမံပတ်ဝန်းကျင်တွင် သစ်တောများ ပြုန်းတီးလာလျက်ရှိကြောင်း သိရသည်။

မြစ်သားမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးစိုးမိုးက "ကင်းတားတမံ ရေဝပ်ဧရိယာမှ တရားမဝင်သစ်ဆွဲစက်လှေတွေ၊ သစ်ခုတ်သယ်ယူသူတွေကို ဟန့်တားဖမ်းဆီးပေးရန် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၈ ရက်စွဲနဲ့ မြစ်သားမြို့နယ်ရဲတပ်ဖွဲ့နဲ့ သစ်တောဦးစီးဌာနများကို တင်ပြခဲ့ပေမယ့်လည်း သစ်ဆွဲစက်လှေများက လုပ်မြဲတိုင်း လုပ်ကိုင်နေတုန်းပါပဲ။ တရားမဝင်သစ်ကားတွေ သွားလာနေတဲ့ ကင်းတားတမံ(၃)အနီးရှိ ရွာငံ-မြစ်သားနယ်စပ်က တောလမ်းတွေကို ကျောက်တံတိုင်းနဲ့ ပိတ်ဆို့ကာရံခြင်းကို ကျွန်တော်တို့ဌာနက ဆောင်ရွက်ထားသော်လည်း တရားမဝင်သစ်မှောင်ခိုသမားတွေက တံတိုင်းတွေကိုဖျက်ဆီးပြီး စက်တင်ဘာ ၁၄ ရက်အထိ သယ်ယူသွားလာနေတုန်းပါ။ နှစ်မြို့နယ် နယ်စပ်မှာ တာဝန်ထမ်းဆောင်နေသူ သက်ဆိုင်ရာဌာနများကို သစ်မှောင်ခိုများရဲ့ဖျက်ဆီးထားခြင်းကို အကြောင်းကြားခဲ့လို့ သက်ဆိုင်ရာဌာနများက လာရောက်စစ်ဆေးတဲ့အခါ သူ့တာဝန်လိုလို ကိုယ့်တာဝန်လိုလို ဖြစ်နေကြပြီး လက်ရှိမှာတော့ သစ်မှောင်ခိုများက သယ်ယူနေတုန်းပါ။ ပြဒါးလင်းဂူ သစ်တောကြိုးဝိုင်းအတွင်းမှာ ထင်း၊ မီးသွေး၊ ဝါး၊ သစ်ဆွဲစက်လှေတွေ သွားလာနေတာတွေ တွေ့ရတာကြောင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးတစ်ခုမှာ တင်ပြခဲ့ပြီး တရားမဝင်သွားလာနေတဲ့ သစ်ဆွဲစက်လှေပိုင်ရှင်များကို မလုပ်ကိုင်ကြဖို့ ပြောခဲ့သော်လည်း ယနေ့အထိ တရားမဝင် သစ်ဆွဲနေတုန်းပါ။ ယခုလက်ရှိမှာတော့ တမံ(၃)အနီးမှာဆိုရင် ဘယ်ကရောက်လာမှန်းမသိတဲ့ သူတွေက ကျူးကျော်နေထိုင်နေတာတွေ့မြင်ရပါတယ်"ဟု ဆိုသည်။

ကင်းတားတမံအနီးရှိ ကံဆည်ကျေးရွာမှ စိုက်ပျိုးတောင်သူတစ်ဦးက "ကျွန်တော်တို့ ငယ်ငယ်တုန်းကဆိုရင် ကင်းတားတမံအနီးက တောတောင်တွေဟာ စိမ်းစိမ်းစိုစိုနဲ့ သဘာဝအလှတရားများနဲ့ အမြဲလှပနေတဲ့ တောတောင်တွေပါ။ အခုတော့ တရားမဝင်သစ်ဆွဲလှေတွေ အနယ်နယ်အရပ်ရပ်က ရွှေ့ပြောင်းနေထိုင်သူတွေဟာ သစ်ခုတ်၊ မီးသွေးဖုတ်ပြီး သစ်ပွဲစားများတွေဆီ ပြန်လည်ရောင်းဝယ်မှုတွေလုပ်ကိုင်နေပါတယ်။ အလားတူ ကူမဲ-ကင်းတားတမံသွား (၂၁)မိုင်လမ်းပိုင်း ချမ်းငြိမ်းသာကျေးရွာ အနီးတစ်ဝိုက်မှာဆိုရင်လည်း တရားမဝင်သစ်ခွဲစက်တွေ ရှိပါတယ်။ ဒါကို သက်ဆိုင်ရာဌာနတွေက မသိလို့လား မသိချင်ယောင်ဆောင်နေတာလားဆိုတာကိုတော့ မသိပါဘူး။ စက်တင်ဘာ ၂၃ ရက်အထိ ရှမ်းသစ်တော ဘိနယ်အပိုင် တမံ(၃)ရေဆိပ်မှာဆိုရင် ရေလမ်းကနေ တရားမဝင်သစ်တွေ ထွက်ရှိနေတုန်းပါ။ ထိုနည်းတူစွာ တမံ(၃) ရေဆိပ်အနီးမှာဆိုရင်လည်း ဘယ်ကနေရောက်လာမှန်းမသိတဲ့ ကျူးကျော်နေထိုင်သူတွေ များလာပါတယ်။ ဒီလိုကျူးကျော် နေထိုင်သူများလေ ကင်းတားတမံအတွက် လုံခြုံရေးက အစ စိုးရိမ်ရပါတယ်။ ဒီလိုလုပ်ကိုင်နေတာကြောင့် သစ်တောတွေပြုန်းတီးလာပြီး ရာသီဥတုတွေ ပျက်စီးလာပါတယ်။ ဒီလိုသာ သစ်တောတွေ ဆက်လက်ပြုန်းတီးနေမယ်ဆိုရင် ကျွန်တော်တို့ ကျေးရွာနေပြည်သူများဟာ ကိုယ့်ရပ်ရွာကိုစွန့်လွှတ်ပြီး တစ်နယ်တစ်ကျေးကို ဝမ်းစာအတွက် အလုပ်ထွက်လုပ်ရမယ့် အခြေအနေရှိပါတယ်။ သစ်တောပြုန်းတီးတဲ့အတွက် မိုးခေါင်ပြီး ဆည်အတွင်းဝင်တဲ့ရေ နည်းပါးလာရင် ဒေသခံတောင်သူများမှာ ဝမ်းစာအတွက် အခက်အခဲဖြစ်ရမှာပါ"ဟု ပြောသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်း ပန်းလောင်မြစ်ပေါ်တွင် တည်ဆောက်ထားသည့် ကင်းတားရေလှောင်တမံကို မြစ်သားမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ အဓိကအားကိုးအားထားနေရသည့် ဆည်တမံတစ်ခုအဖြစ် ရေရှည်တည်တံ့နေစေရေး အတွက် တရားမဝင် သစ်ခုတ်၊ သစ်ထုတ်လုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများပူးပေါင်း၍ ဝိုင်းဝန်းထိန်းသိမ်းပေးရန်လိုအပ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**သတင်းဆောင်းပါး**

**ကျော်ကျော်(မလှိုင်)**



**ကင်းတားရေလှောင်တမံ တမံ(၃) ရေဆိပ်မှ တရားမဝင် သစ်ဆွဲစက်လှေတစ်စင်း**

## သတင်းတိုများ

### ကြံစံပြကွက်နှင့် ဒုရင်္ဂဗိုလ် စိုက်ပျိုးပညာပေးစခန်းတွင် ကွင်းဆင်းစစ်ဆေး

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် ဒုရင်္ဂဗိုလ်ရေပေးရေးဝင်းအတွင်း စိုက်ပျိုးထားသော ၂၀၁၆-၂၀၁၇ ကြံသီးနှံစံပြကွက် အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် ဒုရင်္ဂဗိုလ် ပညာပေးရေးစခန်းနယ်မြေရှိ RTOP မြေဩဇာစမ်းသပ်ကွက်များ စိုက်စနစ်ငါးမျိုး ယှဉ်ပြိုင်ကွက်စပါးစိုက်ခင်းများ၊ မျိုးသန့်မျိုးပွားစိုက်ခင်းများတွင် ပထမအကြိမ် မျိုးကွဲပယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမင်းဇော်အောင်၊ ခရိုင် မြေအသုံးချရေးတာဝန်ခံ ဦးမြစံနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဌေးမောင်နှင့်အဖွဲ့ စက်တင်ဘာ ၂၅ ရက်က လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

### မူးယစ်ဆေးစွဲ/ဆေးဖြတ်သူများအား ပညာပေးဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် ပြည်သူ့ဆေးရုံ၌ မက်သဒုံးအစားထိုးကုသခြင်းဖြင့် မူးယစ်ဆေးဖြတ်ကုသနေသူ ၇၆ ဦးအား ဖောင်းပြင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်အေး၊ စစ်ကိုင်းတိုင်းဒေသကြီး စိတ်/မူးယစ်အထူးကုဆရာဝန်ကြီး ဒေါက်တာကြည်စိုးဝင်း၊ ဖောင်းပြင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇင်ထွန်းနှင့် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)ကိုယ်စားလှယ် ဦးမောင်မောင်လတ်တို့ စက်တင်ဘာ ၂၅ ရက်က သွားရောက်တွေ့ဆုံပြီး ဆွေးနွေးပညာပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### စာဖတ်ရှိန်မြှင့်တင်ရေးအထောက်အကူပြု ပုံပြောပြိုင်ပွဲကျင်းပ

မွန်ပြည်နယ် မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်း အထောက်အကူပြု ပုံပြောပြိုင်ပွဲကို မြို့နယ်ပြန်/ဆက်ရုံး စာကြည့်တိုက်ခန်းမ၌ စက်တင်ဘာ ၂၅ ရက်က ကျင်းပခဲ့ရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မိုးမိုးစန္ဒာထွန်းက စာဖတ်ရှိန်မြှင့်တင်ရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး သဘော်ဦး အလကကျောင်းမှ ဆရာမဒေါ်ဝင်းကြည်က ပြိုင်ပွဲကျင်းပခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဆက်လက်ကျင်းပရာ သဘော်ဦး အလကကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၀ ဦးဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင်သူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

### မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

မြို့နယ်အတွင်းမှ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ကျင်းပခဲ့သော မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲကို အောင်ဇေယျာဘက်စုံအားကစားကွင်း၌ စက်တင်ဘာ ၂၅ က ကျင်းပရာ မယ်ဆွမ်တောင်အသင်းနှင့် မယ်ဆွမ်မြောက်အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး မယ်ဆွမ်မြောက်အသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကိုကျင်းပပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူလှိုင်နှင့် တာဝန်ရှိသူများက ဆုရအသင်းနှင့် ထူးချွန်ကစားသမားများအား ဆုများချီးမြှင့်ခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

### ရေတိုက်စားပျက်စီးခဲ့သော လမ်း၊ တံတားများကို ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်း ရေတိုက်စား၍ပျက်စီးသွားသော လမ်းနှင့် တံတားများ၊ တံတားချဉ်းကပ်လမ်းများ၊ ရေကျော်များကို ပြန်လည်ပြုပြင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်လှိုင်ဝင်း၊ မြို့နယ်လမ်းဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးရွာများမှ တာဝန်ရှိသူများ စက်တင်ဘာ ၂၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ပြန်လည်ပြုပြင်နိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

**မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပေါက်ခေါင်းမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာ ၁၈ ရက်က ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး အေးမင်းနှင့်အဖွဲ့ စုပေါင်းသန့်ရှင်းရေး ပြုလုပ်စဉ်**

(မြို့နယ် ပြန်/ဆက်)



## စာပေအနုပညာမျှဝေခြင်း စကားဝိုင်းဆွေးနွေးပွဲများ အပတ်စဉ်ပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၂၇**

တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ စာပေအနုပညာမျှဝေခြင်း စကားဝိုင်းဆွေးနွေးပွဲကို လင်းသစ်ရောင်ခြည်(ကျောက်မြောင်းစာပေစကားဝိုင်း) အဖွဲ့ကစီစဉ်၍ စက်တင် ဘာ ၂၅ ရက်က ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် စာရေးဆရာမင်းချမ်းမွန်က စာပေအကြောင်းအရာများကို ပို့ချမျှဝေ ဆွေးနွေးခဲ့ကာ စာပေစကားဝိုင်းဆွေးနွေးပွဲသို့ စာရေးဆရာ၊ ကဗျာဆရာများ၊ စာပေဝါသနာရှင်လူငယ်များ တက်ရောက်ခဲ့ကြသည်။ ဆက်လက်ပြီး ဆွေးနွေးပွဲများကို နှစ်ပတ်လျှင်တစ်ကြိမ် ပြုလုပ်ကာ စာရေးဆရာ၊ ကဗျာဆရာ တစ်ဦးစီက ဟောပြောပို့ချ ဆွေးနွေးသွားမည်ဖြစ်၍ စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **လှလှ**

# ပေါ့ဂ်ဘာ မန်ယူအတွက် ဂိုးများသွင်းပေးမည်

မန်ယူအသင်းသို့ စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ဂျူဗင်တပ်စ်အသင်းမှ ရောက်ရှိလာသည့် ပေါ့ဂ်ဘာက မိမိသည် မန်ယူအတွက် ဂိုးများသွင်းယူနိုင်ရေး ကြိုးစားသွားမည်ဖြစ်ပြီး အသင်းအောင်မြင်မှုအတွက် အစွမ်းကုန်ပေးဆပ်သွားမည်ဖြစ်ကြောင်း လက်စတာနှင့်ပွဲအပြီး ထုတ်ဖော်ပြောကြားလိုက်သည်။

မန်ယူနှင့် လက်စတာအသင်းတို့ စက်တင်ဘာ ၂၄ ရက်က ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ပေါ့ဂ်ဘာက မန်ယူအတွက် ပထမဆုံးဂိုးသွင်းယူခဲ့ပြီး ၎င်းအပေါ်ဝေဖန်ပြစ်တင်နေမှုများကို ဖယ်ရှားအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော် ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာသည့် ပေါ့ဂ်ဘာ၏ ခြေစွမ်းအပေါ် နည်းပြ မော်ရင်ဟိုက သူ့ပုံမှန်ခြေစွမ်းပြနိုင်ဖို့ အချိန်လိုအပ်နေသေးတယ်ဟု ပြောသည်။

ပေါ့ဂ်ဘာသည် ယခုနှစ်ဘောလုံးရာသီ၌ မန်ယူနှင့် ပုံမှန်ပွဲထွက်ခွင့်ရရှိနေပြီး လာမည့် စက်တင်ဘာ ၂၉ ရက်တွင် ကစားမည့် ယူရိုပါလိဂ်ပွဲတွင်လည်း မော်ရင်ဟိုက ပွဲထွက်ကစားသမားစာရင်းတွင် ထည့်သွင်းထားသည်။ ပေါ့ဂ်ဘာအနေဖြင့် မန်ယူတွင် လက်ရှိခြေစွမ်းပြသနေမှုမှာ အားရဖွယ်မရှိဖြစ်နေသော်လည်း ကျွန်တော် မန်ယူအသင်း အောင်ပွဲတွေရအောင် အစွမ်းကုန်ကြိုးစားသွားမှာဖြစ်ပြီး မန်ယူအတွက် ပေးဆပ်သွားမှာဖြစ်တယ်လို့ ပေါ့ဂ်ဘာက ပြောကြားလိုက်ခြင်းဖြစ်သည်။

ပေါ့ဂ်ဘာ၊ ရက်ဒ်ဖို့ဒ်နှင့် လင်ဂတ်တို့သည် မန်ယူနည်းပြ မော်ရင်ဟို၏ ဦးစားပေးကစားသမားအဖြစ် စာရင်းဝင်နေသော်လည်း အကောင်းဆုံးခြေစွမ်းရရှိရန် ပွဲတိုင်းရုန်းကန်နေရသော ကစားသမားများလည်း ဖြစ်သည်။



# ယခုပရီမီယာလိဂ်၌ ဂိုးအများဆုံးသွင်းသူ အဂူရိုဖြစ်လာနိုင်ဟု ဂွာဒီယိုလာပြော

မန်စီးတီးအသင်း တိုက်စစ်မှူး အဂူရိုသည် ယခုနှစ်ပရီမီယာလိဂ်၌ ဂိုးအများဆုံးသွင်းယူနိုင်သည့် တိုက်စစ်မှူးတစ်ဦးဖြစ်လာနိုင်ကြောင်း နည်းပြ ဂွာဒီယိုလာက ထုတ်ဖော်ချီးကျူးလိုက်သည်။

ယခုနှစ် ပရီမီယာလိဂ်ခြောက်ပွဲကစားပြီးချိန်တွင် တိုက်စစ်မှူး အဂူရိုသည် တစ်ဦးတည်း ၁၁ ဂိုးသွင်းယူထားနိုင်ပြီး ဂိုးအများဆုံးသွင်းယူနိုင်သည့် တိုက်စစ်မှူးတစ်ဦးအဖြစ် ရပ်တည်လျက်ရှိသည်။ အသက် ၂၈ နှစ်အရွယ်ရှိ အဂူရိုသည် မန်စီးတီးတွင် လုပ်ခလစာ တစ်နှစ်ဒေါ်လာ ၁၁ ဒသမ ၄၄ သန်းခန့်ရရှိနေသူဖြစ်ရာ ပေးချေနေရသော လုပ်ခလစာနှင့် ထိုက်တန်သူဖြစ်ကြောင်း အသိအမှတ်ပြုခံရသူလည်းဖြစ်သည်။

၂၀၁၁ ခုနှစ်က အက်သလက်တီကိုအသင်းမှ မန်စီးတီးသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် မန်စီးတီးအတွက် ပွဲပေါင်း ၁၅၄ ပွဲကစားခဲ့ရာ ဂိုးပေါင်း ၁၀၇ အထိ သွင်းယူပေးထားနိုင်ခဲ့သူဖြစ်သည်။ ပြီးခဲ့တဲ့ သီတင်းတစ်ပတ်အတွက် ပရီမီယာလိဂ်အကောင်းဆုံး ဘောလုံးသမား ၁၁ ဦးစာရင်းတွင်လည်း တိုက်စစ်မှူးအဖြစ် အဂူရိုရွေးချယ်သတ်မှတ်ခံရသည်။

အဂူရိုဟာ မန်စီးတီးအတွက် ဂိုးတွေထပ်မံသွင်းယူပေးဦးမယ်ဆိုတာ သံသယဖြစ်စရာမလိုပါဘူး။ သူဟာ ပြိုင်ဘက်ခံစစ်ကြောင်းကို အကောင်းဆုံးကျော်ဖြတ်နိုင်သူဖြစ်ပြီး ဂိုးသွင်းသေချာသူတစ်ဦးဆိုတာကလည်း သူ့ရဲ့သွင်းဂိုးတွေက ဖော်ပြနေပါတယ်ဟု နည်းပြ ဂွာဒီယိုလာက ပြောကြားသည်။ အဂူရိုသည် ပြီးခဲ့သည့် ပရီမီယာလိဂ်ပွဲအဖြစ် ဆွမ်ဆီးနှင့် ကစားခဲ့သောပွဲ၌ မန်စီးတီးက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့ရာတွင် တစ်ဦးတည်းနှစ်ဂိုး သွင်းယူနိုင်ခဲ့သည်။





# အနိုင်ဆိုတာ ရိုးမားတို့အတွက်ဖြစ်ပြီး ဗီယင်နုတို့ ပွဲကျပ်ကစားရမယ့် ယူရိုပါလိဂ်အုပ်စုပွဲစဉ်(၂)

**ယူရိုပါလိဂ်အုပ်စုပွဲစဉ်(၂)ရဲ့ကျန်ရှိနေတဲ့ ပွဲတွေကို စက်တင်ဘာ ၂၉ ရက်နဲ့ ၃၀ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေထဲမှာ ပရိသတ်စိတ်ဝင်စားစရာပွဲတွေအဖြစ် ရိုးမားနဲ့ အက်စ်ထရာ၊ ဇီနာဘာချီနဲ့ ဗီယင်နာ၊ ဖီအိုရင်တီးနားနဲ့ ကာရာဘတ် စတဲ့ပွဲတွေက စောင့်ကြည့်ချင်စရာကောင်းတဲ့ပွဲတွေဖြစ်နေပါတယ်။ နောက်တစ်ဆင့်တက်လှမ်းနိုင်ရေး အပြိုင်ကြိုးစားကြမယ့် အသင်းတွေရဲ့ခြေစွမ်းကဘယ်လောက်အထိ စွမ်းဆောင်မှုကောင်းကောင်းနဲ့ အကျိုးပြုနိုင်မလဲဆိုတာကလည်း ရင်ခုန်စရာကောင်းနေတာတော့ အမှန်ပါပဲ။**

### ရိုးမားနှင့် အက်စ်ထရာ

အုပ်စု(E) မှာ ရိုးမားတို့ ပဲလ်ဇန်အသင်းကို တစ်ဂိုးစီသရေပွဲဖြစ်ပြီး အဝေးကွင်းမှာ တစ်မှတ်ရယူထားနိုင်ပါတယ်။ အက်စ်ထရာတို့က ပထမပွဲစဉ်မှာ ဩစတြီးယား ဝီယန်အသင်းကို နှစ်ဂိုး-သုံးဂိုးနဲ့ ရှုံးထားလို့ အမှတ်မရသေးပါဘူး။ ရိုးမားရဲ့ လတ်တလောခြေစွမ်းက ဖီအိုရင်တီးနား၊ ဆမ်ဒိုးရီးယားတို့ကို နိုင်ပွဲတွေ ဆက်တိုက်ရရှိထားတာမို့ အကောင်းဆုံးပုံစံပြသနိုင်နေပါတယ်။ ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေရတဲ့ အက်စ်ထရာတို့ကတော့ ရိုးမားကို ပွဲကျပ်ရင်ဆိုင်ရမှာဖြစ်ပြီး အနိုင်ရဖို့ခက်ခဲပါလိမ့်မယ်။ ဒီပွဲရဲ့ရလဒ်ကောင်းက ရိုးမားတို့ အတွက်ပဲဖြစ်သွားမှာပါ။

### ဇီနာဘာချီနှင့် ဗီယင်နာ

အုပ်စု(A)မှာ မန်ယူကို အနိုင်ယူပြီး သုံးမှတ်ရရှိထားတဲ့ ဗီယင်နာရဲ့ခြေစွမ်းက တည်ငြိမ်နေသလို သုံးပွဲဆက်ရှုံးပွဲမဖြစ်အောင်လည်း အားထုတ်ထားပါတယ်။ ဇီနာဘာချီတို့က ခြေစွမ်းမတည်ငြိမ်ဘဲ အမှတ်ဆုံးရှုံးမှုမရှိအောင် ခြေကုန်ထုတ်နေရတဲ့ အနေအထားရှိပါတယ်။ ဇီနာဘာချီတို့က ပထမပွဲစဉ်မှာ ဖိုရာအသင်းကို တစ်ဂိုးစီသရေပွဲဖြစ်ပြီး တစ်မှတ်ရရှိထားလို့ ဒီပွဲမှာ အားထည့်ကစားလာပါလိမ့်မယ်။ အခုပွဲမှာ ခြေစွမ်းပိုင်းပိုကောင်းမွန်တဲ့ ဗီယင်နာတို့ပဲ သုံးမှတ်အပြည့်ရဦးမယ့် ပွဲဖြစ်သွားပါလိမ့်မယ်။

### ဇင်းနစ်နှင့် အယ်လ်ခမာ

အုပ်စု(D)မှာ ဇင်းနစ်တို့က တဲလ်အဗစ်အသင်းကို သုံးဂိုး-လေးဂိုးနဲ့ အနိုင်ကစားပြီး သုံးမှတ်ရရှိထားပါတယ်။ အယ်လ်ခမာတို့ကတော့ ဒန်ဒေါ့အသင်းကို တစ်ဂိုးစီသရေပွဲဖြစ်ခဲ့လို့ တစ်မှတ်ရရှိနေပါတယ်။ တိုက်စစ်မှူးတွေ ဂိုးသွင်းမသေချာတဲ့ အယ်လ်ခမာတို့က ဇင်းနစ်ကိုကျော်ဖြတ်ဖို့ ခက်ခဲမှာဖြစ်ပြီး တစ်မှတ်ရအောင်လို့ အကြိတ်အနယ်ခွဲရမယ့် အနေအထားပါပဲ။ အသင်းလိုက်ကစားအားကောင်းတဲ့ ဇင်းနစ်တို့ပဲ ဒီပွဲမှာ သုံးမှတ်အပြည့်ရယူဦးမှာပါ။

### စိန့်အီတင်းနှင့် အန်ဒါလက်ချ်

အုပ်စု(C)မှာ အန်ဒါလက်ချ်တို့ ပထမပွဲစဉ်မှာ ကာဘာလာအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့နိုင်ပြီး သုံးမှတ်အပြည့်ရယူထားနိုင်ပါတယ်။ စိန့်အီတင်းတို့ကလည်း ပထမပွဲမှာ မိန့်ဇ်အသင်းကို တစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ အခုပွဲမှာ အမှတ်ရယူနိုင်ရေး ကြိုးစားလာပါလိမ့်မယ်။ လတ်တလောခြေစွမ်းပိုင်းကိုကြည့်ရင် အန်ဒါလက်ချ်တို့က ပြိုင်ဘက်တိုင်းကို အနိုင်ကစားနေပြီး အကောင်းဆုံးပုံစံပြသနေပါတယ်။ ဒီပွဲမှာ စိန့်အီတင်းတို့ အိမ်ကွင်းဆိုပေမယ့် အန်ဒါလက်ချ်တို့ အနိမ့်ဆုံးသရေတစ်မှတ်တော့ မျှော်လင့်နိုင်တဲ့ပွဲပါ။

### ဖီအိုရင်တီးနားနှင့် ကာရာဘတ်

အုပ်စု(J)မှာ နှစ်သင်းစလုံးတစ်မှတ်စီရရှိနေပါတယ်။ ဖီအိုရင်တီးနားတို့က အိမ်ကွင်းမှာ ခြေစွာသလို ကာရာဘတ်တို့ကလည်း အဝေးကွင်းမှာ အားထည့်ကစားတတ်တာမို့ ဒီပွဲက အကြိတ်အနယ်ရှိပါလိမ့်မယ်။ ရိုးမားလိုအသင်းကိုတောင် အနိုင်ကစားထားတဲ့ ဖီအိုရင်တီးနားရဲ့ခြေစွမ်းက လျှော့တွက်လို့မရသလို ကာရာဘတ်တို့ရဲ့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ ရလဒ်ကလည်း နိုင်ပွဲတွေချည်းဖြစ်နေပါတယ်။ စွမ်းဆောင်မှုကွာဟချက်နည်းပါးတဲ့ အသင်းတွေမို့ အမှတ်ခွဲယူရကိန်း ဆိုက်သွားနိုင်ပါတယ်။

### ဘီဘာအိုနှင့် ရက်ပစ်ဝီယန်

အုပ်စု(F)မှာ ဘီဘာအိုတို့ တစ်ပွဲကစား၊ တစ်ပွဲရှုံးပြီး အမှတ်မရသေးပါဘူး။ ရက်ပစ်ဝီယန်တို့ကတော့ ပထမပွဲမှာ ဂျန့်စ်ကို သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာမို့ အခုပွဲမှာလည်း ဘီဘာအိုကို အကျပ်အတည်းတွေ့အောင် ကစားဦးမှာသေချာပါတယ်။ ဗလင်စီယာ၊ ဆာဆူအိုလိုနဲ့ ဒီပို့တီဗိုအသင်းတွေကို ဆက်တိုက် နိုင်ပွဲရယူထားတဲ့ ဘီဘာအိုတို့က အခုပွဲမှာ အမှတ်ခွဲပေးမှာ မဟုတ်ပဲ နိုင်ပွဲရအောင် ဖော်ဆောင်ကာ သုံးမှတ်အပြည့်ရယူပါလိမ့်မယ်။ အကြိုက်က ဘီဘာအိုတို့ပါပဲ။ ။

■ မိုးမြင့်လင်းလက်

# တိုင်စန်ဖူရီ သို့မဟုတ် ကလစ်ရှကိုနှင့် ထိုးသတ်လိုကြောင်း အန်သိုနီစိန်ခေါ်

လာမည့် ၂၀၁၇ ခုနှစ်ကုန်တွင် ကမ္ဘာ့လက်ဝှေ့ချန်ပီယံဟောင်း ကလစ်ရှကို သို့မဟုတ် တိုင်စန်ဖူရီနှင့် ထိုးသတ်လိုကြောင်း အိုင်ဘီအက်ဖ် ကမ္ဘာ့လက်ဝှေ့ချန်ပီယံ အန်သိုနီက စက်တင်ဘာ ၂၅ ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

ပြီးခဲ့သည့် နိုဝင်ဘာလက ကလစ်ရှကိုနှင့် ထိုးသတ်ခဲ့ရာတွင် အမှတ်ဖြင့် အနိုင်ရရှိခဲ့သည့် အသက် ၂၈ နှစ်အရွယ်ရှိ တိုင်စန်ဖူရီမှာ ယခုအခါ ကျန်းမာရေးအခြေအနေကြောင့် စိတ်မကျေပွဲပြန်လည် ထိုးသတ်မှုအစီအစဉ်ကို နှစ်ကြိမ်တိုင် ရွှေ့ဆိုင်းခဲ့ရသည်။ ကလစ်ရှကိုက စိတ်မကျေပွဲ ပြန်လည်ထိုးသတ်မှုကို စောင့်ဆိုင်းနေသော်လည်း တိုင်စန်ဖူရီမှာ အသင့်အနေအထားမရှိသေးကြောင်း ပွဲစီစဉ်သူ အက်ဒီဟမ်းက ပြောသည်။

တိုင်စန်ဖူရီသည် ယခုအခါ ကလစ်ရှကိုနှင့် ထိုးသတ်နိုင်ရေး ကြိုးစားနေသော်လည်း ကျန်းမာရေးအခြေအနေအရ လောလောဆယ်မဖြစ်နိုင်သေးကြောင်း သိရသည်။ ကလစ်ရှကိုမှာ ၂၀၀၄ ခုနှစ်မှစတင်ကာ ဒဗလျူဘီအေ၊ အိုင်ဘီအက်ဖ်၊ ဒဗလျူဘီအိုချန်ပီယံများဖြစ်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် တိုင်စန်ဖူရီကို အမှတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၆ နှစ်အရွယ်ရှိ အန်သိုနီမှာ လာမည့် နိုဝင်ဘာ ၂၆ ရက်တွင် မန်ချက်စတာမြို့၌ ၎င်း၏ အိုင်ဘီအက်ဖ်ချန်ပီယံခါးပတ်ကို ကာကွယ်ရန် လက်ဝှေ့ပွဲတစ်ပွဲ စီစဉ်ထားသည်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ပုလဲမြို့ သမိုင်းဝင်ဆင်မြတ်ရှင်ဘုရား ဗုဒ္ဓပူဇနီယပွဲတော် စည်ကားစွာကျင်းပမည်



**ပုလဲ စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့သမိုင်းဝင် ဆင်မြတ်ရှင်ဘုရား (၈၇) ကြိမ်မြောက် ဗုဒ္ဓပူဇနီယ မဟာဒုက်ပွဲတော်ကို သီတင်းကျွတ်လပြည့်ကျော် ၃ ရက်မှ ၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"သမိုင်းဝင် ဆင်မြတ်ရှင်ဘုရားရဲ့ဗုဒ္ဓပူဇနီယ မဟာဒုက် ပွဲတော်ကို ၁၂၉၁ခုနှစ်လောက်က စတင်ကျင်းပခဲ့တာ အခုနှစ်ဆိုရင် (၈၇) ကြိမ်မြောက် ရောက်ခဲ့ပါပြီ။ အရင်နှစ်က ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များ၊ ပုဂ္ဂလိက အလှူရှင်များနဲ့ ကျေးရွာများကလှူဒါန်းတဲ့ သပိတ်လုံးပေါင်း ၄၇ လုံးနဲ့ အလှူငွေပေါင်း သိန်း ၁၂၀ ကျော် ရရှိခဲ့ပါတယ်။ အဲဒီ ဆွမ်းသပိတ်လုံးများမှလှူဒါန်းတဲ့ ဗုဒ္ဓပူဇာအလှူငွေများနဲ့ သမိုင်းမှတ်တမ်းပန်းချီကားများ၊ ဆင်ဖြူတော်ရုပ်တုနဲ့ ဇရပ်၊ သာသနိကအဆောက်အအုံများ၊ ဘုရားရင်ပြင် ကြွေပြားခင်းခြင်းလုပ်ငန်းများကို ပြုပြင်မွမ်းမံထိန်းသိမ်းနိုင်ခဲ့ပြီး ဗုဒ္ဓပူဇာအလှူငွေများကို မြန်မာ့စီးပွားရေးဘဏ်မှာ ငွေစုစာအုပ်ပြုလုပ်ပြီး စနစ်တကျ ထိန်းသိမ်းထားရှိပါတယ်"ဟု မြို့မိ မြို့ဖ ဦးညွန့်ငွေက ပြောသည်။

ယခုနှစ် ဆင်မြတ်ရှင်ဘုရား ဗုဒ္ဓပူဇနီယ မဟာဒုက်ပွဲတော်တွင် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်ညမှ စတင်၍ မြို့ပေါ်ရပ်ကွက်များ၌ မြန်မာ့ဆိုင်းနှင့် ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ညှော့ခံဖျော်ဖြေခြင်း၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၏ ဆွမ်းသပိတ်လုံးများ၊ ပုဂ္ဂလိက ဆွမ်းသပိတ်လုံးများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ဆွမ်းသပိတ်လုံးများ၊ လှူဖွယ်ပစ္စည်းများ၊ ပဒေသာပင်များ စီတန်းလှည့်လည်ခြင်း၊ သံဃာအပါး ၅၀ ကျော်နှင့် ဆင်မြတ်ရှင်ဘုရား၏ မြသပိတ်တော်ကို စာရေးတံမဲဖောက်၍ လှူဒါန်းခြင်းအစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ )**

# လှိုင်သာယာ ပိတောက်မြိုင်ဈေးရှေ့မှ လမ်းဘေးနှင့် လမ်းပေါ်ဈေးသည်များကိုရှင်းလင်း ရပ်ကွက်နေပြည်သူများနှင့် ယာဉ်မောင်းသူများ သွားလာရေးအဆင်ပြေ

**ရန်ကုန် စက်တင်ဘာ ၂၇**

တစ်နှစ်ထက်တစ်နှစ် လူဦးရေတိုးလာသော်လည်းဈေးရုံများအသစ်တည်ဆောက်မှု အားနည်းသည့်အတွက် မြို့နေပြည်သူများ စားသောက်ကုန်ဝယ်ရာတွင် ဈေးအတွင်းမှ ဈေးသည်များထက် လမ်းပေါ်ဈေးသည်များကိုသာ အားပြုဝယ်ခြမ်းနေရပြီး အများပြည်သူသွားလာမှုအခက်အခဲကြုံနေရလျက်ရှိရာ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက လမ်းပေါ်ဈေးသည်နေ့စဉ်ရှုပ်ထွေးလျက်ရှိသည့် လှိုင်သာယာမြို့နယ် ဗိုလ်အောင်ကျော်လမ်းမပေါ်ရှိ ပိတောက်မြိုင်ဈေးရှေ့မှ လမ်းဘေးနှင့် လမ်းပေါ်ဈေးသည်များကို မြို့နယ်စည်ပင်သာယာမှ အကြိမ်ကြိမ်ရှင်းလင်းခဲ့သော်လည်း လုံးဝရှင်းလင်းသွားခြင်းမရှိခဲ့ရာ စက်တင်ဘာ ၂၄ ရက်တွင် မကြုံစဖူး ရှင်းလင်းနေသည့်အတွက် ဈေးဝယ်လာသည့်ပြည်သူများနှင့် ကုန်စည်ပို့ဆောင်သော ယာဉ်မောင်းများ အံ့သြဝမ်းသာလျက်ရှိကြောင်း သိရသည်။



ယခင်က ဈေးသည်များ ပိတ်ဆို့နေသော ကွန်ကရစ်လမ်းပေါ်နှင့် လမ်းဘေး၌ လုံးဝရှင်းလင်းနေသည်ကို တွေ့ရစဉ်

ဗိုလ်အောင်ကျော်အိမ်ရာမှ ဈေးဝယ်လာသော အိမ်ရှင်မတစ်ဦးက "မနက်ဈေးလာရင် ဈေးနားမှာရှိတဲ့ စာသင်ကျောင်းရှေ့ကစပြီး လမ်းပေါ်ဈေးသည်တွေ စပြီး ပိတ်ဆို့နေတာ နှစ်တွေမနည်းတော့ဘူး။ ဒီမနက်မှ အားလုံးရှင်းရှင်းလင်းလင်းမြင်လိုက်ရတော့ တကယ်ကို အံ့သြမိတယ်။ အခုလိုရှင်းလင်းနိုင်ခဲ့မယ်ဆိုရင် ဈေးရှေ့နဲ့ ဈေးနားတစ်ဝိုက်က လမ်းပေါ်ဈေးသည်တွေ ရှိခဲ့မှာ မဟုတ်ဘူး။ တာဝန်ရှိသူတွေ တကယ်လုပ်ဆောင်ရင် အောင်မြင်မယ်ဆိုတာ ကျွန်မတို့တွေသိတယ်။ ပြောင်းလဲမှုဆိုတာ ဒါပါပဲ။ ရေရှည်ခံဖို့ပဲ လိုတယ်။ ကျောင်းသား၊ ရဟန်းသံဃာနဲ့ ရပ်ကွက်နေပြည်သူတွေအတွက် ဒီနေ့ကတော့ စိတ်အချမ်းသာဆုံးနေ့ပဲ"ဟု ပြောသည်။

ပိတောက်မြိုင်ဈေး ဝဲ၊ ယာကွန်ကရစ်လမ်းမပေါ်တွင် လမ်းပေါ်ဈေးသည်များမှာ အခိုင်အမာနေရာယူ၍ ဈေးရောင်းချလျက်ရှိရာ ၂၄ ပေအကျယ်ရှိသော ကွန်ကရစ်လမ်းမှာ လူသွားလမ်းပင် ပျောက်လျက်ရှိကြောင်း၊ မြို့နယ်စည်ပင်သာယာမှ ယခင်က အကြိမ်ကြိမ်ရှင်းလင်းခဲ့သော်လည်း ယနေ့တိုင် လမ်းပေါ်တွင် ဈေးသယ်များ ပိတ်ဆို့ကာ ဈေးရှေ့လမ်းမကြီးပေါ်တွင်လည်း လမ်းပေါ်ဈေးသည်များမှာ ညပိုင်းအထိ ခင်းကျင်းရောင်းချနေသည့်အတွက် ဒေသခံပြည်သူများအနေဖြင့် နှစ်ချီ၍ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ကြရာမှ စက်တင်ဘာ ၂၄ ရက်တွင် ထူးခြားစွာ ရှင်းလင်းဆောင်ရွက်ထားမှုကြောင့် ရပ်ကွက်နေပြည်သူများ ဝမ်းမြောက်နေကြခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗိုလ်အောင်ကျော်လမ်းတွင် အိမ်ရှေ့စည်ပင်မြောင်းမှ လမ်းပေါ်အထိ ဈေးဆိုင်များ ဆောက်လုပ်ငှားရမ်းထားသည့်အတွက် နေ့စဉ် အများပြည်သူသွားလာရာတွင် အခက်အခဲနှင့်ရင်ဆိုင်နေရပြီး စည်ပင်မြောင်းနှင့် လမ်းနယ်ကြားတွင် ဆိုင်ခန်းမြေငှားရမ်းခသည် တစ်လလျှင် ကျပ်သိန်း ၃၀ ခန့်အထိ ရရှိနေသည့်အတွက် မီး ခွက်ဈေးလမ်းဖြစ်သော ဗိုလ်အောင်ကျော်လမ်းမပေါ်တွင် လမ်းပေါ်ဈေးဆိုင်များမှာ ပုံသဏ္ဌာန်မျိုးစုံဖြင့် ခင်းကျင်းရောင်းချလျက်ရှိကြောင်း၊ စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက ပိတောက်မြိုင်ဈေးရှေ့ ဗိုလ်အောင်ကျော်လမ်းမပေါ်မှ ဈေးဆိုင်နှင့်အိမ်များ မီးလောင်မှုဖြစ်ပွားခဲ့ရာတွင် လမ်းပေါ်အထိဆောက်လုပ်ထားသော ညအိပ်ဈေးဆိုင်များကြောင့် မီးသတ်ယာဉ်များမှာ မီးငြိမ်းသတ်ရန် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

(၁၆၄)



အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက်က ဘူးသီးတောင်မြို့ တောင်ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ခွဲ)ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲမှူး ဒုရဲမှူး အောင်ထွန်းလှ ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင် ၆၅ ဦး ဆောင်ရွက်နေစဉ်
(မြို့နယ် ပြန်/ဆက်)

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြစ်ကြီးနားမြို့ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ စက်တင်ဘာ ၂၆ ရက်က ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ထွန်းဦး ဦးစီးသည့်တပ်ဖွဲ့ဝင်များနှင့် မြစ်ကြီးနား/ဝိုင်းမော် မြို့နယ်ရဲတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းစဉ်
ကိုကိုရှုပ



## သတင်းတိုများ

### ပဲခူး–တက္ကသိုလ်–သက္ကလ ယာဉ်လိုင်းသစ် စတင်ပြေးဆွဲ

ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်း ဟံသာဝတီမော်တော်ယာဉ်လိုင်း သယ်ယူပို့ဆောင်ရေးအသင်းမှ ပဲခူး-တက္ကသိုလ်-အင်းတကော်-ကဝ-အုန်းနဲ-သက္ကလ ယာဉ်လိုင်းသစ်ဖွင့်ပွဲကို ပဲခူးမြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးထောင့်၌ စက်တင်ဘာ ၂၄ ရက်က ကျင်းပခဲ့ပြီး တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးတိုးဝင်း၊ ဟံသာဝတီယာဉ်လိုင်း(ဥက္ကဋ္ဌ) ဦးစောဂျူဗလီစံလှနှင့် ပဲခူးမြို့နယ် ယာဉ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောမော်သန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ ဟံသာဝတီယာဉ်လိုင်းအနေဖြင့် ပြည်သူများ ခရီးသွားလာရာတွင် လုံခြုံချောမွေ့စေရန် ရည်ရွယ်၍ ဟိုက်ဂျက်ဆူဇူကီးကားများဖြင့် ဝမ်းဘဲအင်း(ဒေးစွန်ပါ)-ပဲခူး-အင်းတကော်ယာဉ်လိုင်းကို ကားအစီး ၃၀ ဖြင့် ဇန်နဝါရီ ၂၇ ရက်ကလည်းကောင်း ပြေးဆွဲခဲ့ပြီး ယခု ပဲခူး-တက္ကသိုလ်-အင်းတကော်-ကဝ-အုန်းနဲ-သက္ကလယာဉ်လိုင်းကို ကား ၁၀ စီးဖြင့် ပြေးဆွဲခြင်းဖြစ်ကာ ပဲခူးမြို့တွင်းမြို့ရှောင်လမ်း မြို့ပတ်ယာဉ်လိုင်းကိုလည်း ကား ၁၀ စီးဖြင့် မကြာမီဖွင့်လှစ်ပြေးဆွဲမည်ဖြစ်ကြောင်းသိရသည်။ **ကိုလွင်(ဆွာ)**

### ကျေးလက်လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိ

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်း ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် ဒေသထွက်ကုန်များကို မြို့သို့ လွယ်ကူစွာသယ်ပို့နိုင်ရေးအတွက် ကျေးလက်လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရန် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ဆူးပုတ်ကန်-ခပေါင်းတဲ-ကြိတ်စု(တောင်)-ဆူးရစ်ကန်-ဝန်လို ကျေးရွာချင်းဆက်လမ်း အရှည် ၁၂ မိုင် ၃ ဖာလုံတွင် လမ်း၊ တံတားဆောင်ရွက်ရမည့် အခြေအနေများကို မြို့နယ်ဦးစီးမှူး ဦးခင်မောင်ကျော်နှင့်အဖွဲ့ စက်တင်ဘာ ၂၆ ရက်က မြေပြင်ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **မချို(ချောက်)**

### လူမှုသင့်မြတ်ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးပြုလုပ်

ကချင်ပြည်နယ် ဗန်းမော်မြို့ အသက်မွေးဝမ်းကျောင်းနှင့် လူမှုသင့်မြတ်ဖွံ့ဖြိုးရေးအသင်း၏ သင်းလုံးကျွတ်အစည်းအဝေးကို ဟန်းတဲရပ်ကွက် သန္တိသုခမဏ္ဍာပ်၌ စက်တင်ဘာ ၂၅ ရက်က ကျင်းပခဲ့ရာ အသင်းနာယက ဦးအောင်ဝင်းသိန်းက အမှာစကားပြောကြားပြီး အသင်းတာဝန်ရှိသူများက ရ/သုံးငွေစာရင်းရှင်းတမ်း၊ အသင်း၏ဆောင်ရွက်ချက်များကို ရှင်းလင်းဖတ်ကြားကာ အသင်းဝင်များက အသင်း၏ ဘဏ္ဍာရေးအခြေအနေနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစားစက်မှုလုပ်ငန်း လုပ်ကိုင်သူများထံသို့ ချေးငွေထုတ်ချေးပေးမှုများကို ဆွေးနွေးခဲ့ကြသည်။ **ဆီမီးခုံ-နန်းရီ**

# ဘိန်းအစားထိုးသီးနှံပင်များနှင့် မြေသြဇာများအခမဲ့ဖြန့်ဝေ

**တနိုင်း စက်တင်ဘာ ၂၇**

ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် သီးနှံပင်များနှင့် ဓာတ်မြေသြဇာများ အခမဲ့ဖြန့်ဝေပေးအပ်ပွဲကို ရှင်ဗွေယန်မြို့ တရုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ဟူးကောင်းခန်းမဆောင်၌ စက်တင်ဘာ ၂၅ ရက်က ပြုလုပ်ခဲ့သည်။

သီးနှံမျိုးစေ့များပေးအပ်ပွဲတွင် ရှင်ဗွေယန်မြို့ အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး တနိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးက ဘိန်းအစားထိုးစိုက်ပျိုးနိုင်သည့် သီးနှံပင်များအကြောင်း၊ နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးနည်း၊ ဓာတ်မြေသြဇာ အသုံးပြုပုံ၊ သီးနှံဖျက်ပိုးများနှင့် သီးနှံရောဂါများအကြောင်းကို တောင်သူများအား ရှင်းလင်းပြောကြားသည်။ ရှင်ဗွေယန်မြို့မစခန်းမှူးကလည်း မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ဥပဒေအကြောင်းအရာများကိုလည်းကောင်း၊ ရှင်ဗွေယန်မြို့နယ် မြေစာရင်းဦးစီးမှူးက မြေယာပိုင်ဆိုင်မှုအကြောင်းအရာများကိုလည်းကောင်း ဆက်လက်ရှင်းလင်းပြောကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကိုလည်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ဒေသခံပြည်သူများအား ဘိန်းအစားထိုးစိုက်ပျိုးရန် တညင်းပင်၊ ဖူးစားပြောင်းပင်၊ ကြက်မောက်ပင်၊ မုန်ညင်းမျိုးစေ့ စသည့် သီးနှံပျိုးပင်များ၊ မျိုးစေ့များနှင့် ဓာတ်မြေသြဇာများကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နီတိုး**

# ပညာရေးဌာနသို့ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

**ဝမ်းတွင်း စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ဆပ်ခင်း(နေပူကုန်း)အခြေခံပညာအထက်တန်းကျောင်း၌ နေပူကုန်းကျေးရွာနေ အလှူရှင်ဦးကျော်မြင့်မိသားစုက ဆောက်လုပ်လှူဒါန်းသော မဟောသဓကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၂၅ ရက်က ပြုလုပ်ခဲ့သည်။

မဟောသဓကျောင်းဆောင်သစ်ကို မြို့နယ်လက်ထောက်ပညာရေးမှူး ဦးမြင့်ဆန်းဦး၊ ကျောင်းအုပ်ဆရာမကြီးနှင့် အလှူရှင်ဦးကျော်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မြို့နယ်လက်ထောက်ပညာရေးမှူးက အမှာစကားပြောကြားကာ အလှူရှင်က ကျောင်းဆောင်သစ်လှူဒါန်းသည့် ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာမကြီးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါကျောင်းဆောင်သည် အလျားပေ ၆၀၊ အနံပေ ၃၀ နှင့် အမြင့် ၁၂ ပေရှိ သွပ်မိုးအုတ်ကာ(အာရ်စီ)တစ်ထပ်ကျောင်းဆောင်အမျိုးအစားဖြစ်ပြီး ကျောင်းဆောင်သစ်နှင့်အတူ စာသင်ခုံ၊ စားပွဲ၊ ကုလားထိုင်နှင့် ရေအိုးစင်များ စုစုပေါင်းတန်ဖိုးကျပ်သိန်း ၂၅၀ ခန့်ဖြစ်ကြောင်း သိရသည်။ ကျောင်းဆောင်သစ်ဖွင့်ပွဲအပြီးတွင် စာပေဟောပြောပွဲကို ဆက်လက်ပြုလုပ်ခဲ့ပြီး စာရေးဆရာများဖြစ်သော ဦးဘုန်း(ဓာတု)နှင့်ဇော်ခိုင်ဦး(မန္တလေး)တို့က ဟောပြောခဲ့ကြသည်။

**ငွေးလှိုင်(ဝမ်းတွင်း)**

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသား(လူပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်းရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၇ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃)လက်မနှင့် ကိုယ်အလေးချိန်(၁၀၀)ပေါင်ထက်မနည်းရ၊ပေါင်(၁၄၀)ထက် မကျော်ရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၇-၉-၂၀၁၆ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၂၀-၁၀-၂၀၁၆ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၅-၁၁-၂၀၁၆ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၅-၁၁-၂၀၁၆ ရက်နေ့မှ ၂၆-၁၁-၂၀၁၆ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၂-၁-၂၀၁၇ ရက်နေ့မှ ၉-၁-၂၀၁၇ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ်(၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) B.Med.Tech (Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech (Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech (Medical Imaging Technology)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု(Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)** နှင့် **ပါရဂူဘွဲ့ (Ph.D )** သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု /ဆေးဘက်ကျွမ်းကျင်သူ (ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ ကျွမ်းကျင်သူ(ဒုတိယတန်း))**အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၇ရက်နေ့တွင်အသက်(၁၆)နှစ်အောက် မငယ်ရ(၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၇-၉-၂၀၁၆ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၂၀-၁၀-၂၀၁၆ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၁၉-၁၁-၂၀၁၆ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ အောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင်၁၂-၁၂-၂၀၁၆ ရက်နေ့မှ ၁၃-၁၂-၂၀၁၆ ရက်နေ့အတွင်း ထုတ်ပြန်ကြေငြာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၉-၁-၂၀၁၇ ရက်နေ့မှ ၁၆-၁-၂၀၁၇ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ရွေးချယ်ခံရသူများသည် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်တွင် (၄)နှစ် တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက **သူနာပြုသိပ္ပံဘွဲ့** (Bachelor of Nursing Science) ရရှိမည်ဖြစ်ပါသည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ် (၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု** (Nurse)အဖြစ် ခန့်အပ်ပေးမည် ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက **သူနာပြုမဟာသိပ္ပံဘွဲ့** (Master of Nursing Science) နှင့် **သူနာပြုပါရဂူဘွဲ့** (Ph.D Nursing) ဘွဲ့သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၇။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)အဖြစ် အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု)အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်း မေးမြန်းနိုင်သည်။


wave money
YOMA BANK telenor
လွယ်ကူ၊ လျင်မြန်ငွေလွှဲရန်
JOIN THE LUCKY DRAW NOW!
NEW MITSUBISHI CAR
SONY 48" LED TV
500,000 MMK
SAMSUNG S7 EDGE 32 GB
Wave Money ဆိုင်သို့သွားပြီး (သို့) Wave Money App နဲ့ ငွေလွှဲ၊ ငွေထုတ်ရင်း Lucky Draw အစီအစဉ်မှာ ပါဝင်ဆင်နွှဲလိုက်ပါ။
ကံစမ်းမဲအစီအစဉ်
• Wave Money ရဲ့ကံစမ်းမဲအစီအစဉ်ကို Digital Money Myanmar Limited မှ (၄၅)ရက်ကြာ ပြုလုပ်မှာဖြစ်ပါတယ်။
• ဆုမဲများအနေဖြင့် Mitsubishi Car ကားအသစ် 1စီး၊ Sony LED 48" တီဗွီ 2 လုံး၊ Samsung S7 Edge 32 GB ဖုန်း 2 လုံးနှင့် Wave အကောင့်ထဲထည့်ပေးမယ့် E-money 5 သိန်းဖိုးတို့ ပါဝင်ပါတယ်။
• Wave ဆိုင်ငွေလွှဲမှုဖြစ်စေ၊ Wave အကောင့်မှုဖြစ်စေ Wave Money ဖြင့် မည်သည့်လုပ်ငန်းစဉ်ကိုမဆို ပြုလုပ်ပြီး ကံစမ်းမဲ အစီအစဉ်မှာ ပါဝင်နိုင်ပါတယ်။ အကျုံးဝင်သောလုပ်ငန်းစဉ်များ - ငွေသွင်းခြင်း၊ ငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ငွေလက်ခံခြင်းနှင့် ဖုန်းငွေဖြည့်ခြင်း။
• ကံထူးရှင်များကို ဖုန်းဆက်အကြောင်းကြားသွားမှာ ဖြစ်ပါတယ်။
• ကံစမ်းမဲအစီအစဉ် အသေးစိတ်အချက်အလက်များအတွက် Wave Money Facebook Page facebook.com/WaveMoney မှာဝင်ရောက်လေ့လာနိုင်ပါတယ်။
အသေးစိတ်အချက်အလက်များအတွက် အချိန်မရွေးခေါ်ဆိုမေးမြန်းရန်
တယ်လီနောအသုံးပြုသူများ - ၉၀၀၊
တယ်လီနောအသုံးမပြုသူများ - ၀၉၇၉၀၀၀၉၀၀၀
ပရိုမိုးရှင်းအစီအစဉ်များ ပိုမိုသိရှိနိုင်ရန်
Facebook.com/WaveMoney တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။


၂၀၁၆ – ၂၀၁၇ ပညာသင်နှစ်
ကံ့ကော်ရိပ် စတုတ္ထတန်း Grade 4
ကြိုတင်လေ့ကျင့်ရန်
မေးခွန်း (၅) စုံနှင့် စံပြအဖြေများ
ထပ်မံလေ့ကျင့်ရန် အခန်းလိုက်မေးခွန်းများကို အမှတ်ပေးစည်းမျဉ်းနှင့်အညီ ဖြေဆိုထားပါသည်
မြန်မာစာ ဦးထွန်းသန်း (ပါမောက္ခ–ငြိမ်း)
အင်္ဂလိပ်စာ U.T.A (ရန်ကုန်တက္ကသိုလ်)
သင်္ချာ Dr.TW(Maths.)
လူမှုရေး
ဒေါက်တာမေမြင့်(ရန်ကုန်တက္ကသိုလ်)
ခင်စုမေ (သမိုင်းဌာန)၊ ဦးထွန်းထွန်း
အခြေခံသိပ္ပံ ဒေါက်တာနီ
ဘာသာစုံ ၂၅၀၀ ကျပ်
သင်ကြားရေး သင်ထောက်ကူမေးခွန်းနှင့်အဖြေများ
ဇေကာရီစာပေ C/၃၄၊ နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉၇၃၀၅၁၁၁၄၊ ၀၉၅၁ ၂၉၆၇၀၊ ၀၉၅၅၀၁၁၅၄/ အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။


မဟာရေကုမ္ပဏီလီမိတက်
Sand filter
Carbon filter
Birm filter
Resin filter များဖြင့် ရေတွင်ပါဝင်သော အနည်၊ အရောင်၊ အနံ့၊ သံချေး၊ ထုံးဓာတ်များကို ဖယ်ရှားပေးပါသည်။
ရေသည်လူ၏ အသက်
သင့် ကျန်းမာရေးအတွက်သန့်ရှင်းသောရေကိုသောက်ပါ
ONE YEAR GUARANTEE!
၇၅ဂါလံ = 220000 Now = 198000
၇၅ဂါလံ = 250000 Now = 225000
၂၀၀ဂါလံ = 400000 Now = 360000
၄၀၀ဂါလံ = 730000 Now = 657000
ရန်ကုန် အမှတ် (၉၅)၊ ရွှေတောင်တန်းလမ်း(အလယ်ဘလောက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၇၆၆၀၀၊ ၀၉-၇၃၇၆၆၆၀၃၊ ၀၉-၅၁၇၆၃၄၅
မန္တလေး မ၂/၅ ၆၃-လမ်း၊ ၄၃-လမ်းနှင့်သိပ္ပံလမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။ ဖုန်း -၀၉ ၄၃၁ ၂၇၈၉၉ ၊၀၉ ၄၀ ၂၇၀၀၀၉၈ ၊၀၉- ၂၅၀၀ ၂၇၂၉၁


Number One Directory in Myanmar
YELLOW PAGES
The YANGON DIRECTORY
၂၀၁၇ အတွက် ကြော်ငြာလက်ခံမည့်နောက်ဆုံးရက်မှာ (၁၀.၉.၂၀၁၆)
(Android, ios, )
လူဦးရေအများဆုံး အသုံးပြုတဲ့လမ်းညွှန်
ကြည့်ရှုသူအများဆုံး online လမ်းညွှန်
ဖုန်းတိုင်းမှာ သုံးနိုင်တဲ့လမ်းညွှန်
ဘာပဲလိုလို Everything U Need
SALES : 09-448001662 | yangondirectory.com

AUTO EXPO MYANMAR

မြန်မာ့အပြည်ပြည်ဆိုင်ရာယာဉ်ပိုပစ္စည်းများနှင့်ဝန်ဆောင်မှုလုပ်ငန်း
ဆိုင်ရာနိုင်ငံတကာစက်မှုကုန်စည်ပြပွဲကြီး

မြန်မာနိုင်ငံသို့ ရောက်ရှိလာတော့မည့်စက်ပစ္စည်း
အစိတ်အပိုင်းနှင့်ပါဝါလျှပ်စစ်ဆိုင်ရာပြပွဲကြီး



www.myanmarfairs.com

In conjunction with: POWER EXPO MYANMAR

Dates

SEPT. 29 – OCT. 2, 2016

Venue

Tatmadaw Exhibition Hall

Children 12 years and under are not admitted

KMC DEPO NANKANG MOBILETRON E-LEAD

Exhibition Profile:
Engine Parts
Automotive Parts & Accessories
Automobile Electronics
Repair & Maintenance Products
Oil & Gas Products
Motorcycle Parts & Accessories
Car Tuning Products
Wheels
Tires & Rims
Whole Vehicles

ORGANIZERS: Taipei World Trade Center Yorkers Trade & Marketing Service Co., Ltd
CO-ORGANIZER: MIA
SUPPORTERS: UMFCCI MAMDA AGTI
SPONSORS: DYNA 玉山銀行



**ကျေးဇူးဆပ်ပါမည်**

ကျွန်တော်များ Aung Kyar Pwint Co., Ltd. သည် ကုမ္ပဏီထုတ်ကုန်သွင်းကုန် မှတ်ပုံတင်အမှတ်-၁၈၇၇၈/(၃၀-၈-၂၀၀၅)ဖြင့် ကုမ္ပဏီထုတ်ကုန်သွင်းကုန်မှတ်ပုံတင်ရရှိခဲ့ပါသည်။ ယခုအခါ ၎င်းထုတ်ကုန်/သွင်းကုန်မှတ်ပုံတင်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။

ဒေါ်သီဂီရွှေ ၁၂/သဃက(နိုင်)၀၂၅၅၉၇
ဖုန်း-၀၉-၈၇၄၀၀၈၆၇၁၊၀၉-၄၂၅၀၁၈၉၄၂



**ဦးရဲမင်းဝိုင်(သင်္ချာ)၁၀တန်း ၅ လပြတ်**

အကြောင်းအမျိုးမျိုးကြောင့်ယခုမှစတင်လေ့လာမည့်သူများအတွက်
အောင်မှတ်ရရန် အကောင်းဆုံးကြိုးစားသင်ကြားပေးပါမည်။
(၁၀)ဦး ဘာသာစုံစာသင်ဝိုင်း၊ နေ့စဉ်တက်ရမည်(လစဉ် ၇၅၀၀၀)
ညနေတန်းခွဲ ၅း၀၀/၇း၀၀ (လစဉ် ၄၀၀၀၀)
၀၉၇၃၁၆၁၁၄၀/၀၉၄၂၀၁၂၉၃၃၃
၉တန်း၊ သင်္ချာ/အင်္ဂလိပ်စာ တန်းခွဲသစ်
၁၆၅(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ်



**ပျောက်ဆုံးခြင်း**

ကျွန်တော် သန့်ဇင်(ဘ)ကျော်မွေး ၉/တကန(နိုင်)၁၆၄၇၄၈၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **သန့်ဇင် ဖုန်း-၀၉-၇၇၄၂၉၀၈၉၀**



**ဖခင်အမည်မှန်**

အထက(၂)ပျဉ်းမနား၊ တက္ကသိုလ်ဝင်တန်း(G)မှ မောင်ဝေယံထွန်း၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်း ဖြစ်ပါကြောင်း။

**ဦးသန်းထွန်း**






Southern Ocean



White Elephant

၂၃၀၊ (၁) လမ်းပြောက်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်
Tel - 01-642683, 642986
09-791828141, 09-791828143




PVC GB 2' x 2'
Super Promotion
620 ~ 660



**"ဆောက်လုပ်ရေးစီမံခန့်ခွဲမှုဆိုင်ရာ ဂုဏ်ထူးတန်းနောက်ဆုံးနှစ် လျှောက်လွှာခေါ်ယူခြင်း"**

STI MYANMAR UNIVERSITY — University of Bedfordshire

**BSc (Hons) Construction Managment (Top-up)**

STI MU နှင့် University of Bedfordshire(UK)တို့ ပူးပေါင်း၍ ဆောက်လုပ်ရေး စီမံခန့်ခွဲမှုဆိုင်ရာ ဂုဏ်ထူးတန်းနောက်ဆုံးနှစ်သင်တန်း ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ သင်တန်းကာလ (၁)နှစ်ကြာမြင့်ပြီး STIMU မှ Advanced Diploma ရရှိပြီးသူများ၊ HND, BTech, BE အောင်မြင်ပြီးသူများ ဂုဏ်ထူးတန်းသို့ တိုက်ရိုက်ဝင်ခွင့် လျှောက်ထားနိုင်ပါသည်။
၂။ သင်တန်းအောင်မြင်ပါက University of Bedfordshire (UK) မှ ဘွဲ့ချီးမြှင့်ပါမည်။
၃။ ပညာသင်ထောက်ပံ့ဆုများလည်း လျှောက်ထားနိုင်ပါသည်။
၄။ သင်ကြားမှုသင်ယူမှု ရလဒ်ကောင်းများ ရရှိစေရန် UOB, UK ၏ သင်ကြားမှုစနစ်အတိုင်း သင်ကြားပါသည်။
၅။ IELTS 5.5 ရရှိရန်လိုအပ်ပြီး မပြည့်မီပါက အင်္ဂလိပ်စာသင်တန်း တက်ရောက်ရပါမည်။
၆။ သင်တန်းဝင်ခွင့်လျှောက်လွှာနှင့်အတူ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့်မိတ္တူ) ၂စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ) ၂စုံ၊ လိုင်စင်ဓါတ်ပုံ (၃)ပုံ တင်ပြရမည်။

လျှောက်လွှာ လျှောက်ထားရန်နေရာ

STI Myanmar University
Block-10, MICT Park, လှိုင်တက္ကသိုလ်၊ ရန်ကုန်။
ဖုန်း - ၅၀၇၁၅၁/၅၂၊ ၅၀၇၀၄၈၊ ၃၇၇၉၈၈၊ ၀၉၂၅၀၀၆၄၄၅၁



FAME **Mangosteen**
Natural antibiotics
မင်းကွတ်သီးဆေး
TMR 013084 (0118)
၂/၂၀၁၅ တအဆလ (တိုး) ၀၆၅၇
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME **Resveratrol**
Cellular Energy Booster
စပျစ်သီးဆေး
TMR 013019 (0118)
၂/၂၀၁၅ တအဆလ (တိုး) ၀၆၅၇
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified



ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်

Since 2001

**နေရာတိုင်းဆောင်ထား**

အရောက်ပို့
တပ်ဆင်
ရှင်းပြ

အလုံ
ဖုန်း -၀၉-၇၃၁၀၀၈၉၀
-၀၉-၇၃၁၀၀၈၉၁
-၀၉-၄၅၁၇၃၀၀၀၅
-၀၉-၄၅၁၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၁၅၄၆၇၀
-၀၉-၄၅၁၇၃၀၀၀၈
၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆
ပေါက်တော၀၊ အင်းစိန်
ဖုန်း -၀၁-၆၄၃၇၅၈
-၀၉-၇၃၁၂၆၀၅၇
-၀၉-၃၁၄၇၁၆၅၄
-၀၉-၄၅၁၇၃၀၀၀၂
နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၀
-၀၉-၃၁၁၃၆၂၆၁
မန္တလေး
ဖုန်း -၀၉-၄၂၁၀၈၈၄၂၂
-၀၉-၆၅၀၀၄၁၃

Rain Flower



3 Years

မိုးရာသီ အထူး Promotion

Rain Flower မီးသတ်ဆေးဘူးများအား ဝယ်ယူအားပေးကြသော Customer များအတွက် Rain Flower အမှတ်တံဆိပ် ထီးလက်ဆောင်များ ပေးနေပါသည်။



# ရန်ကုန်မြို့၏ အမှိုက်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မည့်စက်ရုံ ၇၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီး မြို့နယ်အချို့၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်


ရန်ကုန်မြို့၏ အမှိုက်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မည့် စက်ရုံတည်ဆောက်နေသည်ကို တွေ့ရစဉ်

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် လှော်ကားလမ်းမကြီးနံဘေးတွင် ဂျပန်နိုင်ငံ JFE ကုမ္ပဏီက တည်ဆောက်နေသော ရန်ကုန်မြို့၏အမှိုက်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မည့်စက်ရုံကြီးမှာ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ရာ ခံ့ထည်စွာဖြင့် နေရောင်အောက်တွင် ဝင့်ကြွားတောက်ပလျက်ရှိသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ YCDC နှင့် ဂျပန်နိုင်ငံတို့ပူးပေါင်းဆောင်ရွက်သော စက်ရုံကြီးမှာ ရန်ကုန်မြို့၏ နေ့စဉ်စွန့်ပစ်နေသော အမှိုက်ပြဿနာကို ကောင်းမွန်သောနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်သော နည်းလမ်းတစ်ခုလည်း ဖြစ်သည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလက စတင်တည်ဆောက်ခဲ့သောစက်ရုံကြီးမှာ ယခုအခါ လိမ္မော်ရောင်ဝတ်စုံတို့ဖြင့် လုပ်ငန်းခွင်ဝင်ရောက်နေသောအလုပ်သမားတို့ဖြင့် သက်ဝင်လှုပ်ရှားလျက်ရှိသည်။ Yangon Waste to Energy စက်ရုံကို နောက်ဆုံးပေါ် အဆင့်မြင့်နည်းပညာဖြစ်သော သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသည့် Stoker ပုံစံဖြင့် အမှိုက်များကို လောင်ကျွမ်းသည့်စနစ်ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ ရန်ကုန်မြို့နေ လူဦးရေ၏နှစ်သိန်းခန့်က စွန့်ပစ်လိုက်သောအမှိုက်များကို WHO ၏ အခြေခံစံနှုန်းများအတိုင်း ဆောင်ရွက်လျက် အမှိုက်လောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော အပူကိုအသုံးချ၍ လျှပ်စစ်ဓာတ်အားကိုထုတ်လုပ်ပေးမည့် စက်ရုံဖြစ်သည်။ နေ့စဉ် တန် ၆၀ ပမာဏရှိသည့် စွန့်ပစ်အမှိုက်များကို အသုံးပြုမည်ဖြစ်ပြီး တန် ၁၈၀ အမှိုက်များကိုထားရှိရန် အမှိုက်သိုလှောင်ရုံကိုလည်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✻

## အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲ မြန်မာပိုက်ကျော်ခြင်းအသင်း ရွှေတစ်ခု၊ ငွေတစ်ခု ဆွတ်ခူး

**ရန်ကုန် စက်တင်ဘာ ၂၇**

ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ကျင်းပလျက်ရှိသည့် ငါးကြိမ်မြောက် အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲ၏ သဲသောင်ပြင် ပိုက်ကျော်ခြင်း သုံးယောက်တွဲ ဗိုလ်လုပွဲများကို ယနေ့နံနက်ပိုင်းကကျင်းပရာ မြန်မာပိုက်ကျော်ခြင်းအသင်း ရွှေတစ်ခု၊ ငွေတစ်ခု ဆွတ်ခူးရရှိခဲ့သည်။

အမျိုးသားဗိုလ်လုပွဲတွင် မြန်မာအသင်းသည် လာအိုအသင်းနှင့်တွေ့ဆုံခဲ့ပြီး နှစ်ပွဲပြတ်အနိုင်ယူကာ ရွှေတံဆိပ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် လာအိုကို အုပ်စုတွင်းတွေ့ဆုံစဉ်က နှစ်ပွဲပြတ် အနိုင်ရခဲ့သော်လည်း ယခုပွဲတွင် လာအိုအသင်း၏ ရုန်းကန်မှုကြောင့် ခက်ခက်ခဲခဲကစားခဲ့ရပြီး ၂၅-၂၃ မှတ်၊ ၂၁-၁၈ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးဗိုလ်လုပွဲတွင် မြန်မာအသင်းသည် ၂၁-၉ မှတ်၊ ၂၁-၁၅ မှတ်ဖြင့် နှစ်ပွဲပြတ် ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပြီး ငွေတံဆိပ်ဖြင့်သာ ကျေနပ်ရသည့် မြန်မာ အမျိုးသားပိုက်ကျော်ခြင်းအသင်း ရယူပေးခဲ့သည့် ရွှေတံဆိပ်ဆုမှာ မြန်မာနိုင်ငံအတွက် ယခုပြိုင်ပွဲတွင် ပထမဆုံးရရှိခဲ့သည့် ရွှေတံဆိပ်ဖြစ်ခဲ့သည်။ အောင်ပွဲရ မြန်မာပိုက်ကျော်ခြင်းအသင်းသည် လေးယောက်တွဲပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ယခုပြိုင်ပွဲတွင် အားကစားနည်းနှစ်မျိုးဖြင့် ယှဉ်ပြိုင်နေခြင်းဖြစ်သည်။

**ဖိုးသော်ဇင်**

## မန္တလေး-မြစ်ကြီးနား ရထားလမ်းပေါ် ရထားစက်ခေါင်းလမ်းချော်ပြန်

**အင်းတော် စက်တင်ဘာ ၂၇**

စက်တင်ဘာ ၂၇ ရက် နံနက် ၇ နာရီခန့်က စက်ခေါင်းမောင်း ဦးသက်ကိုကို၊ လက်ထောက်စက်ခေါင်းမောင်း ဦးဇော်မင်းဦးတို့မောင်းနှင်လာသော စက်ခေါင်းအမှတ် DD-968 မြစ်ကြီးနား-မန္တလေး အမှတ်-၄၄ အစုန် ပါဆယ်ရထားသည် ကသာခရိုင် ဝန်းသိုမြို့နယ် ဂျိုးထောင်နှင့် နမ်းခမ်းဘူတာကြား မိုင်တိုင်အမှတ် (၅၅၂/၁၇-၁၈) ကြားတွင် လမ်းချော်မှုဖြစ်ပွား၍ သံလမ်းပေါ်၌ ကန့်လန့်အနေအထား ဖြစ်သွားခဲ့သည်။

အဆိုပါဖြစ်ပွားမှုကြောင့် လက်ထောက်စက်ခေါင်းမောင်း ဦးဇော်မင်းဦးမှာ ညာဒူးခေါင်းလည်သွားမှုကြောင့် ဂျိုးထောင် နာရေးကူညီမှုအသင်းယာဉ်ဖြင့် ကောလင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားကြောင်း၊ အခင်းဖြစ်နေရာသို့ တာဝန်ရှိသူများ သွားရောက်ပြုပြင်ဆောင်ရွက်လျက်ရှိပြီး ရထားလမ်းပိုင်းပြင်ဆင်ပြီးစီးချိန်နှင့် လမ်းအဆက်အသွယ် ရရှိချိန် များကို အချိန်နှင့်တစ်ပြေးညီ ကြေညာသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားဌာနမှ သိရသည်။

အဆိုပါ မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်း ကသာခရိုင် အင်းတော်နှင့် နဘားဘူတာအကြား၌ စက်တင်ဘာ ၂၄ ရက် နံနက်ကလည်း အမှတ်(၄၁) အဆန် ဒုတိယအမြန် ရထားစက်ခေါင်းလမ်းချော်၍ တံတားအောက်သို့ ထိုးကျမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**


အမှတ်-၄၄ အစုန် ပါဆယ်မီးရထားစက်ခေါင်းလမ်းချော်၍ သံလမ်းပေါ်၌ ကန့်လန့်အနေအထားဖြစ်သွားစဉ်

